စာအုပ်ရေစို၊ စုတ်ပြဲ၊ ပျောက်ဆုံးပါက
တန်ဖိုးပေးလျော်ရမည်။
တန်ဖိုးကျပ် [illegible]

တက္ကသိုလ်

# နေလင်းအောင်

## ငွေရောင်ဝံပုလွေနှင့်ဖ-ရက်ဖ-လ

ဒုတိယပိုင်း-ဇာတ်သိမ်း

(၄)

လုံဆင်ပိသည် သက်ပြင်းရှည်တစ်ချက် မှုတ်ထုတ်လိုက်လေသည်။

အခန်းတစ်ခုလုံးသည် ငြိမ်သက်ထိတ်ဆိတ်၍နေသဖြင့် သူ၏သက်ပြင်းချသံသည် ကျယ်လောင်သွားသည်ဟု ထင်မှတ်ရပေသည်။

နေရောင်ကွယ်ပျောက်ပြီဖြစ်၍ ဝန်းကျင်တစ်ခုလုံးသည် မှောင်မည်း၍ လာလေသည်။

စုမာရှဲသည် ငါးကြီးဆီမီးအိမ်အား ထွန်းညှိလိုက်လေသည်။ ဝါကြန့်ကြန့်မီးရောင်သည် အခန်းတစ်ခုလုံးအား ဝါကြန့်သောအလင်းရောင်ဖြင့် လင်းနေစေသည်။

သူတို့သည် စားပွဲတစ်လုံးတွင် ဝိုင်း၍ထိုင်နေကြသည်။ စားပွဲပေါ်တွင် စားသောက်စရာများ ရှိသည်။ သို့သော် မည်သူမျှ စားသောက်ရန် စိတ်ဝင်စားပုံမရချေ။

ငေ့ခုံးခုံးသည် တစ်ချက်ပြုံးလိုက်ပြီး ...

"ကဲ ... ကျုပ်တို့ဒီအတိုင်း ထိုင်နေမယ့်အစား စားပွဲပေါ်မှာရှိတဲ့ စားသောက်ဖွယ်ရာတွေအပေါ် စိတ်ဝင်စားရင် ကောင်းမယ်ထင်တယ်"

သူသည် ယင်းသို့ပြောလိုက်ရင်း စားပွဲပေါ်မှ စားသောက်စရာများကို စတင်လှမ်းယူလိုက်လေသည်။ စုမာရှဲ့သည် သူ၏ ဦးခေါင်းကို တစ်ချက်ညိတ်လိုက်ပြီး ...

"ဟုတ်တယ် ... အခုအချိန်မှာတော့ ကျုပ်လည်း ရောင်စုံနတ်ဖျိုင်းထက် ဝါးရွက်စိမ်းအရက်ကို စိတ်ဝင်စားသင့်တယ်"

ဟုပြောကာ အရက်ခွက်ကို လှမ်း၍ယူလိုက်လေသည်။ ထန်အဘိုးအိုနှင့် ထန်ကြို့ချမ်တို့သည်လည်း စားစရာများကို စတင်လှမ်းယူလိုက်ကြလေသည်။

သို့သော် လုံဆင်ဝိသည် ယခုတိုင် စားပွဲပေါ်မှ စားသောက်စရာများကို စိတ်ဝင်စားပုံမပြချေ။

သူသည် ထိုင်ရာမှထလိုက်ပြီး ပြတင်းပေါက်ရှိရာသို့ လျှောက်သွားလေသည်။

သူ၏စိတ်ထဲ၌ စားသောက်ချင်စိတ် လုံးဝမရှိချေ။ သူ၏ရင်တွင်း၌ ထန်ကြို့ချင်းအား တွေ့ချင်စိတ်သာ ပြင်းပြ၍နေသည် မဟုတ်ပါလော။

ညစာသည် တိတ်ဆိတ်စွာပင် ပြီးဆုံးခဲ့ပြီဖြစ်သည်။



သို့တိုင်အောင် မည်သူမျှ စားပွဲမှမထသေးပါ။

ထို့နည်းတူစွာ လုံဆင်ဝိသည်လည်း ပြတင်းပေါက်၌ ရပ်နေဆဲဖြစ်ပါသည်။

ကျန့်ချဲ့ခို၏အလောင်းသည်လည်း ကုလားထိုင်ပေါ်တွင် ရှိနေဆဲ ဖြစ်ပါသည်။

အတန်ကြာမှ လုံဆင်ဝိသည် စားပွဲဝိုင်းဘက်သို့ မျက်နှာမူလိုက်ပြီး ...

"ကျုပ်တို့ ထန်ကြို့ချင်းကို တွေ့ဖို့အတွက် တုထိကျန်းကို တွေ့အောင် ရှာရမယ်၊ တုထိကျန်းကိုတွေ့ဖို့က စူးတချူကို တွေ့မှ ဖြစ်မယ်"

ဝေ့ခုံးခုံးသည် သူ၏ ဦးခေါင်းကို ညိတ်၍ သဘောတူကြောင်း ပြလိုက်ပြီး ...

"ထန်ကြို့ချင်းကို တွေ့မှပဲ ကျန့်ဗွားချိုးဟာ ဘာဖြစ်လို့ ထန်အမျိုးအနွယ်ကို နှောင့်ယှက်တယ်ဆိုတာ သိရမှာပဲ"

ထန်ကြို့ချမ်သည် ဒေါသတကြီးဖြင့် စားပွဲအား လက်ဝါးဖြင့် တစ်ချက်ပုတ်လိုက်ပြီး ...

"ထန်အမျိုးအနွယ်ကိုနှောင့်ယှက်ရင် ဘယ်လို အပြစ်မျိုးရတယ်ဆိုတဲ့ သင်ခန်းစာတော့ ကျုပ် ကောင်းကောင်းပေးရလိမ့်မယ်"

ထန်အဘိုးအိုသည် မျက်စောင်းထိုး၍ကြည့်ရင်း ...

"မင်းက သင်ခန်းစာပေးဖို့ နေနေသာသာ မင်းညီမကိုပဲ တွေ့အောင်ရှာဦးလေ၊ ငါမပြောချင်ဘူး"

စုမာရှဲ့သည် သူတို့နှစ်ယောက်အား လက်ကာပြလိုက်ပြီး–

"ကဲပါ ... ကျုပ်တို့ ရှေ့ကို ဘာဆက်လုပ်မယ်ဆိုတာပဲ ပြောကြရအောင်"

ဟု ဝင်၍စကားဖြတ်လိုက်သည်။ လုံဆင်ပိသည် ပြတင်းပေါက်မှ သူတို့ရှိရာ လျှောက်လာရင်း ...

"ကျုပ် တစ်ခုစဉ်းစားမိတယ်"

ထန်ကြို့ချွမ်သည် လုံဆင်ပိအား မျက်လုံးပြူးကြည့်လိုက်သည်။

"ဘာကိုလဲ"

လုံဆင်ပိသည် သူ၏ နှုတ်ခမ်းကို တစ်ချက်ကိုက်လျက် ...

"စူးတချူမှာ ချစ်သူတစ်ယောက် ရှိတယ်"

ထန်ကြို့ချွမ်သည် သူ၏နှာခေါင်းကို တစ်ချက်ပွတ်လိုက်ပြီး ...

"ဘာလဲ ... မင်းက စူးတချူရဲ့ရည်းစားကို ကြာခိုမလို့လား"

ထန်အဘိုးအိုသည် စားပွဲကို လက်ဖြင့် ရိုက်လိုက်ပြီး ...

"ဟေ့ကောင် ... မင်း သူများစကားပြောရင် ဝင်ဝင်ပြီးတော့



မပြောနဲ့လို့ပြောတာ မရဘူးလား"

ဟု အော်ငေါက်လိုက်သည်။ လုံဆင်ပိ၏မျက်နှာသည် တစ်ချက်နီရဲသွားပြီး ...

"ဒီမှာ ထန်ကြို့ချွမ် ... မင်းဟာ မင်းရဲ့ညီမ ပျောက်နေလို့ စိတ်တိုနေမှန်း ငါသိတယ်၊ ငါတို့လည်း မင်းတို့နဲ့ ထပ်တူထပ်မျှ စိတ်မကောင်းဖြစ်နေတယ်ဆိုတာ နားလည်စမ်းပါ"

စုမာရှဲ့သည် လက်ကာ၍ ပြလိုက်သည်။

"လုံဆင်ပိ ... မင်း ပြောမှာသာ ပြောစမ်းပါ"

လုံဆင်ပိသည် သက်ပြင်းတစ်ချက် ချလိုက်ရင်း ...

"စူးတချူရဲ့အကြောင်းကို အဲဒီမိန်းကလေးဆီမှာ စုံစမ်းကြည့်ဖို့ပဲ"

ဝေ့ခုံးခုံးသည် ဦးခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ...

"နေပါဦး လုံဆင်ပိရဲ့ ... မင်းက စူးတချူရဲ့ကောင်မလေး ဘယ်မှာနေတယ်ဆိုတာ သိလို့လား"

လုံဆင်ပိသည် သူ၏ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြလိုက်သည်။

ဝေ့ခုံးခုံးသည် သူ၏ လက်ဝါးနှစ်ဖက်ကို ပွတ်လိုက်ရင်း

"ဒါဖြင့် ကျုပ်တို့ ဘာလို့ ဒီမှာ ထိုင်နေကြမှာလဲ"

ဟု ပြောလိုက်လေသည်။

ထိုစဉ် အခန်းတံခါးသည် ရုတ်တရက် ပွင့်ဟသွားပြီး အဖြူရောင် လူရိပ်တစ်ခု ဖြည်းညင်းစွာ ဝင်ရောက်လာလေသည်။

✵

အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသော မိန်းကလေးတစ်ဦးပင် ဖြစ်ပါသည်။

သူမသည် အခန်းထဲရှိ လူ (၅) ယောက်ကို မျက်လုံးပြူး၍ ကြည့်နေသည်။

ထို့နောက် အခန်းအလယ်၌ရှိသော ကျန့်ချဲ့ခိုကို တစ်ချက် ကြည့်လိုက်သည်။

သူမ၏ မျက်လုံးများသည် ဒေါသကြောင့် နီရဲလာသည်ဟု ထင်ရသည်။

သူမ၏ခန္ဓာကိုယ်တစ်ခုလုံးသည်လည်း တုန်ယင်လာလေသည်။ ထို့နောက် သူမသည် ဒေါသဖြင့် တုန်ယင်သောအသံဖြင့်...

"ရှင် ... ရှင် ... ရှင်တို့ကို ကျွန်မသတ်မယ်"

ဟု အော်ဟစ်လိုက်ပြီး ဝေ့ခုံးခုံးထံ တစ်ဟုန်ထိုး ပြေးဝင်သွားလေတော့သည်။



ဝေ့ခုံးခုံးသည် သူမ၏လက်များကို ဖမ်း၍ချုပ်ထားလိုက်လေသည်။

သူမသည် ကျားရဲတစ်ကောင်ကဲ့သို့ ဝေ့ခုံးခုံး၏ လက်ထဲ၌ ရုန်းကန်လှုပ်ရှားနေလေသည်။

အတန်ကြာမျှ ရုန်းကန်လှုပ်ရှားနေပြီးနောက် ရုတ်တရက် ရပ်တန့်လိုက်လေသည်။

ထို့နောက်မှ ဝေ့ခုံးခုံး၏ရင်ခွင်ထဲသို့ မျက်နှာကိုဝှက်ကာ ကလေးငယ်တစ်ယောက်ကဲ့သို့ ငိုကြွေးနေလေတော့သည်။

ဝေ့ခုံးခုံးသည် သူမအား အလိုက်သင့် ပွေ့ဖက်ထားရင်း နှစ်သိမ့်နေလေသည်။

ဝေ့ခုံးခုံးသည် မိန်းကလေးအား နှစ်သိမ့်ရင်း သူ၏ရင်ထဲ၌ မဖော်ပြနိုင်သော လွမ်းဆွေးဖွယ်ရာခံစားချက်တစ်ရပ်ကို ရုတ်တရက် ခံစားလိုက်ရလေသည်။

လုံဆင်ဝိသည် မိန်းကလေးငိုကြွေးနေဟန်ကိုကြည့်ရင်း သူ၏ အသည်းနှလုံးအား ချွန်ထက်သောဓားကလေးဖြင့် ထိုးဆွခြင်း ခံရသကဲ့သို့ ထင်လိုက်မိပေသည်။

မိန်းကလေးသည် အတန်ကြာမျှ ငိုကြွေးနေလေသည်။ ပြီးမှ သူမသည် လုံဆင်ဝိတို့အား တစ်ချက်စီ ကြည့် လိုက်ရင်း ...

"ရှင် ... ရှင်တို့ သူ့ ... သူ့ကို ဘာဖြစ်လို့သတ်ရတာလဲဟင်"

ဟု တုန်ယင်နေသောအသံဖြင့် မေးလိုက်လေသည်။

ထန်အဘိုးအိုသည် မိန်းကလေးထံသို့လျှောက်လာပြီး မိန်းကလေး၏လက်နှစ်ဖက်အား အသာအယာ ဆွဲယူလိုက်လေသည်။

ထို့နောက် မိန်းကလေးအား ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်စေပြီး နှစ်လိုဖွယ်ရာ ပြုံးပြလိုက်လေသည်။ ပြီးမှ ...

"ကလေးမ ... အဘတို့ ကျန့်ချွဲ့ခိုကို မသတ်ဘူး"

မိန်းကလေးသည် ထန်အဘိုးအိုအား မော့၍ မျက်လုံးပြူးကြည့်ရင်း ...

"ဒါဖြင့် ... သူက ဘာလို့ သေနေတာလဲ"

ထန်အဘိုးအိုသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"အဘိုးတို့လည်း အဲဒါကို သိချင်နေတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ အဘတို့ရောက်လာတော့ သူဟာ သေနေပြီ"

မိန်းကလေးသည် သူတို့အား တစ်လှည့်စီကြည့်လိုက်ပြီးမှ...

"ရှင် ... ရှင်တို့ ညာနေတာ"

ဝေ့ခုံးခုံးသည် အသာအယာ ပြုံးလိုက်ပြီး ...

"ကျုပ်တို့ မညာပါဘူး၊ ကျုပ်တို့ဟာ ကျန့်ချွဲ့ခိုရဲ့ မိတ်ဆွေတွေပါ"

စုမာရှဲ့သည် နှစ်လိုဖွယ်ရာ ပြုံးပြလိုက်ရင်း ...

"ဟုတ်ပါတယ်၊ ကျုပ်တို့ဟာ သူ့ရဲ့ မိတ်ဆွေတွေပဲ။ သူက



ကျုပ်တို့ကို အရေးကြီးတဲ့ကိစ္စ တိုင်ပင်ချင်တယ်ဆိုလို့ လာခဲ့တာပဲ"

မိန်းကလေးသည် တစ်ခဏကြာမျှ တွေဝေ၍ သွားလေသည်။ ပြီးမှ သူတို့အား လက်ညှိုးဖြင့် ထိုးလိုက်ရင်း ...

"ရှင်တို့ပြောတာ အမှန်ပဲလား"

ဝေ့ခုံးခုံးသည် ဦးခေါင်းကိုငြိမ့်လျက် ...

"အမှန်ပဲ"

မိန်းကလေးသည် တစ်စုံတစ်ခုအား စဉ်းစားဟန်ပြုလိုက်ပြီးမှ သူမ၏ လက်ညှိုးကို စားပွဲခုံပေါ်သို့ ထောက်လိုက်သည်။

ထို့နောက် ...

"ရှင် ကျိန်ပြောရဲပါ့မလား"

ဟု မေးလိုက်သည်။ ဝေ့ခုံးခုံးသည် သူ၏လက်ညှိုးကို စားပွဲပေါ်သို့ထောက်လိုက်ပြီး ...

"ကျုပ် ကျိန်ပြောရဲတယ်"

ဟု ပြောလိုက်လေသည်။ မိန်းကလေးသည် မျက်ရည်များကြားမှ ပြုံးလိုက်ပြီး ...

"ဒါဆို ရှင်တို့ သူ့ကိုသတ်တဲ့လူကို ဘာဖြစ်လို့ မရှာသေးတာလဲ"

ဟု မေးလိုက်လေသည်။ ဝေ့ခုံးခုံးသည် သူ၏မျက်ခုံးမွေးအား ပင့်တင်လိုက်ပြီး လုံဆင်ပိကို လှမ်း၍ကြည့်လိုက်လေသည်။

လုံဆင်ဝိသည် ပြုံးလိုက်ပြီး ...

"ကျုပ်တို့လည်း လိုက်ပြီး စုံစမ်းမလို့ဘဲ ... ဒါပေမဲ့"

မိန်းကလေးသည် မျက်မှောင်ကြုတ်လိုက်ပြီး ...

"ဒါပေမဲ့ ဘာဖြစ်လဲ"

လုံဆင်ဝိသည် ပြုံးရင်း ...

"ဘယ်ကစပြီး စုံစမ်းရမှန်း မသိလို့ပေါ့"

ထိုစဉ် ထန်အဘိုးအိုသည် မိန်းကလေးအား ပြုံးလျက်ကြည့်ရင်း ...

"ဒါနဲ့ စကားမစပ် မိန်းကလေးက ဘယ်သူလဲ"

မိန်းကလေးသည် ကျန့်ချဲ့ခို၏ အလောင်းအား တစ်ချက်မျှလှမ်း ကြည့်လိုက်ပြီး ...

"ကျန့်ချဲ့လီ ... သူ့ရဲ့ညီမပဲ"

သူတို့အားလုံး၏ မျက်လုံးများသည် အံ့သြဟန်ပေါ်လွင်၍လာလေသည်။

သူတို့သည် သိုင်းလောကသားများ ဖြစ်ကြသည်။

သိုင်းလောကသားတိုင်းသည် သတင်းရောင်းဝယ် ပြုလုပ်သော ကျန့်ချဲ့ခိုလိုလူစားမျိုးဖြင့် ဆက်ဆံကြရသည်။

ထို့ကြောင့် သူတို့သည် ကျန့်ချဲ့ခိုအား သိကျွမ်းခဲ့သည်။ သို့သော် ယခုကဲ့သို့ ကျန့်ချဲ့ခို၌ ညီမတစ်ယောက်ရှိမှန်း မသိခဲ့ကြချေ။



ထို့ကြောင့် သူမက ကျန့်ချဲ့ခို၏ညီမဟု ပြောလိုက်သောအခါ သူတို့အားလုံး၏မျက်လုံးများမှာ ဝိုင်းစက်ပြူးကျယ်သွားရခြင်းဖြစ်လေသည်။

*

## (၄)

ကျန့်ချဲ့လီ ...

သူမသည် မျက်ရည်စများကို လက်ခုံဖြင့် သုတ်လိုက်ပြီး...

"ကျွန်မဆီကို လွန်ခဲ့တဲ့ (၁၅) ရက်လောက်က စာတစ်စောင် ရောက်လာတယ်"

ဝေခုံးခုံးသည် သူမ၏လက်ကို အသာအယာ ကိုယ်လိုက် ရင်း ...

"ကျန့်ချဲ့ခို ရေးလိုက်တာလား"

ကျန့်ချဲ့လီသည် သူမ၏ ဦးခေါင်းကို ညိတ်ပြလိုက်ရင်း ...

"ဟုတ်တယ် ... ကျွန်မအစ်ကိုက ရေးလိုက်တဲ့စာပဲ"

စုမာရှဲ့သည် သူ၏နှာခေါင်းကို တစ်ချက်ပွတ်လိုက်ပြီး ...

"ကျန့်ချဲ့ခိုက စာထဲမှာ ဘာတွေရေးထားတာလဲ"

ကျန့်ချဲ့လီသည် စုမာရှဲ့အား လှည့်၍ကြည့်လိုက်ပြီး ...

"ထွေထွေထူးထူး ဘာမှ ရေးမထားဘူး၊ သူဟာ မကြာမီ ချမ်းသာတော့မယ့် အကြောင်း၊ ပြီးတော့ သူ့ဆီကို ကျွန်မလိုက်လာဖို့ အကြောင်းပဲ ပါတယ်"



လုံဆင်ပိသည် မျက်မှောင်ကုတ်လိုက်ရင်း ...

"ကျန့်ချဲ့ခိုက ဘာပွပေါက်များ တွေ့နေလို့လဲ"

ကျန့်ချဲ့လီသည် လုံဆင်ပိဘက်သို့ လှည့်လိုက်ပြီး သူမ၏ ဦးခေါင်းကို ခါရမ်းလျက် ...

"သူ့စာထဲမှာ သူဟာ မကြာခင် ချမ်းသာတော့မယ်လို့ပဲ ရေးထားတယ်၊ ဘာကြောင့် ချမ်းသာတော့မယ်ဆိုတာတော့ ရေး မထားဘူး"

ထန်ကြို့ချွမ်သည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"ကျန့်ချဲ့ခိုဟာ ကျန့်ဝှားချီးရဲ့ လျှို့ဝှက်ချက်တွေကို သိသွား လို့ ထင်တယ်"

ဝေခုံးခုံးသည် သူ၏ဦးခေါင်းကို တဆတ်ဆတ် ညိတ်လိုက် ရင်း ...

"အင်း ... မင်းပြောတာ ဖြစ်နိုင်တယ်"

ထန်အဘိုးအိုသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"ဒီအတိုင်းဆိုရင်တော့ ကျန့်ဝှားချီးရဲ့အတွင်းမှာ ပြင်းထန် တဲ့ အပြောင်းအလဲတော့ ရှိနေမှာ အမှန်ပဲ"

လုံဆင်ပိသည် ထန်အဘိုးအို၏စကားကို ထောက်ခံသော အနေဖြင့် သူ၏ ဦးခေါင်းကို ညိတ်လိုက်ပြီး ...

"ကျန့်ချဲ့ခိုရဲ့ ပွပေါက်ဟာ ကျန့်ဗ္ဗားချိုးနယ်ရဲ့ ပြောင်းလဲမှုနဲ့ တစ်နည်းနည်း သက်ဆိုင်နေတယ်"

စုမာရှဲ့သည် သူ၏ လက်ဝါးနှစ်ဖက်ကို ပွတ်လိုက်ပြီး ထိုင်ရာမှ ထလိုက်လေသည်။

ထို့နောက် အခန်းအား တစ်ချက်ဝေ့ကြည့်လိုက်ပြီး ထိုင်ရာမှ ထလိုက်လေသည်။

ထို့နောက် စာအုပ်စင်ပေါ်မှ စာအုပ်တစ်အုပ်ကို ဆွဲယူလိုက်လေသည်။

ထိုစဉ် စာအုပ်ကြားမှ စာရွက်တစ်ရွက်သည် ကြမ်းပေါ်သို့ ကျသွားလေသည်။

စုမာရှဲ့သည် ကြမ်းပေါ်မှစာရွက်ကို ကောက်ယူလိုက်သည်။ ထို့နောက် မီးအိမ်ရှိရာသို့ လျှောက်သွားပြီး စာရွက်အား ဖြန့်ဖတ်လိုက်လေသည်။

စုမာရှဲ့၏မျက်ခုံးမွေးတစ်စုံသည် နိမ့်ကျလာသည့်တိုင်အောင် မျက်မှောင်ကြုတ်လိုက်လေသည်။

ပြီးမှ သူသည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး ...

"ကျုပ် ဗေဒင်သွားမေးလိုက်ဦးမယ်"

ဟုပြောရင်း အခန်းထဲမှ ထွက်သွားလေတော့သည်။ လုံဆင်ပိတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ပြီး



တစ်ယောက်ကိုတစ်ယောက် ပခုံးတွန့်ပြလိုက်လေတော့သည်။

သူတို့သည် ဗေဒင်လက္ခဏာကို ယုံကြည်ကြသူများ မဟုတ်ချေ။ အထူးသဖြင့် စုမာရှဲ့သည် ဗေဒင်ကိစ္စရပ်များနှင့်ဆိုင်လျှင် ခါးခါးသီးသီး ငြင်းဆန်သူတစ်ဦး ဖြစ်ပါသည်။

အပျင်းပြေ ဗေဒင်ကြည့်ရန်ပင် ဝါသနာမပါသူ ဖြစ်သည်။ သို့သော် ယခု စုမာရှဲ့သည် ဗေဒင်ကြည့်ရန်ထွက်ခွာသွားပြီဖြစ်သည်။

ပျောက်သောသူ ရှာလျှင်တွေ့ဟူသော ဆိုရိုးစကားရှိသော်လည်း ရှာမတွေ့အောင်ပင် ပျောက်ဆုံးနေပြီဖြစ်သော ထန်ကြို့ချင်းအား တွေ့ရန် စုမာရှဲ့သည် ဗေဒင်ကိစ္စရပ်များကို စိတ်ဝင်စားလာခြင်းလော။

မည်သို့ပင်ဆိုပါစေ ယခုကဲ့သို့ စုမာရှဲ့ ဗေဒင်မေးရန် သွားခြင်းမှာ အကြောင်းတစ်စုံတစ်ရာ ရှိရမည်ဟု လုံဆင်ပိ ယုံကြည်ပေသည်။

ထို့ကြောင့် သူသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"ကျုပ်လည်း ဗေဒင်လိုက်မေးလိုက်ဦးမယ်"

ဟု ပြောရင်း အခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

ထန်အဘိုးအိုကမူ ကျန့်ချဲ့ခို အသတ်ခံရခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာအာဏာပိုင်များထံ တိုင်ကြားသတင်းပို့ရန် ကျန့်ချဲ့လီနှင့်အတူ ထွက်ခွာသွားလေသည်။

ရာသီဥတုသည် အေးစိမ့်လျက် ရှိသည်။ ညဖြစ်၍ အအေးဓာတ်သည် ပို၍လွန်ကဲနေသည်။

မထင်မှတ်ဘဲ ရွာသွန်းလာသော မိုးဖွဲကလေးများသည် အအေးဓာတ်ကို ပို၍အေးစိမ့်စေရန် အားပေးသကဲ့သို့ ဖြစ်နေသည်။

မိုးဖွဲကလေးများသည် ရွာသွန်းနေသော်လည်း လမ်းသည် ဗွက်ထ၍ မနေပါ။ စုမာရှဲ့သည် မိုးဖွဲကလေးများကြား၌ လမ်းလျှောက်နေသည်။

ယင်းသို့လမ်းလျှောက်ရင်း သူ၏စိတ်ထဲ၌ ယခုညသည် အေးစိမ့်သည်ဟု ခံစားလိုက်ရသည်။

ထို့ပြင် သူ၏နှာခေါင်းသည်လည်း သွေးညှီနံ့ကို ခံစားရသည်ဟု စိတ်ထဲ၌ ထင်မှတ်မိလိုက်သည်။

အထူးသဖြင့် ဗေဒင်ဆရာ ဝူးလုကျန့်၏အိမ်ရှေ့၌ ရပ်လိုက်သောအခါ သွေးညှီနံ့သည် ပို၍ရလာသည်ဟု ခံစားလိုက်ရလေသည်။

အခန်းတွင်း၌ နွေးထွေးနေသည်။ ဝူးလုကျန့်ရင်ထဲ၌ အေးစိမ့်၍နေသည်။ သူသည် စုမာရှဲ့အခန်းထဲသို့ ဝင်ရောက်လာသည်နှင့် တစ်ပြိုင်တည်း ယင်းသို့ခံစားလိုက်ရခြင်း ဖြစ်ပါသည်။

အခန်းသည် အသင့်အတင့်ကျယ်ဝန်းသော အခန်းဖြစ်ပါသည်။

သို့သော် ဝူးလုကျန့်၏ စိတ်ထဲ၌ လူသေခေါင်းတစ်ခုကဲ့သို့



ကျဉ်းကျပ်နေသည်ဟု ခံစားလိုက်ရလေသည်။

သူသည် အခန်းအလယ်ရှိ စားပွဲဝိုင်း၌ ငြိမ်သက်စွာ ထိုင်နေသည်။

သို့သော် သူ၏စိတ်များသည် ပင်လယ်ဒီရေများကဲ့သို့ လှုပ်ရှားရိုက်ခတ်နေသည်။ သူသည် စုမာရှဲ့အား စိုက်ကြည့်နေသည်။

စုမာရှဲ့သည် အခန်းအား ဝေ့၍ကြည့်နေသည်။ အတန်ကြာမှ သူသည် ဝူးလုကျန့်၏ရှေ့၌ ဝင်၍ ထိုင်လိုက်ပြီးမှ ...

"ဗေဒင်မေးမလို့"

ဟု အေးစက်စွာပြောလိုက်သည်။ ဝူးလုကျန့်သည် သက်ပြင်းတစ်ချက်ကို မသိမသာ ချလိုက်သည်။

"မနက်မှ ကျုပ်နဲ့ လာတွေ့ပါ"

စုမာရှဲ့သည် သူ၏ နှုတ်ခမ်းကို တစ်ချက်မဲ့ပြုံးကလေး ပြုံးလိုက်ပြီး ...

"ကျုပ်ကို တစ်ခွန်း နှစ်ခွန်းပဲ ဟောပါ"

ဝူးလုကျန့်သည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ရင်း–

"ကဲ ... ခင်ဗျားရဲ့ မွေးနေ့ သက္ကရာဇ်ကို ပြောပါ"

"စုမာရှဲ့သည် သူ၏ ဦးခေါင်းကို ခါယမ်းလိုက်ပြီး ...

"လိုမယ် မထင်ပါဘူး"

ဝူးလုကျန့်သည် သူ၏ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်ပြီး ...

"ဒါဆို ကျုပ် ဘယ်လို ဟောနိုင်မှာလဲ"

စုမာရှဲ့သည် ပြုံးရင်း သူ၏ အိတ်ထဲမှ ငွေစတစ်ချို့ကို နှိုက်ယူလိုက်လေသည်။ ထို့နောက် စားပွဲပေါ်သို့ တင်လိုက်ပြီး ...

"ဉာဏ်ပူဇော်ခ ဒီလောက်ဆိုရင်တော့ ခင်ဗျား ဟောနိုင်လိမ့်မယ် ထင်တယ်"

ဝူးလုကျန့်သည် သူ၏ ဦးခေါင်းကို ခါယမ်းလျက် ...

"ဘာလို့ ခင်ဗျား ဒီမှာလာပြီး အချိန်ဖြုန်းနေတာလဲ"

စုမာရှဲ့သည် ပြုံးလျက် ...

"ကျန့်ချဲ့ခိုက လွှတ်လိုက်လို့ပါ"

ယင်းစကားကို ကြားသည်နှင့် ဝူးလုကျန့်၏မျက်နှာသည် ဖြူဖွေး၍ သွားလေသည်။

ပြီးမှ ဝူးလုကျန့်သည် သူ၏ဦးခေါင်းကို ဘယ်ညာခါယမ်းရင်း ...

"ဘယ်က ကျန့်ချဲ့ခိုလဲ ... ကျုပ်မသိဘူး"

စုမာရှဲ့သည် မထေ့တထေ့ကလေး ရယ်မောလိုက်ပြီး ...

"ဒါဆို ခင်ဗျားမှာ အသက်အန္တရာယ်နဲ့ နီးနေပြီလို့ ကျုပ်ဟောနိုင်တယ်"

ဟု ပြောလိုက်သည်။

ဝူးလုကျန့်၏မျက်နှာသည် သွေးဆုတ်သွားသကဲ့သို့ ဖြူဖပ်



ဖြူရော်ဖြစ်သွားလေတော့သည်။

စုမာရှဲ့သည် စားပွဲပေါ်သို့ လက်ထောက်လိုက်ပြီး အေးစက်သောလေသံဖြင့် ...

"ကျန့်ဝှားချိုးနယ် ဘယ်မှာရှိသလဲ"

ဟု မေးလိုက်လေသည်။ ဝူးလုကျန့်သည် သူ၏ နဖူးပေါ်မှ ချွေးစများကို လက်ကိုင်ပဝါ ဖြင့်သုတ်ရင်း ...

"ကျုပ် မသိဘူး"

စုမာရှဲ့သည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ရင်း ထိုင်ရာမှ ထလိုက်သည်။

ထို့နောက် စားပွဲ၌တင်ထားသော ငွေစများကို ပြန်၍ ယူလိုက်ပြီး ...

"ကျုပ်မပြန်ခင် ခင်ဗျားကို တစ်ခု ဟောလိုက်ဦးမယ်"

ဝူးလုကျန့်သည် စုမာရှဲ့အား မျက်လုံးပြူး၍ ကြည့်ရင်း–

"ဘာ ... ဘာပြောမှာလဲ"

စုမာရှဲ့သည် တစ်ချက်ပြုံးလိုက်ပြီး ...

"ကျန့်ချဲ့ခိုက မှာလိုက်တယ် ... သူ့နောက်ကို လိုက်ခဲ့ပါတဲ့"

စုမာရှဲ့သည် ယင်းသို့ပြောလိုက်ပြီး လှည့်၍ ထွက်သွားလေတော့သည်။

ဝူးလုကျန့်သည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"သူက ဘယ်ကိုသွားတာလဲ"

ဟု လှမ်း၍မေးလိုက်လေသည်။ စုမာရှဲ့သည် **သူ၏**ခြေလှမ်းများကို ရပ်လိုက်ပြီး ဝူးလုကျန့်ဘက်သို့ လှည့်လိုက်လေသည်။

ပြီးမှ ...

"ကျန့်ချဲ့ခိုကို ခင်ဗျားသိလို့လား"

ဝူးလုကျန့်သည် ပြုံးပြလိုက်ပြီး ...

"ထိုင်ပါဦး ... အေးအေးဆေးဆေး စကားပြောကြတာပေါ့"

စုမာရှဲ့သည် ပြုံးလိုက်ပြီး ...

"ခင်ဗျားကံကြမ္မာ ကောင်းလာပြီလို့ ကျုပ် ဟောနိုင်တယ်"

ဟုပြောရင်း ဝူးလုကျန့်ရှေ့ရှိထိုင်ခုံ၌ ဝင်ရောက်ထိုင်လိုက်လေတော့သည်။

ဝူးလုကျန့်သည် အရက်နှစ်ခွက် ငှဲ့လိုက်သည်။ ထို့နောက် အရက်တစ်ခွက်ကို စုမာရှဲ့အား လှမ်း၍ပေးရင်း ...

"အခု ကျန့်ချဲ့ခို ဘယ်မှာလဲ"

စုမာရှဲ့သည် အရက်ခွက်ကို လှမ်းယူလိုက်ရင်း ...

"ကျန့်ချဲ့ခိုက ခင်ဗျားနဲ့ ဘာကိစ္စတွေ့ဖို့ ချိန်းထားရတာလဲ"

ဝူးလုကျန့်သည် သူ၏ ပခုံးကို တွန့်ပြလိုက်ပြီး ...

"ဒီနေ့ သူ ကျုပ်ကို အရေးကြီးတဲ့ကိစ္စ တိုင်ပင်ချင်တယ်ဆိုပြီး ချိန်းခဲ့တာပဲ"



စုမာရှဲ့သည် သူ၏ ဦးခေါင်းကို တစ်ချက်ကုတ်လိုက်ပြီး ...

"ဘာအကြောင်းကိစ္စ ရှိသလဲဆိုတာ ခင်ဗျားမသိဘူးလား"

ဝူးလုကျန့်သည် သူ၏ဦးခေါင်းကို ခါယမ်းရင်း ...

"ကျုပ် သေသေချာချာတော့ မသိဘူး၊ ဒါပေမဲ့ ကျွမ်းထိရှိနဲ့ ပတ်သက်မယ် ထင်တယ်"

စုမာရှဲ့၏ မျက်ခုံးမွေးများသည် တွန့်၍သွားပြီး ..

"ကျွမ်းထိရှိဆိုတာ ဘယ်သူလဲ"

ဝူးလုကျန့်သည် ဦးခေါင်းကို ခါယမ်းလိုက်ပြီး ...

"ကျန့်ချဲ့ခိုက ပြောတော့ ကျန့်ဝှားချီးကဆိုလား ဘယ်ကဆိုလား မသိဘူး၊ ထွက်ပြေးလာတဲ့လူလို့ ပြောတယ်"

စုမာရှဲ့သည် သက်ပြင်းတစ်ချက် ချလိုက်ရင်း ...

"ခင်ဗျား အဲဒီကျွမ်းထိရှိကို တွေ့ဖူးလား"

ဝူးလုကျန့် သူ၏ ဦးခေါင်းကို ခါယမ်းလျက် ...

"တစ်ခါမှ မတွေ့ဖူးဘူး။ ကျန့်ချဲ့ခိုက ပြောတယ်၊ ကျွမ်းထိရှိဟာ အင်မတန်မှ ရုပ်ဖျက်ကောင်းတယ်တဲ့။ သူနဲ့ တွေ့ရင်လည်း တစ်ခါကို ရုပ်တစ်မျိုးနဲ့ တွေ့တယ်တဲ့"

စုမာရှဲ့သည် သူ၏ ဦးခေါင်းကို ကုတ်လိုက်ပြီး ...

"ဒါဖြင့် ကျန့်ချဲ့ခိုက ဘာလို့ လူမမှားနိုင်တာလဲ"

ဝူးလုကျန့်သည် ခဏမျှ စဉ်းစားလိုက်ပြီး ...

"ကျွန်ုပ်ရဲ့ခိုက တစ်ခါက ပြောဖူးတယ်၊ သူဟာ ဘယ်လောက်ပဲ ရုပ်ဖျက်တော်ပေမယ့် သူ့ရဲ့ အကျင့်တစ်ခုကိုတော့ မဖျောက်ဖျက်နိုင်ခဲ့ဘူးတဲ့"

စုမာရှဲ့သည် မျက်ခုံးမွေးများကို နိမ့်၍ ကျဆင်းလာသည့်တိုင်အောင် မျက်မှောင်ကြုတ်လိုက်ပြီး ...

"ဘယ်လို အကျင့်မျိုးလဲ"

"သူဟာ စကားပြောနေရင်း မကြာခဏ သူ့ရဲ့ ဘယ်ဘက်နားက အသားပိုလေးကို စမ်းတတ်တယ်တဲ့"

စုမာရှဲ့၏ မျက်ခုံးမွေးများသည် ပို၍ နဖူးထက်သို့ နိမ့်ကျလာလေတော့သည်။ ဝူးလုကျန့်သည် စုမာရှဲ့၏မျက်နှာအမူအရာအား ကြည့်လိုက်ရင်း ...

"ဒါနဲ့ ကျွန်ုပ်ရဲ့ခိုက ဘယ်ကိုလိုက်ခဲ့ဖို့ မှာလိုက်သလဲ"

စုမာရှဲ့သည် ထိုင်ရာမှ ထလိုက်သည်။ ထို့နောက် အိတ်ထဲမှ ငွေစအချို့ကိုထုတ်ယူပြီး စားပွဲပေါ်သို့ တင်လိုက်သည်။ ပြီးမှ သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်ရင်း ...

"ခင်ဗျား အသက်ရှင်သန်ချင်သေးတယ်ဆိုရင် ဒီကနေ အမြန်ဆုံး ထွက်သွားပါ"

စုမာရှဲ့က ယင်းသို့ပြောလိုက်ပြီး ချာခနဲလှည့်ကာ အခန်းထဲမှ ထွက်ခွာသွားလေတော့သည်။



ဝူးလုကျန့်သည် ကပျာကယာ လှမ်း၍ ...

"ဟေ့ ... ဟေ့ ... ကျွန်ုပ်ရဲ့ခိုက ဘယ်ကိုလိုက်ခဲ့လို့ မှာလိုက်သလဲ"

ဟု မေးလိုက်လေသည်။ စုမာရှဲ့သည် အခန်းတံခါးဝမှ နောက်သို့လှည့်၍ ...

"သေရွာကို"

ဟု အော်ပြောလိုက်ပြီး အမှောင်ထုထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။ ဝူးလုကျန့်သည် ရုတ်တရက် ငေးကြောင်၍ ကျန်ရစ်ခဲ့လေသည်။

အတန်ကြာမှ သူသည် တစ်စုံတစ်ရာအား သတိရလာဟန်ဖြင့် သူ၏ခန္ဓာကိုယ်တစ်ခုလုံးသည် တုန်ခါ၍သွားလေတော့သည်။

ထို့ပြင် သူသည် အန္တရာယ်အငွေ့အသက်ကို ထိတွေ့ခံစားလိုက်ရသည်ဟု စိတ်ထဲ၌ ထင်မှတ်လိုက်လေသည်။

ဤအခန်းသည် အသင့်အတင့်ကျယ်ဝန်းသည်၊ ဤအခန်းသည် နွေးထွေးမှုရှိသည်။ သို့သော် လုံခြုံမှုရှိမည်မဟုတ်ဟု ဝူးလုကျန့် ခံစားလိုက်ရသည် မဟုတ်ပါလော။

ထို့ကြောင့် သူသည် ဤနေရာမှထွက်ခွာရန် စိတ်ပိုင်းဖြတ်လိုက်လေတော့သည်။ သူသည် အခန်းတံခါးအား ပိတ်လိုက်ပြီး

နောက်သို့လှည့်လိုက်သည်နှင့် တစ်ပြိုင်တည်း သူ၏မျက်လုံးများသည် ပြူးကျယ်သွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော် သူ၏အခန်းထဲ၌ အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသော လူတစ်ယောက် ရပ်နေသည်မဟုတ်ပါလော။ ဝူးလုကျန့်သည် သက်ပြင်းတစ်ချက်ကို မသိမသာ ချလိုက်လေသည်။

သူသည် ထိုလူအား တွေ့လိုက်သည်နှင့် မည်သူမည်ဝါဖြစ်ကြောင်း သိလိုက်သည် မဟုတ်ပါလော။ ထိုလူသည် လုံဆင်ဗိပင်ဖြစ်သည် မဟုတ်ပါလော။

✲

လုံဆင်ဗိသည် အခန်း၌ ငြိမ်သက်စွာ ရပ်နေသည်။ ပြီးမှ သူသည် ဝူးလုကျန့်အား အေးစက်စွာ တစ်ချက်ကြည့်လိုက်ရင်း ...

ဝူးလုကျန့်သည် သက်ပြင်း မသိမသာချလိုက်ပြီး ...

"ဒီညတော့ ကျုပ် မဟောနိုင်တော့ဘူး"

လုံဆင်ဗိသည် မဲ့ပြုံးကလေး ပြုံးလိုက်ပြီး ...

"အင်း ... ကျုပ်က ကျုပ်ရဲ့မွေးနေ့ သက္ကရာဇ်ကို ပြောရင်တောင် ခင်ဗျား တွက်တတ်မှာ မဟုတ်ဘူး"



ဝူးလုကျန့်၏မျက်နှာသည် ရုတ်ခြည်း ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။ လုံဆင်ဗိသည် မထေ့တထေ့ကလေး ပြုံးလျက် ...

"ဒါပေမဲ့ ကျုပ်က ခင်ဗျားရဲ့မွေးနေ့သက္ကရာဇ်ကို မသိလည်း ခင်ဗျားဟာ အသက်အန္တရာယ်ရဲ့ နီးပြီလို့ ဟောနိုင်တယ်"

ဟု ပြောလိုက်လေသည်။ ဝူးလုကျန့်သည် ဟန်ဆောင်ပြုံးကလေးတစ်ချက် ပြုံးလိုက်ပြီး ...

"ခင်ဗျား ဘာတွေ ပြောနေတယ်ဆိုတာ ကျုပ် နားမလည်ဘူး"

လုံဆင်ဗိသည် သူ၏ ဦးခေါင်းကို ခါယမ်းလျက် ...

"စုမာရှဲ့ကို ခင်ဗျားပြောလိုက်သလိုပေါ့၊ ခင်ဗျားလည်း ဘယ်လောက် ရုပ်ဖျက်ကောင်းပေမယ့် ခင်ဗျားရဲ့ ညာလက်က လက်ဖျားကလေးကို ပြောင်းမှမပစ်ခဲ့ဘဲကို"

ဝူးလုကျန့်၏ မျက်နှာသည် မဲ့၍ သွားပြီး ...

"ခင်ဗျား ဘယ်သူလဲ၊ ခင်ဗျား ဘာတွေလာပြီး ပြောနေတာလဲ"

လုံဆင်ဗိသည် ပြုံးရုံကလေးပြုံးလိုက်ပြီး ...

"ခင်ဗျားဟာ လွန်ခဲ့တဲ့ (၁၀) နှစ်လောက်က သိုင်းလောကကနေ ပျောက်ကွယ်သွားတဲ့ အဆိပ်ဘုရင် တုရင်းဖြစ်ခဲ့ရင် ကျုပ်ပြောတာ နားလည်မှာပါ"

ဝူးလုကျန့်၏ မျက်နှာသည် ဖြူဖွေး၍ သွားလေတော့သည်။ ထိုစဉ် လုံဆင်ပိသည် အေးစက်သော လေသံဖြင့် ...

"ကျန့်ဗွားချီးမှာ ခင်ဗျားကို ဘယ်သူရာထူးပေးထားသလဲ"

ဟု မေးလိုက်လေသည်။ ဝူးလုကျန့်သည် ဘာမျှပြန်၍ မပြောချေ။ သူသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ရုတ်တရက် လုံဆင်ပိအား တိုက်ခိုက်လိုက်လေတော့သည်။

✵

ဝူးလုကျန့်၏ လက်ချောင်းများသည် လေထဲ၌ ဝဲပျံ၍ နေသည်။ သူ၏ လက်ချောင်းများသည် လုံဆင်ပိ၏ မျက်နှာအနီး၌ ပွတ်ကာသီကာဖြင့် ဝဲပျံနေခြင်း ဖြစ်သည်။

လုံဆင်ပိသည် ဦးခေါင်းကို ဘယ်ညာယိမ်း၍ ရှောင်တိမ်းနေလေသည်။

သူသည် ဝူးလုကျန့်၏လက်သည်းများကြား၌ ပြင်းထန်သောအဆိပ်များရှိကြောင်း သိထားသည် မဟုတ်ပါလော။

ဝူးလုကျန့်သည် တဒင်္ဂအချိန်ကလေးအတွင်းမှာပင် သူ၏ သိုင်းကွက်ကို (၇) ကွက်မျှ တိုက်ခိုက်ပြီးဖြစ်သည်။



သို့သော် သူ၏တိုက်ကွက်များသည် လုံဆင်ပိအား ထိခိုက်ခြင်းမရှိချေ။

လုံဆင်ပိသည် နှုတ်ခမ်းတွန့်၍ပြုံးရင်း ဝူးလုကျန့်၏ တိုက်ကွက်များကို ရှောင်တိမ်းနေလေသည်။ သူသည် ယင်းသို့ ရှောင်တိမ်းနေရာမှ ...

"ကျန့်ချဲ့ခိုကို မင်း ဘာကြောင့် သတ်ရတာလဲ"

ဝူးလုကျန့်သည် သိုင်းကွက်သုံးကွက် ဆက်တိုက် တိုက်ခိုက်ရင်း ...

"ကျုပ်အကြောင်း သိတဲ့လူဟာ လူသေပဲ ဖြစ်ရမယ်လေ"

လုံဆင်ပိသည် ခြေလှမ်းနှစ်လှမ်းမျှ နောက်ဆုတ်၍ ရှောင်လိုက်ရင်း ပြုံးလျက် ...

"ဒါပေမဲ့ ကျုပ် မသေသေးဘူး"

ဝူးလုကျန့်သည် ရှေ့သို့ ခြေလှမ်းတစ်လှမ်းတိုးလိုက်ပြီး သိုင်းကွက်လေးကွက် ဆက်၍ တိုက်ခိုက်လိုက်ရင်း ...

"ဒါပေမဲ့ မင်းသေရတော့မယ်" ဟု ပြောလိုက်သည်။

ထို့နောက် ဝူးလုကျန့်သည် လုံဆင်ပိအား ဖိ၍ တိုက်ခိုက်လေတော့သည်။

လုံဆင်ပိသည် ရှောင်တိမ်းရင်း သူ၏ခါးမှ ဓားကို ဆွဲထုတ်လိုက်လေသည်။

ထိုစဉ် ရုတ်တရက် အခန်းတံခါးဝ၌ လူတစ်ယောက် ပေါ်လာလေသည်။ ထိုလူမှာ စုမာရှဲ့ပင် ဖြစ်ပါသည်။

ဝူးလုကျန့်အမည်ခံ တုရင်းသည် အခြေအနေမဟန်မှန်း ရိပ်စားမိသဖြင့် သူ၏ခြေထောက်အား တစ်ချက်ဆောင့်လိုက်ပြီး ပြတင်းပေါက်မှ ခုန်ထွက်သွားလေတော့သည်။

လှံဆင်ပိသည် ဝူးလုကျန့်အမည်ခံ တုရင်းနောက်သို့လိုက်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော် စုမာရှဲ့သည် သူ့အား လှမ်းတားလိုက်လေသည်။

✵



## (၆)

(၅) လ (၂၃) ရက် ...

မိုးမရွာပါ။ သို့သော် ကောင်းကင်ပြင်တစ်ခုလုံး၌ မိုးနှင်းများ ဝေသီလျက်ရှိသည်။

ထို့ကြောင့် ဝူစန်းတောင်သည် မိုးနှင်းများကြားတွင် မှုန်ဝါး၍ နေလေသည်။

ဝူစန်းတောင်ခြေရှိ ဂန္ဓမာပန်းကျေးရွာသည် မှုန်ဝါးသော မိုးနှင်းများကြား၌ ဓာပဝါ လွှမ်းခြုံထားသကဲ့သို့ ထင်ရပေသည်။

ယင်းကျေးရွာသည် ဂန္ဓမာပန်းများကြောင့် လှပသော ကျေးရွာတစ်ရွာ ဖြစ်သည်။ အနီးအနားတစ်ဝိုက်တွင် နာမည်ကြီးပေသည်။

✵

ဂန္ဓမာပန်းဥယျာဉ် ...။

ပန်းဥယျာဉ်တစ်ခု မဟုတ်ပါ။ စားသောက်ဆိုင်၏ အမည်သာ ဖြစ်ပါသည်။

ယင်းစားသောက်ဆိုင်သည် ဂန္ဓမာပန်းကျေးရွာ၌ အကြီးမားဆုံးသော စားသောက်ဆိုင် ဖြစ်ပါသည်။ ယင်းစားသောက်ဆိုင်သည် အထပ်သုံးထပ်ရှိသော ပျဉ်ထောင်အိမ်တစ်လုံးဖြစ်ပြီး အောက်၌ စားသောက်ခန်း ပြုလုပ်ထားသည်။

အပေါ်ထပ် (၂) ထပ်ကို တည်းခိုခန်းအဖြစ် ထားရှိပြီး အခန်းပေါင်း (၂၆) ခန်း ရှိလေသည်။ ယင်းတည်းခိုခန်းများသည် အမြဲတစေ လူပြတ်သည်ဟူ၍ မရှိချေ။

သို့သော် ဒုတိယထပ်ရှိ အခန်းအမှတ် (၁၃) ကိုမူ မည်သူမျှ ငှားရမ်းတည်းခိုခြင်း မပြုကြချေ။ ယင်းဂန္ဓမာပန်းဥယျာဉ် စားသောက်ဆိုင်ကို လွန်ခဲ့သောနှစ်ပေါင်း (၂၀) မှ စတင် ဖွင့်လှစ်ခဲ့သည်။

ယင်းသို့ စတင်ဖွင့်လှစ်ပြီး (၅) နှစ်ခန့်မှစ၍ အခန်းအမှတ် (၁၃) ၌ လွမ်းမောစရာများ၊ ထိတ်လန့်စရာများ ဖြစ်ပေါ်ခဲ့ရလေသည်။

လွန်ခဲ့သော (၁၅) နှစ်အတွင်း ယင်းအခန်း၌ လူသတ်မှု (၇) မှု၊ ကိုယ့်ကိုယ်ကိုယ် သတ်သေမှု (၈) မှု ဖြစ်သွားခဲ့လေသည်။ ထို့ကြောင့် ယင်းအခန်းအား မည်သူမျှ ငှားရမ်းမည့်သူ မရှိချေ။



သို့သော် ယခု ယင်းအခန်းအား ငှားရမ်းမည့်သူ ရှိနေပါသည်။ ထိုလူသည် စူးတချူပင် ဖြစ်ပါသည်။ သူသည် ဟိုယက်ကျင်း စားသောက်ဆိုင်မှ ထွက်ပြေးလာပြီး ဤနေရာ၌ ပုန်းအောင်းနေခြင်းပင် ဖြစ်ပါသည်။

ယင်းသို့ ပုန်းအောင်းနေသည်မှာ (၄) ရက်ခန့် ရှိပြီဖြစ်သည်။ သူသည် သတင်းထောက်လှမ်းရာတွင် ထူးချွန်သူတစ်ဦး ဖြစ်ပေသည်။

ထို့ပြင် သူသည် သတင်းထောက်လှမ်းရာ၌ ကံကောင်းသူတစ်ဦးလည်း ဖြစ်ပေသည်။ သိုင်းလောက၏ လျှို့ဝှက်ချက်များကို အမှတ်မထင်ရှာဖွေတွေ့ရှိတတ်ပေသည်။

ထို့ပြင် သူသည် မည်သည့်သတင်းအား မည်သူ့ကိုရောင်းလျှင် စိတ်ဝင်စားမည်ဆိုသည်ကို ရွေးချယ်တတ်၍လည်း သူ၏ သတင်းတိုင်းသည် တန်ဖိုးရှိပေသည်။

သို့သော် ယခု သူရရှိခဲ့သောသတင်းသည် သူ့အသက်တမျှ တန်ဖိုးရှိလိမ့်မည်ဟု သူမထင်မှတ်ခဲ့ချေ။ ဤသို့ သူ၏အသက်အား အန္တရာယ်ပြုမည့်သတင်းမျိုးဖြစ်မှန်း ကြိုတင်၍သိခဲ့လျှင် သူသည် ရေပိတ်စပါးကဲ့သို့ တိတ်ဆိတ်စွာနေမည် ဖြစ်ပေသည်။

အဘယ်ကြောင့်ဆိုသော် ... သူသည် သူ၏အသက်ကို ဆက်လက်ရှင်သန်လိုသည် မဟုတ်ပါလော။

အသက်ရှင်သန်လျက်ရှိသောသူသည် ဝိညာဉ်ကင်းမဲ့လျက်ရှိသောသူထက် တန်ဖိုးရှိသည်မဟုတ်ပါလော။

✲

ရာသီဥတုသည် မိုးနှင်းများ ဝေသီ၍နေသည်။ သို့သော် ယင်းရာသီဥတုသည် တစ်မျိုးတစ်ဖုံပင် သာယာသည်ဟု ခံစားရမည်ဖြစ်သည်။ သို့တိုင်အောင် စူးတချူ၏စိတ်သည် ယင်းသို့ မခံစားရချေ။

သူသည် အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန်လျှောက်၍ နေလေသည်။ သူသည် ဤအခန်းထဲမှ လုံးဝ ပြင်ပသို့မထွက်ခဲ့ချေ။ စားသောက်စရာများကိုလည်း အခန်းထဲ၌သာ မှာယူစားသောက်ခဲ့ပေသည်။

သူသည် အခန်း၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေရာမှ ရပ်တန့်လိုက်ပြီး တစ်စုံတစ်ရာအား ပြုလုပ်ရန် ဆုံးဖြတ်လိုက်လေသည်။

ထို့နောက် စားပွဲတွင်ထိုင်လိုက်ပြီး စာရွက်ကို ဆွဲယူလိုက်လေသည်။

ပြီးမှ သူရရှိခဲ့သောသတင်းများကို အတိုချုံး၍ စက္ကူပေါ်သို့



ရေးချလိုက်လေသည်။

ထို့နောက် စက္ကူကို ချိပ်ပိတ်လိုက်ပြီး သက်ပြင်းရှည်တစ်ချက် မှုတ်ထုတ်လိုက်လေသည်။ ပြီးမှ သူသည် ထိုင်ရာမှထလိုက်ပြီး အခန်းပြတင်းပေါက်မှ အပြင်သို့ လှမ်း၍ကြည့်လိုက်သည်။

ပတ်ဝန်းကျင်သည် မှောင်နေပြီဖြစ်သည်။ သူ၏ ရှေ့ဆက်ရမည့် ခရီးလမ်းသည်လည်း မှောင်နှင့်မည်းမည်းဖြစ်နေသည် မဟုတ်ပါလော။

စူးတချူသည် အခန်းထဲ၌ ထိုင်နေသည်။ သူ၏ပတ်ဝန်းကျင်သည် မှောင်မည်း၍နေသည်။ သို့တိုင်အောင် သူသည် မီးထွန်းရန် စိတ်မကူးသေးချေ။

သူသည် စားပွဲ၌ အတန်ကြာအောင်ပင် ဆိတ်ငြိမ်စွာထိုင်၍ နေလေသည်။ အတန်ကြာမှ သက်ပြင်းရှည်တစ်ချက် ချလိုက်ပြီး ထိုင်ရာမှထလိုက်လေသည်။

ထို့နောက် အခန်းတံခါးဝသို့ လျှောက်သွားလေသည်။ အခန်းတံခါးဝသို့ရောက်သောအခါ ခဏမျှ ငြိမ်သက်စွာ ရပ်၍ နားစွင့်လိုက်သည်။ ပြီးမှ အခန်းတံခါးအား အသာဆွဲဖွင့်လိုက်လေသည်။

စင်္ကြံတစ်ခုလုံးသည် ဝါကြန့်ကြန့်မီးရောင်အောက်တွင် ရှင်းလင်း၍နေသည်။ အောက်ထပ်ရှိ စားသောက်ခန်းမှ လွင့်ပျံ့လာသော အသံများကို စူးတချူ ကြားနေရလေသည်။

ရှူးတချူသည် အခန်းထဲမှ ထွက်လိုက်သည်။ ဝရန်တာမှ အောက်ထပ်သို့ ငုံ့ကြည့်လိုက်သည်။

အောက်ထပ်ရှိ စားသောက်ခန်းတွင် လူများ ပြည့်ကျပ်လျက်ရှိလေသည်။ ထိုစဉ် အောက်ထပ်အတွင်းဘက်ရှိ လောင်းကစားဝိုင်းမှ လူ (၁) ယောက်ထွက်လာလေသည်။

ရှူးတချူးသည် ထိုလူအား တွေ့လိုက်သည်နှင့် မျက်လုံးပြူးသွားပြီး ဝရန်တာမှ ကပျာကယာ နောက်သို့ဆုတ်လိုက်လေသည်။ ထိုလူသည် အဆိပ်ဘုရင်တုရင်းပင် ဖြစ်သည်မဟုတ်ပါလော။

✸

ရှူးတချူသည် ငွေရောင်ဝံပုလွေမင်းသား၏ လက်မှ လွတ်အောင် ပုန်းအောင်းနေသူ ဖြစ်သည်။ သို့သော် မည်မျှပင် အသက်အန္တရာယ် ရှိနေပါစေ သူသည် သူ၏ ဉာဏ်အတိုင်း ရှူးစမ်းလိုစိတ်ပေါ်လာလေသည်။

ထို့ကြောင့် သူသည် အပေါ်ထပ်စင်္ကြံမှ မှောင်ရိပ်ကွယ်ကာ တုရင်း၏လှုပ်ရှားမှုကို ကြည့်နေလေသည်။ တုရင်းသည် စားသောက်ခန်းမှဖြတ်၍ ဆိုင်အပြင်သို့ ထွက်သွားလေသည်။



ထိုစဉ် ရုတ်တရက်စားသောက်ခန်း၏ထောင့်စားပွဲမှ လူသုံးယောက်သည် စားလက်စပန်းကန်များကို ချထားလိုက်ပြီး ထိုင်ရာမှ ထလိုက်လေသည်။ ထို့နောက် ဆိုင်အပြင်သို့ ထွက်ခွာသွားလေတော့သည်။

ရှူးတချူသည် သူ၏အခန်းသို့ ပြန်၍မပြေးရုံတမည် လျှောက်သွားပြီး အခန်းတံခါးအား ဖွင့်၍ဝင်လိုက်လေသည်။

ပြီးမှ အခန်းကိုဖြတ်၍ ပြတင်းပေါက်ရှိရာသို့ လျှောက်သွားလေသည်။ ထို့နောက် ပြတင်းပေါက်တံခါးကိုဖွင့်ပြီး အောက်သို့ ငုံ့မိး၍ကြည့်လိုက်သည်။

မှေးမှိန်သော လရောင်အောက်တွင် တုရင်းသည် လမ်းမကြီးအတိုင်း လမ်းလျှောက်သွားနေသည်ကို တွေ့လိုက်ရသည်။

တုရင်း၏နောက်ဘက် အတန်ငယ်ဝေးသောအကွာအဝေးမှ လူရိပ်သုံးခု လှုပ်ရှားလျက်ရှိသည်ကို တွေ့လိုက်ရလေသည်။ ရှူးတချူသည် တစ်စုံတစ်ရာကို ဆုံးဖြတ်ချက်ချလိုက်ပြီး မှန်ပြတင်းပေါက်မှကျော်၍ ဆင်းလိုက်လေတော့သည်။

✸

တုရင်းသည် လမ်းမကြီးတစ်လျှောက် ဖြည်းညင်းစွာ လျှောက်နေသည်။ လူရိပ်သုံးခုသည် သူ၏နောက် ခပ်လှမ်းလှမ်းမှ တိတ်ဆိတ်စွာ လှုပ်ရှားနေသည်။ ဇူးတချူ လမ်းမပေါ်သို့ ရောက်သောအခါ တုရင်းအား မတွေ့ရတော့ချေ။

လူရိပ်သုံးခုသာလျှင် လမ်းချိုးကလေးတစ်ခုသို့ ချိုးကွေ့သွားကြောင်း တွေ့လိုက်ရလေတော့သည်။ ယင်းလမ်းချိုးကလေးသို့ ဇူးတချူ ရောက်သောအခါ သူသည် တုရင်းကို မတွေ့ရချေ။

ထို့အတူ တုရင်းနောက်မှ လှုပ်ရှားနေသော လူရိပ်သုံးခုကိုလည်း မတွေ့ရတော့ချေ။ လမ်းတစ်လမ်းလုံး လူသူကင်းမဲ့လျက်ရှိနေသည် မဟုတ်ပါလော။

ထိုစဉ် ရုတ်တရက် စကားသံသဲ့သဲ့ ကြားလိုက်ရလေသည်။ ယင်းစကားသံသည် လမ်း၏အခြားတစ်ဖက်မှ လွင့်ပျံ့လာခြင်း ဖြစ်ပေသည်။

ဇူးတချူသည် သူ၏ခန္ဓာကိုယ်ကို အမှောင်ထုအတွင်းသို့ ဝို၍ တိုးဝင်လိုက်ပြီး အသံကြားရာသို့ လျင်မြန်စွာ ရွေ့လျားသွားလေတော့သည်။

✵



ဤလမ်းမှ ချိုးကွေ့လျှင် မြေနီလမ်းကလေးတစ်ခု ရှိသည်။

ယင်းမြေနီလမ်းကလေးအတိုင်း ရှေ့သို့ ဆက်၍ သွားလျှင် ဂန္ဓမာပန်းကျေးရွာ၏သုသာန်သို့ ရောက်ရှိမည်ဖြစ်သည်။

ဇူးတချူသည် ယင်းမြေနီလမ်းပေါ်တွင် ရှိနေသည်။ သူကြားရသောစကားသံများသည် ဂန္ဓမာပန်းကျေးရွာ၏ တစပြင်မှ ပျံ့လွင့်လာသောအသံများပင် ဖြစ်ပါသည်။

စကားသံများသည် တဖြည်းဖြည်း ပီပီပြင်ပြင် ကြား၍ လာရလေသည်။

"ကျန်နေ့ချဲ့ခိုကို မင်းသတ်လိုက်တာ မှားတယ်"

ခပ်အက်အက်အသံ ဖြစ်သည်။

"ကျုပ်က ခေါင်းမာတဲ့လူဆို မုန်းတယ်"

တုရင်း၏ အသံဖြစ်သည်။

"ကျုပ်တို့ ဝံပုလွေမင်းသားကလည်း ခိုင်းတဲ့အတိုင်း မလုပ်တဲ့ လူဆို လူ့လောက်ထဲမှာ မထားတတ်ဘူး"

ကလေးငယ်တစ်ယောက်၏ အသံမျိုးဖြစ်သည်။ ဇူးတချူသည် ချုံနွယ်များကို အကာအကွယ်ယူ၍ ထိုလူ (၄) ယောက်အား မြင်နိုင်မည့်နေရာကို ရွေ့လိုက်သည်။

သင်္ချိုင်း၏အစပ်၌ တုရင်းကို လူသုံးယောက် ဝိုင်းရံထားသည်ကို တွေ့ရလေသည်။

တုရင်းသည် ကျောက်ရုပ်ကဲ့သို့ မလှုပ်မယှက် ရပ်၍ နေသည်။

တုရင်းကို ဝိုင်းရံထားသော လူသုံးယောက်သည် ဝိုင်းကြီး ပတ်ချာလှည့်သကဲ့သို့ တုရင်းကို အလယ်၌ထားကာ လှုပ်ရှားနေလေသည်။ တုရင်းသည် အေးစက်သောလေသံဖြင့် ...

"ကျုပ်က ခိုင်းတဲ့အတိုင်း ကျန့်ချဲ့ခိုကို မေးတာပဲ"

"ခိုင်းတဲ့အထဲမှာ ကျန့်ချဲ့ခိုကို သတ်ဖို့ မပါဘူး"

ခပ်အက်အက်အသံရှင်က ပြောလိုက်သည်။ တုရင်းက ...

"ဒါပေမဲ့ သူဟာ ကျုပ် ဘယ်သူဆိုတာ သိသွားတယ်"

ကလေးငယ်အသံရှင်က ...

"ပြီးတော့ ဝူးလုကျန့်ကို ဘာလို့ သတ်ရတာလဲ"

တုရင်းက ...

"သူလည်း ကျုပ်ဘယ်သူဆိုတာ သိသွားတယ်"

"ဝူးလုကျန့်က ခင်ဗျားဘယ်သူဆိုတာ သိသွားတယ်လို့ ခင်ဗျား ဘာလို့ ပြောနိုင်တာလဲ"

ခပ်အက်အက်အသံရှင်က မေးလိုက်ခြင်း ဖြစ်သည်။ တုရင်းသည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး ...

"ကျန့်ချဲ့ခိုနဲ့ ကျုပ်နဲ့ စကားပြောနေတဲ့ အချိန်မှာ သူဟာ ကျန့်ချဲ့ခိုရဲ့ အတွင်းခန်းထဲမှာ ရှိနေတယ်၊ ပြီးတော့ သူဟာ ကျုပ်



ကျန့်ချဲ့ခိုကို သတ်တာလည်း တွေ့သွားတယ်"

"ဒါကတော့ မင်းညံ့လို့ပဲ"

ကလေးအသံဖြင့်လူက ပြောလိုက်ခြင်း ဖြစ်သည်။ စူးတချူ သည် သူ၏ မြင်ကွင်းကို ပို၍ ပီပြင်စေရန် ရှေ့သို့ တိုးလိုက်သည်။ ထိုစဉ် ခပ်အက်အက်အသံဖြင့် လူက တစ်ချက်ရယ်မောရင်း ...

"ဟုတ်တယ် ... မင်းညံ့တယ်၊ ဘယ်လောက်အထိ ညံ့သလဲဆိုရင် စုမာရှဲ့နဲ့ လုံဆင်ပိဟာ မင်းသွားတတ်တဲ့ နေရာတွေကို လိုက်ရှာနေပြီ၊ တစ်နေ့ မင်းကို မတွေ့ဘူးလို့ ဘယ်သူပြောနိုင်မလဲ"

ကလေးငယ်အသံဖြင့် လူက ...

"ဒါပေမဲ့ စိတ်မပူပါနဲ့ ... တို့က မင်းကို စုမာရှဲတို့ ရှာမတွေ့နိုင်မယ့်နေရာကို ပို့ပေးမှာပါ ... ဟဲ ဟဲ ဟဲ"

ထို့နောက် သူတို့သည် တစ်ပြိုင်တည်း တုရင်းအား ဝင်ရောက်တိုက်ခိုက်လိုက်လေတော့သည်။ ဤနေရာသည် ဂန္ဓမာ ကျေးရွာ၏ ရွာစွန်ရွာဖျား ဖြစ်သည်။ ထို့ကြောင့် တိတ်ဆိတ်နေသည်။

ဤနေရာသည် ဂန္ဓမာကျေးရွာ၏ သုသာန်တစပြင် ဖြစ်သည်။ ထို့ကြောင့် ပို၍တိတ်ဆိတ်သည်။ ထို့ပြင် ညအချိန်ကာလ ဖြစ်၍ အပ်ကျသံပင် မကြားရလောက်အောင် တိတ်ဆိတ်သည်။

သို့သော် ယခု ဤနေရာသည် သံသံချင်းထိသံ၊ အော်ဟစ်သံတို့ဖြင့် ဆူညံ၍သွားလေတော့သည် မဟုတ်ပါလော။

လူသုံးယောက်သည် တုရင်းအား စက်ဝိုင်းပုံ ဝိုင်းပတ်၍ တိုက်ခိုက်နေခြင်း ဖြစ်သည်။

ထို့ကြောင့် တုရင်း၏ပတ်လည်တွင် လူရိပ်များသည် တရိပ်ရိပ် ပြေးနေလေသည်။

ယင်းကဲ့သို့ စက်ဝိုင်းပုံလှည့်၍ တိုက်ခိုက်နေသဖြင့် တုရင်းသည် မည်သည့်အရာသည် လူ၊ မည်သည့်အရာသည် အရိပ်ဟူ၍ ခွဲခြား၍မသိနိုင်တော့ချေ။

ထို့ကြောင့် သူသည် ခြေတစ်ချက်ဆောင့်လိုက်ပြီး အပေါ်သို့ တစ်ဆက်တည်း လိုက်ပါသွားလေသည်။ တုရင်းသည် အုတ်ဂူတစ်ခုသို့ ခုန်ကူး၍ ပြေးသွားလေသည်။

လူရိပ်သုံးခုသည်လည်း တုရင်း၏နောက်မှ ထက်ကြပ်မကွာ လိုက်သွားလေတော့သည်။ သူတို့သည် တဖြည်းဖြည်းနှင့် ဈေးတချို့၏ မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

ဈေးတချို့သည် ပုန်းကွယ်ရာမှ ထလိုက်ပြီး သက်ပြင်းတစ်ချက် ချလိုက်လေသည်။ ထို့နောက် လာလမ်းအတိုင်း ပြန်လှည့်၍ လျှောက်သွားလေတော့သည်။

ထိုစဉ် ရုတ်တရက် လူရိပ်တစ်ခုက သင်္ချိုင်း၏နောက်ကွယ်မှ ထွက်ပေါ်လာပြီး ဈေး တချို့နောက်သို့ လိုက်သွားလေတော့သည်။ ထိုလူရိပ်သည် ကလေကချေသိုင်းသမား ခန်းပိုင်ပင် ဖြစ်ပါသည်။



ဤသို့ဆိုလျှင် ဈေးတချို့၏အသက်အန္တရာယ်သည် နီးကပ်နေပြီလော။

အဘယ်ကြောင့်ဆိုသော် ခန်းပိုင်သည် ကြေးစား လူသတ်သမားတစ်ဦးဖြစ်နေသောကြောင့်တည်း။

✵

ခန်းပိုင်သည် ဗာဒံပင်အောက်၌ ရပ်နေသည်။ လူကသာ ဗာဒံပင်အောက်၌ ရှိနေသော်လည်း သူ၏ မျက်လုံးများသည် ဂန္ဓမာပန်းဥယျာဉ် စားသောက်ဆိုင်သို့ ကြည့်နေသည်။

အထူးသဖြင့် သူ၏မျက်လုံးများသည် ဈေးတချို့ ပြန်လည်ဝင်ရောက်သွားသော အပေါ်ထပ်ပြတင်းပေါက်ကို စူးစိုက်၍ ကြည့်နေခြင်း ဖြစ်သည်။

ထိုစဉ် ရုတ်တရက် အဝေးမှ မြင်းခွာသံသဲ့သဲ့ ကြားလိုက်ရလေသည်။

မြင်းခွာသံသည် တစ်စထက်တစ်စ နီးကပ်လာပြီး မကြာမီပင် မြင်းသုံးစီးသည် ဂန္ဓမာပန်းဥယျာဉ်စားသောက်ဆိုင်ရှေ့သို့ ရောက်ရှိလာလေသည်။

ပထမမြင်းပေါ်တွင် အနီရောင်ဝတ်ရုံခြုံထားသော လူရွယ်တစ်ယောက် စီးနင်းလာပြီး ကျန်မြင်းနှစ်ကောင်ပေါ်တွင် အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသော လူနှစ်ယောက် စီးနင်းလာသည်။

ခန်းပိုင်သည် မြင်းသုံးစီးကိုကြည့်ရင်း သူ၏မျက်ခုံးမွေးများသည် နိမ့်၍ကျလာသည့်တိုင်အောင် မျက်မှောင်ကြုတ်မိလေသည်။

တစ်ဆက်တည်းမှာပင် သူ၏ရင်ထဲ၌ အန္တရာယ်၏အငွေ့အသက်ကို ထိတွေ့ခံစားရသည်ဟု ထင်မှတ်လိုက်မိလေသည်။ ထိုအချိန်တွင် အနီရောင်ဝတ်စုံ ဝတ်ဆင်ထားသူသည် မြင်းပေါ်မှ ဆင်းသက်လိုက်ပြီး စားသောက်ဆိုင်ထဲသို့ ဝင်ရောက်သွားလေတော့သည်။

ထိုလူ၏နောက်မှ အနက်ရောင်ဝတ်စုံဖြင့် လူနှစ်ယောက်သည် ထက်ကြပ်မကွာ လိုက်ပါသွားလေသည်။ ခန်းပိုင်သည် ဗာဒံပင်၌ မှီ၍ထား သော သူ၏ခန္ဓာကိုယ်အား တည့်မတ်လိုက်ပြီး စားသောက်ဆိုင်၏ နောက်သို့ လျင်မြန်စွာထွက်သွားလေတော့သည်။

အခန်းတစ်ခုလုံးသည် မှောင်မည်း၍နေသည်။ ရှူးတချူသည် ခုတင်ပေါ်၌ လဲ၍နေသည်။ သို့သော် သူသည် အိပ်နေခြင်းမဟုတ်ပါ။

ဟိုယက်ကျင်းစားသောက်ဆိုင်မှ ထွက်ပြေးခဲ့သည့်အချိန်မှ



စ၍ ယခုတိုင် သူသည် အိပ်မပျော်ခဲ့ချေ။ အိပ်ပျော်ရန် ကြိုးစားခဲ့သော်လည်း မည်သည့်အခါမျှ စိတ်ချလက်ချ အိပ်မပျော်နိုင်ခဲ့ပါ။

ထို့ကြောင့် သူသည် ခုတင်ပေါ်၌ ထ၍ ထိုင်လိုက်သည်။

ထိုစဉ် ရုတ်တရက် သူ၏အခန်းတံခါးသည် 'ဂုန်း'ဟူသော အသံနှင့်အတူ ပွင့်၍သွားပြီး အခန်းတံခါးဝ၌ လူနှစ်ယောက်ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

စကြိုမှဖြာ၍ အခန်းထဲသို့ကျလာသော ဝါကြန့်ကြန့်ဆီမီးရောင်ကြောင့် ထိုလူနှစ်ယောက်၏အရိပ်သည် ရှည်လျားစွာ ကြမ်းပြင်ပေါ်သို့ ကျရောက်နေလေသည်။

ရှူးတချူသည် ခုတင်ပေါ်မှ ဆင်းလိုက်ပြီး ပြတင်းပေါက်ရှိရာသို့ တဖြည်းဖြည်း ရွေ့လျားလိုက်သည်။ သို့သော် ပြတင်းပေါက်သို့ ရှူးတချူမရောက်မီ ထိုလူနှစ်ယောက်က ရှူးတချူအား ဝန်းရံထားပြီး ဖြစ်နေလေသည်။

ထို့နောက် ရှူးတချူအား တစ်ယောက်တစ်ဖက်စီညှပ်၍ ဖမ်းချုပ်လိုက်သည်။ ထိုစဉ် အခန်းတံခါးဝ၌ လူရိပ်တစ်ရိပ် ထပ်မံပေါ်လာပြီး အခန်းထဲသို့ ဖြည်းညင်းစွာ ဝင်ရောက်လာလေသည်။

ထိုလူသည် အခန်းထဲသို့ရောက်သည်နှင့် စားပွဲပေါ်မှ မှန်အိမ်အား မီးထွန်းညှိလိုက်လေသည်။ ဝါကြန့်ကြန့်မီးရောင်သည် မှောင်မည်းသောအခန်းအား ထိန်လင်းစေလေသည်။

မီးရောင်ကြောင့် ရှူးတချူသည် မှန်အိမ်မီးထွန်းညှိလိုက်သူအား မြင်တွေ့လိုက်ရလေသည်။ ယင်းသို့ မြင်တွေ့လိုက်သည်နှင့် တစ်ပြိုင်တည်း သူ၏မျက်လုံးသည် ပြူးကျယ်သွားပြီး သူ၏ ခန္ဓာကိုယ်တစ်ခုလုံးသည် တုန်ခါ၍ သွားလေတော့သည်။ သူ၏ နှုတ်ခမ်းမှလည်း အံ့ဩဟန်ဖြင့် တီးတိုးရေရွတ်လိုက်မိလေတော့သည်။

"ငွေ ... ငွေရောင်ဝံပုလွေမင်းသား"

✵

ငွေရောင်ဝံပုလွေမင်းသား၏ အနီရောင်ဝတ်စုံသည် အနည်းငယ် လှုပ်ရှားသွားပြီး ဝတ်ရုံ၏အောက်မှ သူ၏လက်ဝါးသည် ရှူးတချူ၏ပါးပြင်ပေါ်သို့ ရောက်ရှိသွားလေသည်။

'ဖြန်း' ဟူသော အသံနှင့်အတူ ရှူးတချူ၏မျက်နှာသည် တစ်ဖက်သို့ လည်သွားလေသည်။

"တုထိကျန်း ဘယ်မှာလဲ"

ငွေရောင်ဝံပုလွေမင်းသားက မေးလိုက်ခြင်း ဖြစ်သည်။ ရှူးတချူ မဖြေပါ။



သူသည် ငွေရောင်ဝံပုလွေမင်းသားအား စိုက်၍ ကြည့်နေသည်။ သူ၏နှုတ်ခမ်း၌ သွေးများ စီးကျလျက်ရှိသည်။

ငွေရောင် ဝံပုလွေမင်းသားသည် သူ၏လက်အား လှုပ်သည်ဆိုရုံမျှ လှုပ်ရှားလိုက်သည်။

ယင်းသို့လှုပ်ရှားလိုက်သည်နှင့် တစ်ပြိုင်တည်း 'ဖြန်း' ဟူသောအသံနှင့်အတူ ရှူးတချူ၏မျက်နှာသည် တစ်ဖက်သို့ လည်၍ ပြန်လေသည်။

"တုထိကျန်း ဘယ်မှာလဲ"

ရှူးတချူ မဖြေပါ။ သူသည် သူ၏ပါးစပ်အား တင်းကျပ်စွာ စေ့ထားလေသည်။ ပြီးမှ တစ်ချက်ပြုံးရင်း ...

"ဒီမှာ မင်းတို့ ငါတို့ရဲ့ (၆) ရက် (၆) လအသင်းမှာ သတင်းစုဆောင်းဖို့ တာဝန်ပေးမယ်၊ ပြီးတော့ လစဉ်သုံးဖို့အတွက်ရော သတင်းတစ်ခုစီအတွက် တန်ဖိုးကောပေးမယ်"

ရှူးတချူသည် ငွေရောင်ဝံပုလွေမင်းသားအား စိုက်ကြည့်ရာမှ ပြုံး၍ပြလိုက်သည်။ ပြီးမှ ...

ငွေရောင်ဝံပုလွေမင်းသား မျက်နှာပေါ်သို့ တံတွေးတစ်ချက် လှမ်းထွေးလိုက်လေသည်။

ငွေရောင်ဝံပုလွေ မင်းသားသည် ရုတ်တရက် ဒေါသထွက်ပြီး သူ၏ခါးမှ ဓားကို ဆွဲထုတ်လိုက်လေသည်။

ထို့နောက် ရူးတချူ၏လည်ပင်းသို့ ဓားဖြင့် ထောက်လိုက်ပြီး ...

"မင်း အသက်ရှင်သန် နေချင်သေးတယ်ဆိုရင် တုထိကျွန်း ဘယ်မှာရှိတယ်ဆိုတာ ပြောပါ"

ရူးတချူသည် သူ၏ပါးစပ်ကို ပိတ်မြဲ ပိတ်ထားလေသည်။

ရုတ်တရက် ရူးတချူသည် သူ၏လည်ပင်း၌ ဆစ်ခနဲနာကျင်သွားသည်ဟု ခံစားလိုက်ရလေသည်။ ငွေရောင်ဝံပုလွေ၏ ဓားပျံသည် ရူးတချူ၏ လည်ပင်းထဲသို့ စပါးတစ်ထောက်ခန့် စိုက်ဝင်သွားပြီး သွေးများ စီးကျလာလေသည်။

ငွေရောင်ဝံပုလွေမင်းသားသည် မထေ့တထေ့ကလေး ပြုံးလိုက်ပြီး ...

"တုထိကျွန်းရှိတဲ့နေရာကို ပြောတာနဲ့ မင်းရဲ့ဘဝဟာ ပြောင်းလဲပြီး သူဌေးတစ်ယောက် ဖြစ်သွားလိမ့်မယ်နော်"

ရူးတချူသည် ငွေရောင်ဝံပုလွေမင်းသအား စိုက်၍ ကြည့်ရာမှ ပြုံးလိုက်ပြီး ...

"ကျုပ်သေသွားရင် တုထိကျွန်း ဘယ်မှာရှိတယ်ဆိုတဲ့ သတင်းဟာ အစပျောက်သွားလိမ့်မယ်"

သူသည် ဤသို့ ပြောလိုက်ပြီး အားရပါးရ ရယ်မောလိုက်လေသည်။ ပြီးမှ ...



"ခင်ဗျားတို့ တုထိကျွန်းကို အချိန်မီရှာမတွေ့ရင် ကျွန့်ဂွားချီးရဲ့လျှို့ဝှက်ချက်တွေဟာ နေပြည်တော်အထိ ပေါက်ကြားသွားနိုင်တယ်"

ငွေရောင်ဝံပုလွေမင်းသားသည် မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြီး ရူးတချူ၏ လည်ပင်း၌ ထောက်၍ ထားသော ဓားကို ပြန်လည်ရုပ်သိမ်းလိုက်လေသည်။ ပြီးမှ ...

"မင်းရဲ့ပါးစပ်ကိုဖွင့်ဖို့ ငါ့မှာ နည်းလမ်းတွေ အများကြီးရှိတယ်ဆိုတာ မင်းသိရင် မင်းဒီလိုပြောမှာ မဟုတ်ဘူး"

ဟု ပြောလိုက်လေသည်။ ထိုစဉ် အဝေးမှ မြင်းခွာသံ သဲ့သဲ့ကို ကြားလိုက်ရလေသည်။ မြင်းခွာသံများသည် တစ်စထက် တစ်စ နီးကပ်လာပြီး တည်းခိုခန်းရှေ့တွင် ရပ်တန့်သွားလေတော့သည်။ ငွေရောင်ဝံပုလွေမင်းသားသည် နှစ်ခြိုက်စွာပြုံးလိုက်ရင်း ...

"မင်းကို ငါ နောက်ဆုံးမေးမယ်"

ရူးတချူသည် မဲ့ပြုံးပြုံးလိုက်ပြီး သူ၏ ဦးခေါင်းကို ခါယမ်းပြလိုက်လေသည်။

ငွေရောင် ဝံပုလွေမင်းသားသည် ပြုံးရင်း ...

"ရှောင်ယင်းဟာ အင်မတန်လှတဲ့ မိန်းကလေးတစ်ယောက်ပဲ။ တကယ်လို့များ သူ့ရဲ့ မျက်နှာကို ဆေးနဲ့ အပက်ခံရရင် အတော်အရုပ်ဆိုးသွားမှာပဲနော်"

ယင်းစကားကို ကြားလိုက်သည်နှင့် ဗိုလ်တချူ၏ မျက်နှာသည် ကွက်ခနဲ တစ်ချက်ပျက်သွားပြီး သူ၏ ခန္ဓာကိုယ်တစ်ခုလုံးသည် တုန်ယင်၍ လာလေတော့သည်။

အကြောင်းမှာ ရှောင်ယင်းသည် သူ၏ချစ်သူ ဖြစ်နေသောကြောင့်တည်း။

☆

ရှောင်ယင်းသည် စားပွဲပေါ်မှ ပုလင်းငယ်အား စိုက်ကြည့်နေသည်။ ငွေရောင်ဝံပုလွေမင်းသားသည် ပုလင်း၏ ဖန်ဘူးဆို့အား ဖွင့်လိုက်ပြီး ပုလင်းထဲမှ ဆေးစက်တစ်စက်အား စားပွဲပေါ်သို့ လောင်းချလိုက်သည်။

မီးခိုးငွေ့များနှင့်အတူ စားပွဲ၏မျက်နှာပြင်သည် လောင်ကျွမ်းသွားလေသည်။ ငွေရောင်ဝံပုလွေမင်းသားသည် နှစ်ခြိုက်စွာ တစ်ချက်ပြုံးလိုက်ရင်း ...

"ကောင်းလိုက်တဲ့ဆေး" ဟု ပြောလိုက်လေသည်။ ထို့နောက် သူသည် ဗိုလ်တချူဘက်သို့ လှည့်၍ကြည့်လိုက်ပြီး ဖန်ပုလင်းအား မြှောက်ပြလိုက်လေသည်။



ပြီးမှ အေးစက်သောလေသံဖြင့် ...

"တုထိကျိန်း ဘယ်မှာလဲ"

ဗိုလ်တချူ မဖြေပါ။ ငွေရောင်ဝံပုလွေမင်းသားသည် တဟားဟားဖြင့် ရယ်မောလိုက်ပြီး ရှောင်ယင်းဘက်သို့ လှည့်ကာ—

"တွေ့လား မိန်းကလေး ... မင်းချစ်သူဟာ မင်းကို သူ့ရဲ့ သတင်းစကားလောက် တန်ဖိုးမထားဘူး"

ဟု ပြောလိုက်လေသည်။

ပြီးမှ သူသည် လက်ထဲမှ ဖန်ပုလင်းအား အနက်ရောင်ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားသူတစ်ယောက်အား လှမ်း၍ပေးလိုက်လေသည်။

ထိုလူသည် ဖန်ပုလင်းအား လှမ်း၍ယူလိုက်ပြီး ရှောင်ယင်းအား ပြုံး ပြလိုက်လေသည်။

ထို့နောက် ရှောင်ယင်းထံ တဖြည်းဖြည်း လျှောက်သွားလေသည်။

ရှောင်ယင်းသည် မိမိကို ချုပ်နှောင်ထားသော လူနှစ်ယောက်၏လက်မှ ရုန်းကန်နေလေသည်။

ငွေရောင်ဝံပုလွေမင်းသားသည် ရှောင်ယင်းအားကြည့်ရင်း တဟားဟားဖြင့် ရယ်မောနေလေသည်။

ရှောင်ယင်းအား ချုပ်နှောင်ထားသော လူတစ်ယောက်သည်

ရှောင်ယင်း၏ဆံပင်အား ဆွဲ၍ သူမ၏မျက်နှာကို မော့သွားစေလေသည်။

အနက်ရောင် ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားသောသူသည် မိမိ၏လက်ထဲမှ ဖန်ပုလင်းကို ရှောင်ယင်း၏မျက်နှာပေါ် တဖြည်းဖြည်း တစ်စက်ချင်းချရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် ရုတ်တရက် ရှူးတချူသည် လှမ်း၍ အော်လိုက်လေသည်။

"ရပ်လိုက်"

ငွေရောင်ဝံပုလွေမင်းသားသည် ဖန်ပုလင်း ကိုင်ထားသောလူအား ရပ်ရန် မျက်ရိပ်ပြလိုက်ပြီး ရှူးတချူထံ လျှောက်လာလေသည်။

ရှူးတချူသည် ငွေရောင်ဝံပုလွေမင်းသားအား မုန်းတီးစွာ တစ်ချက်ကြည့်လိုက်ပြီး ...

"ခင်ဗျား ... ရှောင်ယင်းကို လွှတ်ပေးပါ"

ငွေရောင်ဝံပုလွေမင်းသားသည် ပြုံးလျက် ...

"တုထိကျုန်း ဘယ်မှာ ရှိသလဲ"

ရှူးတချူသည် နှုတ်ခမ်းတစ်ချက် မဲ့လိုက်ပြီး–

"ရှောင်ယင်းကို အရင်လွှတ်ပေးပါ"

ငွေရောင်ဝံပုလွေမင်းသားသည် မျက်မှောင်ကြုတ်လိုက်ပြီး



ရှူးတချူအား စိုက်၍ ကြည့်လိုက်လေသည်။

ထို့နောက် ဖန်ပုလင်း ကိုင်ထားသောလူအား မျက်ရိပ်ပြလိုက်လေသည်။

ဖန်ပုလင်းကိုင်ထားသောလူသည် တဟားဟားဖြင့် ရယ်မောလိုက်ပြီး ရှောင်ယင်း၏မျက်နှာပေါ်သို့ ဆေးရည်များ လောင်းချရန် ဟန်ပြင်လိုက်လေသည်။ ထိုစဉ် ရုတ်တရက်

"ဝှစ်" ဟူသော အသံနှင့်အတူ အဖြူရောင် အလင်းတန်းတစ်ခုသည် လေထဲမှဖြတ်သန်းလာပြီး ဖန်ပုလင်းကိုင် ထားသောလက်အား စိုက်ဝင်သွားလေသည်။

ယင်းအဖြူရောင်အလင်းတန်းမှာ ငွေရောင်ဓားမြှောင်တစ်လက် ဖြစ်ပါသည်။ ယင်းငွေရောင်ဓားမြှောင်သည် ဖန်ပုလင်းကိုင်ထားသော လက်ကို စိုက်ဝင်သွားခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ဖန်ပုလင်းသည် ထိုလူ၏လက်မှ လွတ်သွားပြီး ထိုလူ၏ခန္ဓာကိုယ်ပေါ်သို့ ကျရောက်သွားလေတော့ သည်။

"အား"

ဟူသော အသံနှင့်အတူ ထိုလူသည် ကြမ်းပေါ်သို့ လဲကျပြီး လူးလိမ့်နေလေတော့သည်။ ငွေရောင်ဝံပုလွေမင်းသားသည် ကြမ်းပေါ်၌ လူးလိမ့်ရင်း သေဆုံးသွားသောသူအား ကြည့်ရာမှ ဓားမြှောင်ပစ်လွှင့်လာရာသို့ လှမ်း၍ကြည့်လိုက်လေသည်။

အခန်းတံခါးဝ၌ လူတစ်ယောက် ရပ်၍နေလေသည်။ ငွေရောင်ဝံပုလွေမင်း သားသည် ထိုလူအားကြည့်ရင်း တဖြည်းဖြည်း ပြုံး၍ လာလေသည်။ ထို့နောက် ...

"ထန်မင်းသားလေး ကြွလာပြီကိုး"

ဟု ခနဲ့လိုက်လေသည်။ ထန်ကြို့ချမ်သည် ဘာမျှပြန် မပြောဘဲ အခန်းထဲသို့ လှမ်းဝင်လိုက်လေသည်။ ညသည် တိတ် ဆိတ်နေသည်။ အခန်းထဲ၌ ပို၍တိတ်ဆိတ်နေသည်။

ထန်ကြို့ချမ်သည် အခန်းထဲသို့ ဖြည်းညင်းစွာ ဝင်ရောက် လာလေသည်။ ထို့နောက် ငွေရောင်ဝံပုလွေမင်းသားအား ...

"သူတို့ကို လွှတ်လိုက်ပါ"

ငွေရောင်ဝံပုလွေမင်းသားသည် တဟားဟား ရယ်မောရင်း သူ့လူများကို မျက်ရိပ်ပြလိုက်လေသည်။ အနက်ရောင် ကိုယ်ကျပ် အင်္ကျီ ဝတ်ဆင်ထားသူများသည် ထန်ကြို့ချမ်အား ဝန်းရံလိုက်လေ သည်။ ထို့နောက် ...

"ယား"

ဟု ပြိုင်တူအော်ဟစ်ကာ စတင်တိုက်ခိုက်လေတော့သည်။ အခန်း၏ ဝါကြန့်ကြန့်မီးရောင်အောက်တွင် ဓားရောင်များ လက်၍ သွားလေသည်။

ထန်ကြို့ချမ်သည် သူ၏နေရာမှမရွေ့ဘဲ ခန္ဓာကိုယ်ကို



ဘယ်ညာယိမ်းလျက် တိမ်းရှောင်နေလေသည်။ ထို့ကြောင့် အနက် ရောင် ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားသူများ၏ ဓားသည် ထန်ကြို့ ချမ်အား တစ်ချက်မျှမထိချေ။

ထိုစဉ် ရုတ်တရက် အခန်း၏ ပြတင်းပေါက်တံခါးသည် ပွင့်၍သွားပြီး လူတစ်ယောက် ဝင်ရောက်လာလေသည်။ ထိုလူသည် အခန်းတွင်းသို့ရောက်သည်နှင့် သူ၏လက်နှစ်ဖက်ကို လှုပ်ရှားလိုက် လေသည်။

ယင်းသို့ လှုပ်ရှားလိုက်သည်နှင့် တစ်ပြိုင်တည်း အလင်း ရောင်တန်းတစ်ခု ပေါ်ထွက်လာလေသည်။ အလင်းရောင်တန်း လေးခုမှာ ငွေရောင် လက်နက်ပုန်းအပ်လေးစင်းဖြစ်လေသည်။

ယင်းငွေအပ်လေးလေးခုသည် လေထဲ၌ဖြတ်သန်း၍ ရှောင်ယင်းနှင့် စူးတချူတို့အား ဖမ်းချုပ်ထားသော အနက်ရောင် ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားသူ လေးယောက်၏ နောက်ကျောအား ထိုးဖောက်ဝင်ရောက်သွားလေတော့သည်။

ထို့နောက် ပြတင်းပေါက်မှ ဝင်ရောက်လာသူသည် လျှပ် တစ်ပြက်အတွင်း ရှောင်ယင်းနှင့် စူးတချူတို့အား ပြတင်းပေါက်မှ ခေါ်သွားလေတော့သည်။

ယင်းအဖြစ်အပျက်သည် တဒင်္ဂမျှသာ ကြာမြင့်လေသည်။ ရုတ်တရက်ဖြစ်၍ ငွေရောင်ဝံပုလွေမင်းသားသည် ကြောင်[illegible]၍

သွားလေသည်။

ပြီးမှ သူသည် ပြတင်းပေါက်မှ ခုန်ဆင်း၍ ရူးတချူတို့ နောက်သို့ လိုက်သွားလေတော့သည်။

သို့သော် လမ်းမပေါ်သို့ သူ ရောက်ရှိလာသောအခါ ရူးတချူတို့သုံးယောက်၏ အရိပ်အယောင်ကို မတွေ့ရတော့ချေ။

ထိုစဉ် ပြတင်းပေါက်မှ သူ၏အနက်ရောင် ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားသူများ တစ်ယောက်ပြီးတစ်ယောက် လွင့်စဉ်ကျလာသည်ကို တွေ့လိုက်ရလေတော့သည် မဟုတ်ပါလော။

ထန်ကြို့ချမ်သည် ပြတင်းပေါက်မှ ငုံ့၍ကြည့်လိုက်သည်။

ငွေရောင်ဝံပုလွေမင်းသားသည် သူ့အား မော့ကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

ထို့နောက် ငွေရောင်ဝံပုလွေမင်းသားသည် ချာခနဲလှည့်ကာ ထွက်သွားပြီး မြင်းပေါ်သို့ တက်လိုက်သည်။

ထို့နောက် သူ့လူများကိုမစောင့်ဘဲ မြင်းစီး၍ထွက်သွားသည်ကို တွေ့လိုက်ရလေသည်။

ငွေရောင်ဝံပုလွေမင်းသား၏လူများသည် လဲကျရာမှထပြီး မြင်းများပေါ်သို့တက်ကာ ငွေရောင်ဝံပုလွေမင်းသားနောက်သို့ လိုက်သွားလေတော့သည်။

ထန်ကြို့ချမ်သည် ငွေရောင်ဝံပုလွေမင်းသားတို့ သူ၏



မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ ကြည့်ပြီးမှ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်လေသည်။

ထို့နောက် ...

အခန်းထဲရှိ ကုလားထိုင်တစ်လုံးပေါ်တွင် ခြေပစ် လက်ပစ်ထိုင်ချလိုက်လေသည်။

*

## (၇)

ရှောင်ယင်းသည် ဇာတ်သမတစ်ဦး ဖြစ်သည်။

ထို့ကြောင့် သူမသည် ဇာတ်အဖွဲ့နှင့်အတူ အရပ်ရပ် အနယ်နယ်သို့ လိုက်ပါနေရသည်။ ထန်ကြို့ချွမ်သည် စူးတချူ၏ ချစ်သူရှောင်ယင်းအား တွေ့ ရန်လိုက်ရှာခဲ့လေသည်။

အဘယ်ကြောင့်ဆိုသော် ရှောင်ယင်းသည် စူးတချူရှိတင်သောနေရာများကို သိထားသည် မဟုတ်ပါလော။ ထို့ကြောင့် သူတို့သည် ရှောင်ယင်းနှင့်တွေ့ရန် လိုက်ရှာခဲ့ရလေသည်။

နောက်ဆုံး၌ သူတို့သည် ရှောင်ယင်းနှင့် တွေ့ဆုံရလေသည်။ ရှောင်ယင်းသည် လုံဆင်ပိအား တွေ့ဖူးသည်။ ထို့ပြင် စူးတချူနှင့် လုံဆင်ပိသည် ရင်းနှီးခင်မင်သော သူငယ်ချင်းများဖြစ်ကြောင်း သိထားသည်။

သို့ဖြစ်၍ သူမသည် လုံဆင်ပိတို့အား စူးတချူရှိမည့်နေရာများကို ညွှန်ပြခဲ့လေသည်။

ထို့ကြောင့် သူတို့သည် လူစုခွဲ၍ တစ်ယောက်တစ်နေရာ



ရှာဖွေခဲ့လေသည်။ သို့သော် ထိုနေရာများ၌ စူးတချူကို မတွေ့ရှိခဲ့ပေ။

သို့ဖြစ်၍ ထန်ကြို့ချွမ်သည် ရှောင်ယင်းထံ ထပ်မံ၍ သွားရောက်ခဲ့လေသည်။

ရှောင်ယင်းထံသို့ သူရောက်ရှိသောအခါ ရှောင် ယင်းအား အနက်ရောင်ကိုယ်ကျပ်အင်္ကျီ ဝတ်ထားသောလူများက ဖမ်းဆီးသွားသည်ကို လှမ်း၍တွေ့လိုက်ရလေသည်။

ထို့ကြောင့် သူသည် လုံဆင်ပိတို့အား ပူလွှတ်၍ အကြောင်းကြားလိုက်ပြီး ထိုလူစု၏နောက်မှ ခြေရာခံ၍ လိုက်လာခဲ့ခြင်း ဖြစ်ပါသည်။

သို့သော် ယခု သူသည် မည်သို့မျှ မတတ်နိုင်တော့ချေ။ သူသည် ရှောင်ယင်းနှင့် စူးတချူတို့အား ငွေရောင်ဝံပုလွေမင်းသား၏လက်မှ ကယ်ဆယ်ရန် ကြိုးစားခဲ့သည်။

ထိုစဉ် ပြတင်းပေါက်မှ လူတစ်ယောက်ဝင်ရောက်လာပြီး ရှောင်ယင်းနှင့် စူးတချူတို့အား ခေါ်ဆောင်သွားခဲ့သည် မဟုတ်ပါလော။ ဤသို့ဆိုလျှင် ရှောင်ယင်းနှင့် စူးတချူတို့အား ခေါ်ဆောင်သွားသူမှာ မည်သူနည်း။

ထိုလူသည် အဘယ်ကြောင့် သူတို့အား ခေါ်ဆောင်သွားရသနည်း။ ထိုလူနှင့် သူတို့သည် မည်သို့ အဆက်အသွယ်ရှိနေသနည်း။

ထိုလူသည် သူတို့အား ကယ်တင်သွားခြင်းလော သို့မဟုတ် ...။

ထန်ကြို့ချွမ် ဆက်၍ မစဉ်းစားတော့ပါ။ အဘယ်ကြောင့်ဆိုသော် သူသည် မစဉ်းစားတတ်အောင်ပင် ဖြစ်နေသည် မဟုတ်ပါလော။ ယခု ထန်ကြို့ချွမ် စဉ်းစားနေသည်မှာ အရက်ဝအောင် သောက်ရန်ပင် ဖြစ်ပေသည်။

သူသည် သူ၏ညီမ ထန်ကြို့ချင်းပျောက်သွားသည့်နေ့မှစ၍ အရက်မသောက်ခဲ့သည်မှာ ယနေ့တိုင်အောင်ဖြစ်သည်။ ထို့ကြောင့် သူသည် အရက် သောက်လိုသောဆန္ဒကို ချိုးနှိမ်လိုက်ပြီး သက်ပြင်းတစ်ချက် မှုတ် ထုတ်လိုက်လေသည်။ ထို့နောက် ထိုင်ရာမှ ထလိုက်သည်။

ထိုစဉ် အဝေးမှ မြင်းခွာသံများကို ကြားလိုက်ရလေတော့သည်။

✵

မြင်းခွာသံများသည် တည်းခိုခန်းရှေ့၌ ရပ်တန့်၍ သွားလေသည်။ ထန်ကြို့ချွမ်သည် ပြတင်းပေါက်မှ ငုံ့၍ ကြည့်လိုက်သည်။ မြင်း (၄) ကောင် ရပ်ထားသည်ကို တွေ့လိုက်ရသည်။



လူလေးယောက်သည် မြင်းပေါ်မှ ဆင်းလိုက်ပြီး အထဲသို့ လှမ်းဝင်လိုက်လေသည်။

ထန်ကြို့ချွမ်သည် ထိုလူ (၄) ယောက်အား တွေ့လိုက်သည်နှင့် သူ၏မျက်နှာပေါ်တွင် ပြုံးရိပ်များ သမ်းလာသည်။

အဘယ်ကြောင့်ဆိုသော် ထိုလူ (၄) ယောက်မှာ လုံဆင်ပိ၊ ဝေ့ခုံးခုံး၊ စုမာရှဲ့နှင့် သူ၏ဖခင် ထန်အဘိုးအိုပင် ဖြစ်သည်မဟုတ်ပါလော။

✵

အခန်းထဲသို့ ပထမဆုံး ဝင်ရောက်လာသူမှာ ထန်အဘိုးအို ဖြစ်ပါသည်။ ထန်အဘိုး၏ နောက်မှ လုံဆင်ပိနှင့် ဝေ့ခုံးခုံး ဝင်ရောက်လာသည်။

အခန်းထဲသို့ နောက်ဆုံးဝင်ရောက်လာသူမှာ စုမာရှဲ့ ဖြစ်ပါသည်။ စုမာရှဲ့သည် အခန်းထဲသို့ ရောက်သည်နှင့် အခန်းအား ဝေ့၍ တစ်ချက်ကြည့်လိုက်သည်။ ပြီးမှ ...

"တို့လည်း သတင်းရချင်း လိုက်ခဲ့တာပဲ"

ဟု လှမ်း၍ ထန်ကြို့ချွမ်ကို ပြောလိုက်လေသည်။

ထန်ကြို့ချွမ်သည် သူ၏ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်လေသည်။ ပြီးမှ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ရင်း ...

"လက်မတင်ကလေး လွတ်သွားတယ်"

ဇွေခုံးခုံးသည် မျက်မှောင်ကုတ်လိုက်ပြီး ...

"မင်း ဘာလို့ ဆက်မလိုက်တာလဲ"

ထန်ကြို့ချွမ်သည် ကုလားထိုင်ပေါ်သို့ ပြန်၍ ထိုင်လိုက်သည်။ ပြီးမှ သူသည် ဂန္ဓမာပန်းဥယျာဉ်စားသောက်ဆိုင်၌ ဖြစ်ပျက်ခဲ့သမျှကို ပြောပြလေသည်။

စုမာရှဲ့သည် ကြမ်းပြင်ပေါ်၌ လဲကျသေဆုံးနေသော အနက်ရောင်ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားသူ (၄) ယောက်အား ကြည့်နေရာမှ ထန်ကြို့ချွမ်အား လှမ်း၍ကြည့်လိုက်သည်။

ပြီးမှ ...

"မင်းရောက်လာတော့ ရှောင်ယင်းနဲ့ စူးတချူတို့ ငွေရောင်ဝံပုလွေမင်းသားက ဖမ်းထားပြီးပြီနော်"

ထန်ကြို့ချွမ်သည် သူ၏ ဦးခေါင်းကို ညိတ်၍ ပြလိုက်ပြီး-

"ဟုတ်တယ် ... ကျုပ်ရောက်လာတော့ ရှောင်ယင်းရဲ့ မျက်နှာပေါ်ကို ဆေးရည်လောင်းမယ် လုပ်နေပြီ"

စုမာရှဲ့သည် သူ၏ ဦးခေါင်းကို တဆတ်ဆတ်ညိတ်ရင်း...

"နောက်ပြီး ပြတင်းပေါက်က လူတစ်ယောက် ပေါ်လာပြီး



သူတို့ကို ကယ်သွားတယ်နော်"

"ဟုတ်တယ်"

စုမာရှဲ့သည် မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီး ...

"ဘယ်သူဆိုတာ မရိပ်မိဘူးလား"

ထန်ကြို့ချွမ်သည် ထိုင်ရာမှ ဝုန်းခနဲ ထ၍ ရပ်လိုက်ပြီး-

"ကျုပ်တို့က တစ်ယောက်ကိုတစ်ယောက် သူသေ ကိုယ်သေ သတ်နေကြတာ၊ ကနေတာ မဟုတ်ဘူး။ ကျုပ်က ဘယ်လိုလုပ်ပြီး စူးတချူတို့ကို ခေါ်သွားတာ ဘယ်သူဘယ်ဝါဆိုတာ သိနိုင်ပါ့မလဲ"

စုမာရှဲ့သည် ပြုံးလိုက်ပြီး သူမ၏လက်ထဲမှ ငွေအပ်ကလေး (၄) ချောင်းကို စားပွဲပေါ်သို့ တင်လိုက်သည်။

သူသည် ယင်းငွေအပ်များကို ကြမ်းပေါ်၌ လဲကျသေဆုံးနေသော လူ (၄) ယောက်ထံမှ ရရှိခဲ့ခြင်း ဖြစ်ပေသည်။

ယင်းငွေအပ်များ၏အရင်းပိုင်းတွင် နဂါးဦးခေါင်းပုံ ထွင်းထုထားပြီး လက်ရာ အလွန်မြောက်လေသည်။

စုမာရှဲ့သည် သူ၏ရင်ဘတ်ကြားမှ ငွေအပ်တစ်ချောင်းကို ထုတ်ယူလိုက်လေသည်။

ထို့နောက် ယင်းငွေအပ်အား စားပွဲပေါ်သို့ တင်လိုက်သည်။ ယင်းငွေအပ်သည် စားပွဲပေါ်၌ရှိသော ငွေအပ် (၄) ချောင်းနှင့်

တစ်ပုံစံတည်း ဖြစ်လေသည်။

အခန်းထဲရှိ မျက်လုံး ရှစ်လုံးသည် စားပွဲပေါ်မှ ငွေအပ်
(၅) ချောင်းပေါ်သို့ စုပြုံရောက်ရှိသွားလေသည်။

ထို့နောက် သူတို့၏ မျက်လုံးများသည် နားမလည်သော ပုံသဏ္ဌာန်ဖြင့် စုမာရှဲ့အား ငေး၍ကြည့်လိုက်ကြသည်။

ထန်ကြို့ချွမ်သည် စိတ်မရှည်နိုင်တော့ဘဲ ...

"ဘာလဲ ... မင်းက ငါတို့ကို မျက်လှည့်ပြမလို့လား"

စုမာရှဲ့သည် ပြုံးရင်း သူ၏ ဦးခေါင်းကို ခါယမ်းပြလိုက်လေသည်။ ပြီးမှ ...

"စူးတချူကို ဘယ်သူခေါ်သွားတယ်ဆိုတာ ပြောမလို့"

လုံဆင်ပိသည် သူ၏နှာခေါင်းကို ပွတ်ရင်း ...

"မင်းက ဒီငွေအပ်ပိုင်ရှင်ကို သိတယ်ပေါ့"

စုမာရှဲ့က သူ၏ ဦးခေါင်းကို ညိတ်ပြလိုက်သည်။ ပြီးမှ

"ဒီငွေအပ်ပိုင်ရှင်ဟာ ငါတို့ကို သတ်ဖို့ ကြိုးစားခဲ့ဖူးတယ်"

ထိုစဉ် ဝေ့ခုံးခုံးသည် ရုတ်တရက် ပြုံးလိုက်ပြီး ...

"ကျူပ်ထင်တာ မမှားဘူးဆိုရင် ဒီလူဟာ ခန်းပိုင် ဖြစ်ရမယ်"

စုမာရှဲ့သည် သူ၏ ဦးခေါင်းကို ညိတ်လိုက်ပြီး ...

"ဟုတ်တယ် ... ခန်းပိုင်ပဲ၊ ပြီးတော့ ကျူပ်ယူလာတဲ့ ဒီငွေ အပ်ဟာ ထန်အဘိုးအိုကို ပစ်ခဲ့တဲ့ ငွေအပ်တစ်ချောင်းပေါ့၊ ကျူပ်



ကောက်လာခဲ့တာ"

လုံဆင်ပိသည် သူ၏ မျက်ခုံးမွေးများ နိမ့်ကျသည့်တိုင်အောင် မျက်မှောင်ကြုတ်လိုက်ပြီး ...

"ခြေသလုံးအိမ်တိုင် သိုင်းသမား ခန်းပိုင် ဆိုတာလား"

စုမာရှဲ့နှင့်ဝေ့ခုံးခုံးတို့သည် သူ၏ ဦးခေါင်းများကို ပြိုင်တူ ညိတ်ပြလိုက်သည်။

လုံဆင်ပိသည် ပြုံးလိုက်ရင်း ...

"ဒါဆို ကျူပ်တို့ ဘာလို့ ဒီမှာ အချိန်ဖြုန်းနေလဲ"

ထန်ကြို့ချွမ်သည် စားပွဲကို လက်ဝါးဖြင့် တစ်ချက်ရိုက်လိုက်ပြီး ...

"ဒီမှာ အချိန်မဖြုန်းလို့ မင်းက ခန်းပိုင်သွားမယ့်နေရာကို သိလို့လား"

လုံဆင်ပိသည် နှစ်မြို့က်စွာတစ်ချက်ပြုံးရင်း သူ၏ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြလိုက်လေသည်။

ထန်အဘိုးအို၊ ထန်ကြို့ချွမ်၊ စုမာရှဲ့နှင့် ဝေ့ခုံးခုံးတို့၏ မျက်လုံး ရှစ်လုံးသည် လုံဆင်ပိအား စိုက်၍ ကြည့်လိုက်ကြလေတော့သည်။ လုံဆင်ပိသည် သူတို့အား ပြုံး၍ပြလိုက်ပြီး ...

"ဒါပေမဲ့ ကျူပ် ခန်းပိုင်ရှိမယ့်နေရာကို သိတာ မဟုတ်ဘူးနော်"

မျက်လုံးရှစ်လုံးသည် မျက်မှောင်ပြိုင်တူ ကြုတ်သွားလေသည်။ ပြီးမှ ထန်ကြို့ချမ်သည် စိတ်ပျက်သောလေသံဖြင့် ...

"ဒါဆို ကျုပ်တို့ ဘယ်လိုလုပ်ရှာရမှာလဲ"

လုံဆင်ပိသည် ပြုံးမြဲ ပြုံးလျက် ...

"ဒါပေမဲ့ ခန်းပိုင်ကို ဆက်သွယ်ချင်ရင် ဘယ်က ဆက်သွယ်ရမယ်ဆိုတာ ကျုပ်သိထားပါတယ်"

ထန်ကြို့ချမ်သည် စိတ်မရှည်သော လေသံဖြင့် ...

"ဒီမှာ ... မင်း ပဟေဠိတွေ သိပ်ဝှက်မနေနဲ့၊ ကျုပ်တို့ ခန်းပိုင်ကိုတွေ့မှ ရူးတချူကို တွေ့မယ်၊ ရူးတချူကို တွေ့မှ တုထိကျန်းအကြောင်း သိရမယ်၊ ဒါမှ ထန်ကြို့ချင်းကိုတွေ့ဖို့ လမ်းစရမယ်ဆိုတာ နားလည်ထားစမ်းပါ"

ဟု အော်ဟစ်ပြောလိုက်လေသည်။

လုံဆင်ပိသည် ထန်ကြို့ချင်းဟူသောအမည်ကို ကြားလိုက်ရသည်နှင့် သူ၏အသည်းနှလုံးအား ဆူးကလေးဖြင့် ထိုးချလိုက်သကဲ့သို့ ခံစားလိုက်ရလေသည်။

ထို့ကြောင့် သူသည် သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး ...

"တို့ အခု သုဘရာဇာ စီးယုံဆီသွားကြမယ်"

ဟု ပြောလိုက်ပြီး အခန်းထဲမှ စတင်ထွက်သွားလေတော့သည်။



စုမာရှဲနှင့်ဝေ့ခုံးခုံးတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ပြီး ပြုံးစိစိဖြင့် လုံဆင်ပိ၏နောက်သို့ လိုက်သွားလေတော့သည်။

ထန်အဘိုးအိုသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး အခန်းထဲမှ ထွက်သွားလေသည်။

ထန်ကြို့ချမ်သည် အခန်းတံခါးဝနောက်မှ အခန်းထဲသို့ တစ်ခေါက်ပြန်၍ လျှောက်လာပြီး စားပွဲပေါ်မှ ငွေအပ်များကို ယူလိုက်သည်။ ပြီးမှ လုံဆင်ပိတို့နောက်သို့ လိုက်သွားလေတော့သည်။

(ဂ)

ခေါင်း ... သစ်လုံးကိုထွင်းပြုလုပ်ထားသော ခေါင်းများ အခန်းတစ်ခုလုံးတွင် ခေါင်းများနှင့် ပြည့်၍နေသည်။

အိမ်ထောင်ပရိဘောဂများအနေဖြင့် ကွပ်ပျစ်တစ်လုံး၊ စားပွဲတစ်လုံး၊ ကုလားထိုင်တစ်လုံး၊ မှန်မီးအိမ်တစ်ခုနှင့် ပန်းကန်ခွက်ယောက်အနည်းငယ်မျှသာရှိပြီး တစ်ခန်းလုံး ခေါင်းများဖြင့်သာ ပြည့်နေသည်မဟုတ်ပါလား။

မှန်မီးအိမ်သည် စားပွဲပေါ်၌ရှိပြီး မီးအိမ်မှ ဝါကြန့်ကြန့် အလင်းရောင်သည် စားပွဲတစ်ဝိုက်၌သာ လင်း၍နေလေသည်။

စားပွဲဘေးရှိ ကုလားထိုင်ပေါ်တွင် အဘိုးအိုတစ်ယောက်သည် အရက်အိုးကို မော့၍သောက်နေလေသည်။

အဘိုးအို၏ဆံပင်များသည် ကြာဆံကဲ့သို့ ဖြူဖွေးနေပြီး သူ၏မုတ်ဆိတ်မွေးများသည်လည်း ဆံပင်နှင့် လိုက်ဖက်ညီစွာ ဖြူဖွေး၍နေလေသည်။

ထိုအဘိုးအိုသည် 'စီးယုံ' ပင် ဖြစ်ပါသည်။



အဘိုးအို၏လုပ်ငန်းသည် ခေါင်းများရောင်းချသည့်လုပ်ငန်းပင် ဖြစ်ပါသည်။

✲

အဘိုးအိုစီးယုံသည် အရက်အိုးကိုမော့၍ သောက်နေသည်။

ထိုစဉ် ရုတ်တရက် အဘိုးအို၏ခန္ဓာကိုယ်တစ်ခုလုံးရှိ သွေးကြောများသည် ရပ်တန့်သွားသည်ဟု ခံစားလိုက်ရလေသည်။ အဘယ်ကြောင့်ဆိုသော် သူ၏အခန်းထဲသို့ လူငါးယောက် ဝင်လာသည်ကို တွေ့လိုက်ရသည်မဟုတ်ပါလော။

တစ်ချိန်တည်းမှာပင် အဘိုးအို၏လက်ထဲမှအရက်အိုးသည် ကြမ်းပြင်ပေါ်သို့ လွတ်ကျသွားလေတော့သည်။

'ချွမ်း'

ဟူသော အသံနှင့်အတူ အရက်အိုးသည် ကြမ်းပေါ်၌ အစိတ်စိတ်အမြွာမြွာ ကွဲသွားလေတော့သည်။ လူငါးယောက်သည် အဘိုးအိုရှိရာစားပွဲသို့ တဖြည်းဖြည်း ချဉ်းကပ်လာလေသည်။

အဘိုးအိုသည် ထိုလူငါးယောက်အား မျက်လုံးပြူး၍ ကြည့်နေလေသည်။

ထိုလူငါးယောက်သည် အဘိုးအိုအား ဝန်းရံလိုက်လေသည်။ ပြီးမှ တစ်ယောက်က စတင်၍ ...

"ကျုပ်တို့ လူတစ်ယောက်နဲ့ တွေ့ချင်လို့"

အဘိုးအိုသည် တံတွေးတစ်ချက် မျိုချလိုက်ပြီး ...

"ဒီမှာ ကျုပ်တစ်ယောက်တည်း နေတာပဲ"

"ဒါပေမဲ့ အဲဒီလူရှိတဲ့နေရာကို ခင်ဗျားသိတယ်"

အဘိုးအိုသည် ထိုလူငါးယောက်အား တစ်လှည့်စီ ကြည့်လိုက်ပြီး ...

"မင်းတို့ ဘာတွေလာပြီး ပြောနေတာလဲ"

ဟု မေးလိုက်လေသည်။ ထိုစဉ် တစ်ယောက်က အဘိုးအို၏ ပခုံးကို ကိုင်လိုက်ပြီး...

"ကျုပ်တို့ ခန်းပိုင်ကို တွေ့ချင်တယ်"

အဘိုးအိုသည် သူ၏ ဦးခေါင်းကို ခါးယမ်းလိုက်ပြီး ...

"ဘယ်က ခန်းပိုင်လဲ ... ကျုပ် မသိဘူး"

ထိုစဉ် လူတစ်ယောက်က စိတ်မရှည်သောလေသံဖြင့် ...

"ကြာတယ်ကွာ၊ မြန်မြန်ပြောအောင်လုပ်၊ အချိန်မရှိဘူး"

ဟု ပြောလိုက်လေသည်။

ထို့ကြောင့် အနက်ရောင်ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသူ တစ်ယောက်က မှန်မီးအိမ်မှ ဆီများကို အဘိုးအို၏ခန္ဓာကိုယ်ပေါ်သို့



လောင်းချလိုက်သည်။

ထို့နောက် မီးခြစ်အား ခြစ်လိုက်ပြီး ...

"ကဲ ... ခန်းပိုင် ဘယ်မှာရှိသလဲ"

ထိုစဉ် ရုတ်တရက် ...

"ကျုပ် ဒီမှာ"

ဟူသောအသံကို ကြားလိုက်ရလေသည်။ လူ (၅) ယောက်၏ခန္ဓာကိုယ်များသည် ထိတ်လန့်တုန်လှုပ်သွားပြီး အသံကြားရာသို့ ပြိုင်တူလှည့်ကြည့်လိုက်ကြလေသည်။ သို့သော် သူတို့သည် အသံရှင်ကို မတွေ့ရချေ။

သူတို့သည် ခါး၌ ချိတ်ဆွဲထားသော ဓားများကို ကိုယ်စီ ထုတ်လိုက်ကြသည်။

အခန်းတစ်ခုလုံးသည် ရုတ်ခြည်းတိတ်ဆိတ်သွားလေတော့သည်။

ထို့ကြောင့် သူတို့သည် မိမိတို့၏နှလုံးခုန်သံများကိုပင် မြန်၍ကြားနေသည်ဟု ခံစားရလေသည်။

ထိုစဉ် အသက်ရှူရှိုက်သံသည် တဖြည်းဖြည်းနှင့် အမှောင်ထုအတွင်းမှ ပေါ်ထွက်လာလေသည်။

အနက်ရောင် ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားသော လူများ၏နဖူးတွင် ချွေးများစို့၍ လာလေသည်။

သူတို့၏စားကိုင်ထားသော လက်များသည်လည်း ချွေးများဖြင့် စေးကပ်လာလေသည်။

ရုတ်တရက် အသက်ရှူရှိုက်သံ ရပ်တန့်သွားပြီး ညည်းတွားသံပေါ်၍လာလေသည်။

ယင်းညည်းတွားသံသည် သူတို့၏ဝဲဘက်မှ ပေါ်ထွက်လာခြင်း ဖြစ်ပေသည်။

ထို့ကြောင့် သူတို့အားလုံး၏မျက်လုံးများသည် ညည်းတွားသံထွက်ပေါ်ရာဘက်သို့ လှည့်ကြည့်လိုက်လေသည်။

ယင်းသို့ကြည့်လိုက်မိသည်နှင့် တစ်ပြိုင်တည်း သူတို့၏မျက်လုံးများ ပြူးကျယ်၍ သွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော် အခန်း၏ဝဲဘက်ထောင့်၌ ချထားသောခေါင်းမှ ညည်းတွားသံပေါ် ထွက်လာခြင်း ဖြစ်သည်မဟုတ်ပါလား။

သူတို့သည် သတိကြီးစွာဖြင့် ခေါင်းနားသို့ ကပ်၍လာလေသည်။

သူတို့ ခေါင်းနားသို့ရောက်သည်နှင့် ညည်းတွားသံသည် ရုတ်တရက် ပျောက်ကွယ်သွားလေတော့သည်။

ထိုစဉ် ရုတ်တရက် သူတို့၏နောက်ဘက်မှ သစ်သားခေါက်သံကို အဆက်မပြတ် ကြားလိုက်ရလေသည်။



ယင်းသို့ ကြားလိုက်ရသဖြင့် သူတို့၏ခန္ဓာကိုယ်များသည် တုန်လှုပ်သွားပြီး နောက်သို့ပြိုင်တူလှည့် လိုက်ကြလေသည်။

ထိုစဉ် ရုတ်တရက် 'ဒေါက်'ဟူသော အသံနှင့်အတူ လူဦးခေါင်းခွံတစ်ခုသည် သူတို့ရှေ့သို့ ကျလာလေသည်။

အနက်ရောင်ကိုယ်ကျပ်အကျႌဝတ်ဆင်ထားသော လူ(၅)ယောက်သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

သူတို့၏မျက်လုံးများသည် ထိတ်လန့်ဟန် ပေါ်လွင်၍နေသည်။

ထိုစဉ် သူတို့သည် တစ်စုံတစ်ရာကို သတိပြုမိလိုက်လေသည်။

ဤသည်မှာ အခန်းထဲ၌ အဘိုးအိုစီးယုံ ရှိမနေတော့ခြင်းပင် ဖြစ်ပါသည်။

ထိုစဉ် 'ဝုန်း'ဟူသော အသံနှင့်အတူ ဝဲဘက်ထောင့်မှ ခေါင်း၏အဖုံးသည် ပွင့်၍သွားလေတော့သည်။

အနက်ရောင်ကိုယ်ကျပ်အကျႌ ဝတ်ထားသော လူ(၅)ယောက်သည် နောက်သို့လှည့်ကြည့်လိုက်ရာ ပွင့်သွားသောအခေါင်းထဲမှ အလောင်းတစ်လောင်းထလာသည်ကို တွေ့လိုက် ရလေသည်။

သူတို့သည် ယင်းအလောင်းအား တွေ့လိုက်သည်နှင့် တစ်ပြိုင်တည်း ...

"ခန်းပိုင်"

ဟု ပြိုင်တူရေရွတ်လိုက်မိလေတော့သည်။

သူတို့၏တီးတိုးရေရွတ်သံမဆုံးမီမှာပင် ခန်းပိုင်၏လက်သည် တစ်ချက်မျှ လှုပ်ရှားသည်ကို တွေ့လိုက်ရလေသည်။

ထို့နောက် သူတို့၏ရင်ဝ၌ နာကျင်သောဝေဒနာတစ်ရပ်ကို ခံစားလိုက်ရလေသည်။

တစ်ဆက်တည်းမှာပင် သူတို့၏မျက်လုံးများသည် ပြာဝေ၍သွားပြီး သူတို့သည် အမှောင်ထုထဲသို့ ဝင်ရောက်သွားသည်ဟု နောက်ဆုံး ခံစားလိုက်ရလေတော့သည်။

✵

ခန်းပိုင်သည် ငြိမ်သက်စွာ ရပ်နေသည်။ သူသည် ကြမ်းပြင်၌ လဲကျသေဆုံးနေသော လူ (၅) ယောက်အား ကြည့်ရင်း သူ၏ဦးခေါင်းကို တစ်ချက် ခါယမ်းလိုက်သည်။

ထိုစဉ် အခြားခေါင်းတစ်ခု၏အဖုံးသည် ပွင့်၍သွားပြီး စူးတချူ ထွက်လာလေသည်။

ယင်းအချိန်တွင် အဘိုးအိုစီးယုံနှင့် ရှောင်ယင်းတို့သည်



ခေါင်းများကြားမှ ထွက်လာလေသည်။

ခန်းပိုင်သည် ထိုလူ (၅) ယောက်၏ရင်ဝ၌စိုက်နေသော သူ၏ငွေအပ်များကို ပြန်လည်နုတ်ယူလိုက်ပြီး အဘိုးအို စီးယုံအား လှမ်း၍ကြည့်လိုက်လေသည်။

ထို့နောက် လူ (၅) ယောက်အား မ၍ ခေါင်းတစ်လုံးစီတွင် ထည့်ထားလိုက်လေတော့သည်။

✵

လုံဆင်ပိသည် ပင်ပန်းနေပြီဖြစ်သည်။ ထို့အတူ ထန်အဘိုးအို၊ ထန်ကြို့ချွမ်၊ စုမာရှဲ့နှင့် ဝေ့ခုံးခုံးတို့သည်လည်း ပင်ပန်းနွမ်းနယ်နေပြီဖြစ်သည်။

သူတို့သည် လူပင်ပန်းခြင်းထက် စိတ်က ပို၍ ပင်ပန်းနေပေသည်။

သူတို့သည် ကြမ်းပြင်ပေါ်၌ တစ်ယောက်ကိုတစ်ယောက် စကားမပြောကြချေ။

ယခု သူတို့ ရောက်ရှိနေသောနေရာမှာ စီးယုံ၏ အိမ်ထဲတွင် ဖြစ်ပါသည်။

သူတို့ရောက်ရှိလာသောအခါ အခန်းထဲတွင် ခေါင်းများမှလွဲ၍ သက်ရှိသတ္တဝါဟူ၍ မတွေ့ရချေ။

သို့သော် ငွေရောင်ဝံပုလွေမင်းသား၏ လူ(၅)ယောက်ကို ခေါင်းတစ်ခုစီ၌ ထည့်ထားလိုက်သည်ကို တွေ့ရပေသည်။

ထို့ကြောင့် သူတို့သည် စိတ်ပျက်လက်ပျက်ဖြင့် ကြမ်းပေါ်၌ ထိုင်လိုက်ပြီး တစ်ယောက်ကိုတစ်ယောက် စကားမပြောဖြစ်ခြင်းပင် ဖြစ်ပါသည်။

သို့ဖြစ်၍လည်း သူတို့(၅) ယောက်၏ကြား၌ တိတ်ဆိတ်မှုသည် လွှမ်းမိုး၍နေပေသည်။ အတန်ကြာမှ စုမာရှဲ့သည် ထိုင်ရာမှ ထလိုက်ပြီး ...

"ကျုပ်တို့ ဝင်လာတုန်းက အပြင်မှာ မသာတင်လှည်း တွေ့ခဲ့လား"

ဟု မေးလိုက်သည်။

လုံဆင်ပိသည် ထန်ကြို့ချမ်အား လှမ်း၍ ကြည့်လိုက်သည်။ ထန်ကြို့ချမ်သည် ဝေ့ခုံးခုံးအား လှမ်း၍ကြည့်လိုက်သည်။

ဝေ့ခုံးခုံးသည် ထန်အဘိုးအိုအား လှမ်း၍ကြည့်လိုက်သည်။ ပြီးမှ သူတို့အားလုံးသည် ဦးခေါင်းများကို ခါယမ်းပြလိုက်လေသည်။ စုမာရှဲ့သည် သူ၏ဦးခေါင်းကို ခါယမ်း၍ ...

"ကျုပ်လည်း မတွေ့ခဲ့ဘူး"



လုံဆင်ပိသည် ထိုင်ရာမှ ထလိုက်ပြီး ...

"အင်း ... ကျုပ်တို့ ဘာဖြစ်လို့ ဒီလောက်တောင် ညံ့နေတာလဲ"

ဟု ညည်းညူလိုက်လေသည်။ ဝေ့ခုံးခုံးသည် သက်ပြင်းတစ်ချက် ချလိုက်ရင်း ...

"ဟုတ်တယ် ... ကျုပ်တို့ ရောက်စက အလောင်းတွေဟာ ပူနွေးနေတုန်းပဲ၊ ဒါကြောင့် ခန်းပိုင်တို့ထွက်သွားတာ သိပ်ကြာမှ မဟုတ်သေးဘူး"

ထန်ကြို့ချမ်သည် ထိုင်ရာမှထရင်း ...

"ဒါဆို ကျုပ်တို့ သူတို့ကို မီနိုင်သေးတယ်"

ထန်အဘိုးအိုသည် သက်ပြင်းတစ်ချက် မှုတ်ထုတ်ရင်း ...

"သူတို့ ဘယ်ဘက်ကို ဦးတည်ပြီး ထွက်သွားတယ်ဆိုတာ ဘယ်လိုလုပ် သိနိုင်မလဲ"

လုံဆင်ပိသည် သူ၏ နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး...

"သုံးနေရာပဲရှိတယ်၊ ဂန္ဓမာကျေးရွာရယ်, ချယ်ရီတောင်တန်းရွာရယ်, ပြီးတော့ ဟန်ကျူးမြို့ရယ်"

စုမာရှဲ့သည် သူ၏ပေါင်ကို လက်ဝါးဖြင့် ပုတ်လိုက်ပြီး ...

"ချယ်ရီတောင်တန်းရွာပဲ ဖြစ်မယ်"

ဝေ့ခုံးခုံးသည် မျက်မှောင်ကြုတ်လိုက်ပြီး ...

"ဘာဖြစ်လို့လဲ"

စုမာရှဲ့သည် ပြုံးလျက် ...

"မင်းပဲ စဉ်းစားကြည့်လေ ... သူတို့ ဒီကို ဂန္ဓမာကျေးရွာက လာတာ၊ ဒီတော့ သူတို့ဟာ ဟန်ကျူးမြို့ရယ်, ချယ်ရီတောင်တန်းရွာကိုပဲ သွားဖို့ရှိတယ်၊ အဲ ... ဟန်ကျူးမြို့နဲ့ ဒီနဲ့က ခရီးအဝေးဆုံးပဲ"

ဝေ့ခုံးခုံးသည် သူ၏ဦးခေါင်းကို ညိတ်ရင်း ...

"အင်း ... ဒါကြောင့် ချယ်ရီတောင်တန်းရွာကိုပဲ သွားမယ်ပေါ့"

စုမာရှဲ့သည် သူ၏ ဦးခေါင်းကို ညိတ်၍ ပြလိုက်သည်။ ထန်ကြို့ချွမ်သည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး ...

"ဒါဖြင့် ကျုပ်တို့ သွားကြစို့" ဟု ပြောလိုက်လေသည်။

ထို့နောက် သူတို့သည် သူတို့၏ မြင်းများကို ချယ်ရီတောင်တန်း ကျေးရွာသို့ ဦးတည်လိုက်လေသည်။

နံနက်ခင်း၏နေရောင်ခြည်သည် ဝန်းကျင်တစ်ခုလုံးအား လွှမ်းခြုံ၍ထားသည်။ သို့သော် နွေးထွေးမှုကို ပြည့်ဝစွာမပေးနိုင်သေးချေ။

သို့ဖြစ်၍လည်း ချယ်ရီပန်းတောင်တန်းအား မိုးနှင်းများက ရစ်သိုင်း၍နေဆဲ ဖြစ်သည်။ ယင်းတောင်ကုန်းတက်ရာ လမ်းကလေးသည် မြွေတစ်ကောင်ကဲ့သို့ တွန့်လိမ်၍နေလေသည်။



ချယ်ရီတောင်ကုန်းဟု အမည်နာမ,ရှိသော်လည်း ချယ်ရီပန်းပင်များကို မတွေ့ရချေ။ ဝါးပင်များကိုသာ တွေ့ရပေသည်။

ယင်းတောင်ကုန်း၏တောင်ခါးပန်း၌ ယိုယွင်းပျက်စီးနေသော ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းသည် နေရောင်ခြည်၏ အနွေးဓာတ်ကို ခံယူ၍နေလေသည်။

ယင်းကျောင်းဝင်းသည် အသုံးမပြုသည်မှာ မည်မျှကြာပြီဖြစ်ကြောင်းကို ရှည်လျားသော မြက်ပင်များအား မြင်တွေ့ရုံနှင့် သိနိုင်ပေသည်။

ယင်းရှည်လျားသော မြက်ပင်များကြား၌ ချယ်ရီပင်တစ်ပင် ပေါက်၍နေလေသည်။

ဤချယ်ရီပင်တစ်ပင်ကြောင့် အပင်၏တောင်ကုန်းအား ချယ်ရီပန်းတောင်ကုန်းဟု ခေါ်ဝေါ်ခဲ့လေသလားဟူ၍ မသိနိုင်ချေ။

မည်သို့ပင်ဆိုပါစေ ... ဤတောင်ကုန်း၌ ချယ်ရီပန်းပင်တစ်ပင်တည်း ရှိသည်ကတော့ အမှန်ပင်ဖြစ်ပါသည်။

တောင်တက်လမ်းကလေး ကွေ့ကွေ့ကောက်ကောက်နှင့် တောင်ပေါ်သို့ တဖြည်းဖြည်း တက်လာသည်။

သို့သော် ယင်းလမ်းကလေးသည် တောင်ခါးပန်း၌ပင် အဆုံးသတ်သွားသည်။ ယင်းလမ်းဆုံးသောနေရာသည် အုတ်နံရံများ ပြို၍ကျနေသော ကျောင်းဝင်း၏အဝင်ဝပင် ဖြစ်ပါသည်။

တစ်နည်းဆိုလျှင် တောင်တက်လမ်းကလေး၏အဆုံးသည် ကျောင်းဝင်းထဲသို့ဝင်သော လမ်း၏အစပင် ဖြစ်သည်မဟုတ်ပါလော။

ယခု ဤတောင်တက်လမ်းကလေးအတိုင်း မြင်း(၅)စီး မောင်းနှင်၍လာလေသည်။

ရှေ့ဆုံးမြင်းပေါ်၌ ထန်အဘိုးအို စီးနင်းလိုက်ပါလာသည်။ ထန်အဘိုးအို၏နောက်မှ ထန်ကြို့ချွမ် လိုက်ပါလာလေသည်။

သူတို့၏နောက်မှ ဖေ့ခုံးခုံးနှင့်စုမာရှဲ့တို့ စကားပြောရင်း လိုက်ပါလာလေသည်။

နောက်ဆုံး မြင်းပေါ်၌ လုံဆင်ပိသည် တိတ်ဆိတ်စွာ လိုက်ပါလာလေသည်။

မိုးနှင်းများ အုံ့ဆိုင်းနေသော ပတ်ဘန်းကျင်နှင့်ဝါးရုံများကြားမှ ဖြာ၍ဆင်းသက်လာသော နေရောင်ခြည်သည် သူ၏စိတ်ကို သွေဝေငေးမောစေလေသည်။

လွမ်းမောစေလေသည်။ တမ်းတစေလေသည်။

သို့ဖြစ်၍လည်း သူသည် တိတ်ဆိတ်စွာပင် လိုက်ပါ၍လာခြင်း ဖြစ်ပါသည်။

✲



## (၉)

လေသည် အေးစိမ့်၍ နေသည်။ တောင်ခါးပန်း၌ လေသည် ပို၍ တိုက်ခိုက်နေသည်။ သို့ဖြစ်၍ အအေးဓာတ်သည် ပိုကဲ၍နေသည်။

ကျောင်းဝင်းထဲရှိ မြက်ပင်များသည် ဘယ်ညာယိမ်း၍ နေသည်။ ကျောင်းဝင်းထဲတွင် မြင်းလှည်းတစ်စီး ရပ်၍ထားသည်။

သို့သော် ယင်းမြင်းလှည်း၌ မြင်းများ တပ်ဆင်ထားသည်ကို မတွေ့ရချေ။ မြင်းလှည်းပေါ်တွင် ခေါင်းသုံးလုံး ရှိနေသည်။

လုံဆင်ပိတို့သည် မြင်းပေါ်မှ ဆင်းလိုက်ကြသည်။

ပြီးမှ မြင်းများကို လက်ဖြင့်ဆွဲ၍ ကျောင်းဝင်းထဲသို့ ဖြည်းဖြည်းချင်း ဝင်ရောက်လာလေသည်။

သူတို့သည် ခေါင်းများတင်ထားသော မြင်းလှည်းရှိရာသို့ ဦးတည်၍ သွားနေကြခြင်းဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ... ယင်းမြင်းလှည်းသည် စီးယုံ၏ မြင်းလှည်းပင် မဟုတ်ပါလော။

မြင်းလှည်းပေါ်ရှိ အခေါင်းများ၏အဖုံးသည် ပိတ်၍မထား
ပါ။ ဟရုံသာ ဟထားခြင်း ဖြစ်ပါသည်။

ထို့ကြောင့် လုံဆင်ပိတို့သည် ယင်းခေါင်းများအား လွယ်ကူ
စွာ အဖုံးဖွင့်နိုင်ခဲ့ပါသည်။

ခေါင်းများ အဖုံးဖွင့်ထားသော်လည်း ခေါင်းများထဲ၌ မည်
သည့်အရာမှ ရှိမနေပါ။

သို့သော် ခေါင်းတစ်ခုထဲ၌ စာရွက်ခေါက်ကလေး တစ်ရွက်
အား တွေ့လိုက်ရလေသည်။

လုံဆင်ပိသည် ယင်းစာရွက်ခေါက်ကလေးအား လှမ်းယူ
လိုက်ပြီး ဖတ်ကြည့်လိုက်လေသည်။

ပြီးမှ ထန်အဘိုးအိုအား လှမ်း၍ပေးလိုက်လေသည်။
စာရွက်သည် ဝါကြန့်ကြန့်အရောင် ဖြစ်နေသည်။

စာရွက်၌ ရေးထားသောစာလုံးများသည်လည်း မင်ရောင်
မှိန်နေပြီ ဖြစ်သည်။

ထို့ကြောင့် ဤစာရွက်သည် လွန်ခဲ့သော ၄-၅ ခြောက်နှစ်
ခန့်က ရေးခဲ့သောစာဖြစ်သည်ဟု ခန့်မှန်းနိုင်ပေသည်။

ထန်အဘိုးအိုသည် စာရွက်ကို ဖြန့်၍ဖတ်လိုက်သည်။

စာလုံးအချို့သည် မင်ရောင်မှိန်နေ၍ မည်သည့်စာလုံးမှန်း
မသိရတော့ချေ။



သို့သော် ဤစာသည် ကျွမ်းထိရိက ခန်းပိုင်သို့ရေးသော
စာဖြစ်ပေသည်။

စာသည် တိုတိုတောင်းတောင်းရေးထားသော စာတစ်
စောင် ဖြစ်သည်။

စာလုံးများ မှိန်နေ၍ မည်သို့အဓိပ္ပာယ် ဆက်စပ်ယူရမည်
မသိသော်လည်း ယင်းစာထဲမှ နာမည်တစ်လုံးကိုမူ ထန်အဘိုးအို
မှတ်မိလိုက်လေသည်။

ထို့ကြောင့် ထန်အဘိုးအို၏နှုတ်မှ ...

"စီးစွမ်းဖွေး" ဟု ရေရွတ်လိုက်လေသည်။

"စီးစွမ်းဖွေး"

လုံဆင်ပိသည် မျက်မှောင်ကြုတ်ရင်း ရေရွတ်လိုက်သည်။
ပြီးမှ ထန်အဘိုးအိုအား ...

"စီးစွမ်းဖွေးဆိုတာ ဘယ်သူလဲ"

ထန်အဘိုးအိုသည် သူ၏ဦးခေါင်းကို ညိတ်ပြလိုက်ရင်း ...

"စီးစွမ်းဖွေးဆိုတာ လီကျန့်ဟွားရဲ့ အထိန်းတော်ပဲ၊ ပြီးတော့
ကျန့်ဟွားချိုးရဲ့ လူကြီးတစ်ယောက်ဖြစ်တယ်"

စုမာရှဲ့သည် ထန်အဘိုးအို၏ လက်ထဲမှ စာရွက်ကို ယူ၍
ဖတ်လိုက်ရင်း ...

"အဘအနေနဲ့ ဘယ်လိုသဘောရသလဲ"

ဟု မေးလိုက်လေသည်။ ထန်အဘိုးအိုသည် သူ၏ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး ...

"စာလုံးအတော်များများက ပျက်ယွင်းနေပြီဆိုတော့ ဘယ်လိုမှ သဘောမပေါက်ဘူး ... ဒါပေမဲ့"

ဇေ့ခုံးခုံးသည် စုမာရှဲ့ထံမှ စာရွက်ကို လှမ်းယူလိုက်ရင်း...

"ဒါပေမဲ့ ဘာဖြစ်သလဲ ဆိုစမ်းပါဦး"

ထန်အဘိုးအိုသည် သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်ပြီး...

"ဒါပေမဲ့ ဒီစာအရ ခန်းပိုင်ဟာလည်း ကျန့်ဟွားချီးနဲ့ ပတ်သက်နေလိမ့်မယ်"

လုံဆင်ပိသည် ထန်အဘိုးအိုအား မျက်လွှာပင့်၍ ကြည့်ရင်း

"ဘယ်လို ပတ်သက်နေမှာလဲ"

ထန်အဘိုးအိုသည် သူ၏လက်ဝါးနှစ်ဖက်ကို ကာပြလိုက်ပြီး

"ဒါတော့ ငါလည်း မသိဘူး"

ဇေ့ခုံးခုံးသည် စိတ်ပျက်စွာဖြင့် ...

"ဒါဖြင့် အဘက ဘာဖြစ်လို့ ခန်းပိုင်ဟာ ကျန့်ဟွားချီးနဲ့ ပတ်သက်လိမ့်မယ်လို့ ပြောရတာလဲ"

ထန်အဘိုးအိုသည် သက်ပြင်းတစ်ချက် မှုတ်ထုတ်ရင်း ...

"ခန့်မှန်းကြည့်တာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွမ်းထိရဲ့ စီးစွမ်းဖွေးတို့ဟာ ကျန့်ဟွားချီးရဲ့ လူကြီးတွေ ဖြစ်လို့ပဲ"



စုမာရှဲ့သည် မျက်မှောင်ကြုတ်လိုက်ပြီး ...

"ကျွမ်းထိရီ ကျွမ်းထိရီ ကျူပ် ကြားဖူးသလိုပဲ"

လုံဆင်ပိသည် တစ်ချက်ပြုံးလိုက်ပြီး စုမာရှဲ့အား ...

"ကျူပ်မှတ်မိပြီ၊ တုရင်းက ဝူးလုကျန့် အယောင်ဆောင်ပြီး ခင်ဗျားနဲ့ စကားပြောနေတုန်းက မဟုတ်လား"

စုမာရှဲ့သည် သူ၏လက်ဝါးဖြင့် နဖူးအား တစ်ချက်ရိုက်လိုက်ရင်း ...

"ဟုတ်တယ် ဟုတ်တယ် ... ကျူပ် မှတ်မိပြီ"

စုမာရှဲ့သည် ယင်းသို့ပြောရင်း တစ်စုံတစ်ရာအား သတိရဟန်ဖြင့် မျက်မှောင်ကြုတ်လိုက်သည်။ ပြီးမှ ထန်အဘိုးအိုအား လှမ်း၍ ကြည့်လိုက်ရင်း ...

"နေပါဦး ... ကျွမ်းထိရီဟာ ရုပ်ပြောင်းရုပ်လွှဲတော်တယ်ဆိုတာ ဟုတ်လား"

ဟု မေးလိုက်သည်။ ထန်အဘိုးအိုသည် သူ၏ဦးခေါင်းကို ညိတ်ရင်း ...

"ဟုတ်တယ် ... သူဟာ အမျိုးပေါင်း (၇၂) မျိုး ရုပ်ပြောင်းရုပ်လွှဲ လုပ်နိုင်တယ်၊ ကျူပ် ကျန့်ဟွားချီးမှာ ရောက်နေတုန်း သူ့ကို ပုံစံ (၆) မျိုးနဲ့ တွေ့ခဲ့ရတယ်"

စုမာရှဲ့သည် သူ၏ မျက်ခုံးမွေးများကို နိမ့်ကျစွာ မျက်မှောင်

ကြုတ်လိုက်ပြီး ...

"ဒါဆို သူ့ရဲ့ ပင်ကိုယ်ရုပ်ကို မတွေ့ခဲ့ရဘူးပေါ့"

ထန်အဘိုးအိုသည် သူ၏ပခုံးကို တွန့်လိုက်ရင်း ...

"မတွေ့ခဲ့ရဘူးပဲ ဆိုပါတော့၊ ဒါပေမဲ့ ..."

စုမာရှဲသည် စိတ်ဝင်စားသောလေသံဖြင့် ...

"ဒါပေမဲ့ အဘက သူမှန်းသိခဲ့တယ်ပေါ့"

ထန်အဘိုးအိုသည် သူ၏ ဦးခေါင်းကိုညိတ်ရင်း ...

"ဟုတ်တယ် ... ပထမသုံးကြိမ်လောက်မှာ ကျုပ် သူမှန်း မသိခဲ့ဘူး၊ ဒါပေမဲ့ နောက်တစ်ကြိမ်တွေ့မှာတော့ ကျုပ်က သူမှန်း သိခဲ့တယ်"

လုံဆင်ပိသည် မျက်မှောင်ကြုတ်ရင်း ...

"ဘာဖြစ်လို့ အဘက သိခဲ့တာလဲ"

ထန်အဘိုးအိုသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"အကျင့်ပဲကွယ်၊ သူဟာ ဘယ်လောက်ပဲ ရုပ်ပြောင်းရုပ်လွှဲ တော်တော် သူ့ရဲ့အကျင့်ကိုတော့ မဖျက်နိုင်ခဲ့ဘူး"

စုမာရှဲသည် မျက်မှောင်ကြုတ်၍ စဉ်းစားနေရာမှ တစ်စုံ တစ်ရာအား သတိရဟန်ဖြင့် ...

"စကားပြောနေရင်း မကြာခဏ သူ့ရဲ့ဘယ်ဘက်နားက အသားပိုကလေးကို စမ်းတတ်တဲ့အကျင့်လား"



ဟု မေးလိုက်လေသည်။ ထန်အဘိုးအိုသည် မျက်လုံးပြူး၍ စုမာရှဲအား တစ်ချက်ကြည့်ပြီး ...

"ဟုတ်တယ် ... မင်းက ဘယ်လိုလုပ်သိတာလဲ"

စုမာရှဲသည် သူ၏ပခုံးအား တွန့်လိုက်ပြီး ...

"တရင်းပြောပြတာ၊ ပြီးတော့ သူဟာ အခုကျန့်ဝှားချီးက ထွက်ပြေးနေရတယ်ဆို"

ထန်အဘိုးအိုသည် သူ၏ ပခုံးကိုတွန့်၍ လက်ဝါးနှစ်ဖက်ကို ကာပြရင်း ...

"ဒါတော့ ကျုပ်လည်းမသိဘူး"

ထိုစဉ် လုံဆင်ပိသည် တစ်စုံတစ်ရာအား သတိရလိုက်ပြီး...

"သူဟာ ရုပ်ပြောင်းရုပ်လွှဲ (၇၂) မျိုး ပြောင်းလဲနိုင်တာပဲ၊ ရောင်စုံနတ်ဗျိုင်းဟာ သူမဟုတ်ဘူးလို့ ဘယ်သူက ပြောနိုင်မလဲ"

စုမာရှဲသည် ပြုံးလိုက်ပြီး ...

"ကျုပ်နဲ့ ရောင်စုံနတ်ဗျိုင်းနဲ့ တွေ့တဲ့အခါ ပြောနိုင်ပါလိမ့်မယ်၊ အခုတော့ ကျုပ်တို့ ဘာဆက်လုပ်ကြမယ်ဆိုတာ တွေးကြရအောင်"

စုမာရှဲ၏စကားကို မည်သူမျှ မငြင်းပယ်ချေ။ သူတို့သည် မည်သို့ ရှေ့ဆက်ရမည်ကို တွေးလိုက်ကြသည်။ သို့သော် မည်သူမျှ စဉ်းစား၍ မရချေ။

စုမာရှဲ့ကိုယ်တိုင်ပင် မည်သို့ ဆက်လက်လှုပ်ရှားရမည်ကို စဉ်းစား၍မရချေ။

ဝေ့ခုံးခုံးသည် သူ၏ဦးခေါင်းကို တစ်ချက်ကုတ်ရင်း စုမာရှဲ့ကို လှမ်း၍ ကြည့်လိုက်သည်။

ပြီးမှ ...

"ဒီတောင်ရဲ့ ဟိုဘက်မှာ ဘာတွေရှိတယ်ဆိုတာသိရင်တော့ ကျုပ်တို့ ဘာဆက်လုပ်ရမယ်ဆိုတာ စဉ်းစားလို့ရမယ်ထင်တယ်"

ဟု ပြောလိုက်လေသည်။

ဝေ့ခုံးခုံး၏ စကားကြောင့် အားလုံး၏ မျက်လုံးများသည် မိုးနှင်းများ အုံ့ဆိုင်းနေသော ချယ်ရီတောင်တန်း၏ တခြားဘက်ဆီသို့ လှမ်းမျှော်ကြည့်လိုက်ကြလေတော့သည်။

အကယ်၍ မိုးနှင်းများ အုံ့ဆိုင်း၍ မနေလျှင် ချယ်ရီတောင်၏ တခြားဘက်မျက်နှာရှိ လူသွားလမ်းကလေးတိုင်း တောင်ခြေသို့ ဆင်း၍ သွားနေသော လူ (၄) ယောက်ကို တွေ့မည်ဖြစ်ပေသည်။

ထိုလူ (၄) ယောက်သည် သူတို့တွေ့ချင်သော စူးတချူ၊ ရှောင်ယင်း၊ ခန်းပိုင်နှင့် အဘိုးအိုစီးယုံတို့ပင် ဖြစ်သည် မဟုတ်ပါလော။

✵



( ၁၀ )

နေရောင်ခြည် ပွင့်လာသည်။ နေရောင်ခြည်ပွင့်လာသည်နှင့်အမျှ မိုးနှင်းများ ပြိုကွဲသွားပြီ ဖြစ်သည်။

သို့တိုင်အောင် တောင်ခြေ၌ မိုးနှင်းများရစ်သီလျက် ရှိသေးသည်။

အအေးဓာတ်ကို သယ်ဆောင်လာသော လေသည် ယခု အနွေးဓာတ်ကို သယ်ဆောင်လာပြီ ဖြစ်သည်။

လုံဆင်ပိသည် တောင်ခြေ၌ ရစ်သိုင်းနေသော မိုးနှင်းမြူများကို ကြည့်ရင်း ...

"ကျုပ်တို့ လမ်းလွဲလိုက်နေပြီ ထင်တယ်"

ဟု ပြောလိုက်လေသည်။

ထန်ကြို့ချမ်သည် မျက်မှောင်ကြုတ်လိုက်ပြီး ...

"မင်းက ဘာအထောက်အထားနဲ့ ပြောနိုင်တာလဲ"

လုံဆင်ပိသည် ထန်ကြို့ချမ်ဘက်သို့ လှည့်လိုက်ပြီး သူ၏ ပခုံးနှစ်ဖက်ကို ပွန်းပွဲလိုက်လေသည်။ ပြီးမှ ...

"လောလောဆယ်တော့ ကျုပ်မှာ ဘာအထောက်အထားမှ မရှိဘူး၊ ဒါပေမဲ့ ..."

သူသည် စကားကို မဆက်ဘဲ ဖြတ်ထားလိုက်သည်။ ဝေ့ခုံးခုံးသည် မျက်မှောင်ကြုတ်ရင်း ...

"ဒါပေမဲ့ ဘာဖြစ်သလဲ"

လုံဆင်ပိသည် သူ၏ ပခုံးကို တွန့်ရင်း ...

"ဒါပေမဲ့ ကျုပ်တွေးမိတာ တစ်ခုရှိနေလို့"

စုမာရှဲ့သည် ရှေ့သို့ တစ်လှမ်းတိုး၍ ရပ်လိုက်ပြီး ...

"မင်းက ဘာတွေးမိလို့လဲ"

လုံဆင်ပိသည် သူ၏ နှုတ်ခမ်းအား တစ်ချက်ကိုက်လိုက်ပြီး

"ကျုပ်တို့ လုပ်ရပ်တွေဟာ အမြဲ နောက်ကျနေလို့ပေါ့"

ထန်ကြို့ချမ်သည် စိတ်မရှည်သော လေသံဖြင့် ...

"မင်းက ဘာကို ပြောချင်တာလဲ"

လုံဆင်ပိက မျက်မှောင်ကြုတ်ရင်း ...

"သူတို့က ဘာဖြစ်လို့ ကျုပ်တို့ထက် ခြေတစ်လှမ်း သာနေရတာလဲ"

စုမာရှဲ့သည် သူ၏နှာခေါင်းအား တစ်ချက် ပွတ်သပ်ရင်း–

"မင်းပြောချင်တဲ့သဘောက ကျုပ်တို့ ဘာဆက်လုပ်မယ်ဆိုတာ သူတို့ တွေးမိနေတယ်ပေါ့"



လုံဆင်ပိသည် သူ၏ ဦးခေါင်းကို ညိတ်ရင်း ...

"ဟုတ်တယ် ... အစကစပြီး ပြန်စဉ်းစားကြည့်ရင် ကျုပ်တို့ ဘာလုပ်တော့မယ်ဆိုတာကို သူတို့ သိနေပုံရတယ်"

ဝေ့ခုံးခုံးသည် သူ၏ဦးခေါင်းကို ကုတ်ရင်း ...

"ဟုတ်တယ် ... ကျုပ်တို့ ဦးနှောက်တွေ ညံ့ဖျင်းကုန်ပြီလား မသိဘူး"

လုံဆင်ပိသည် ဦးခေါင်းကို ခါယမ်းလိုက်ရင်း ...

"မဟုတ်ဘူး၊ ကျုပ်တို့ ဦးနှောက်တွေ ညံ့ဖျင်းလို့ မဟုတ်ဘူး၊ ငွေရောင်ဝံပုလွေမင်းသားရဲ့ အကြံအစည်ကို မရိပ်မိသေးလို့"

ထန်ကြို့ချမ်သည် နှုတ်ခမ်းတစ်ချက် မဲ့လိုက်ပြီး ...

"ဒါဖြင့် ကျုပ်တို့က ငွေရောင်ဝံပုလွေမင်းသားရဲ့ လုပ်ရပ်ကို စောင့်ပြီး လေ့လာရမယ်ပေါ့"

လုံဆင်ပိသည် သူ၏ ဦးခေါင်းကို ညိတ်ရင်း ...

"ဟုတ်တယ် ... ဒါပေမဲ့ စောင့်ပြီး လေ့လာဖို့တော့ မဟုတ်ဘူး၊ ကျုပ်တို့ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကို ပြန်ပြီး စဉ်းစားကြည့်ရမယ်၊ ပြီးတော့ သိုင်းလောကထဲမှ ငွေရောင်ဝံပုလွေမင်းသားရဲ့ လှုပ်ရှားမှုကို လေ့လာရမယ်"

စုမာရှဲ့သည် ဦးခေါင်းကို ခါယမ်းလိုက်ပြီး ...

"ငွေရောင်ဝံပုလွေမင်းသားဟာ ကျုပ်တို့နဲ့ ပြဿနာဖြစ်မှ

သိလာရတဲ့ နာမည်ပဲ”

ဝေ့ခုံးခုံးသည် သူ၏ဦးခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ...

“ဟုတ်တယ်၊ ကွေ့ပုတုန်၊ တိန်းမေရင်း၊ ပြီးတော့ အရက်ချိုးဖျက်စားသမားလို့ဂူကွေ့တို့သာ သိုင်းလောကမှာ နာမည်ရှိခဲ့တာပဲ”

လုံဆင်ဝိသည် ရုတ်တရက် လက်ဖြောက်တစ်ချက် တီးလိုက်ပြီး ...

“ဟုတ်ပြီ ... အဲဒါ စဉ်းစားစရာပဲ”

ဟု ပြောလိုက်လေသည်။

ပြီးမှ လုံဆင်ဝိသည် နှုတ်ခမ်းတစ်ချက် ကိုက်လိုက်သည်။ ထို့နောက် သူ၏စကားကို ဆက်၍ ပြောလိုက်သည်။

“စဉ်းစားစရာပဲ မဟုတ်လား ... ဒီလောက် ငယ်ရွယ်တဲ့ ငွေရောင်ဝံပုလွေမင်းသားဟာ တိန်းမေရင်းနဲ့ လို့ဂူကွေ့တို့ရဲ့ ခေါင်းဆောင် ဖြစ်နေတယ်ဆိုတာ ကျုပ်တို့ ဘာလို့ မစဉ်းစားခဲ့ရတာလဲ”

လုံဆင်ဝိ၏ စကားဆုံးသွားသည်နှင့် တစ်ပြိုင်တည်း သူတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်လှမ်း၍ ကြည့်လိုက်ကြလေတော့သည် မဟုတ်ပါလော။

✲



ချယ်ရီပန်းတောင်မှ အပြန်ခရီးသည် တိတ်ဆိတ်လွန်းလှသည်။ ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်၍ နေသည်။ သူတို့ (၅) ယောက်သည် ပို၍ တိတ်ဆိတ်၍နေသည်။

အထူးသဖြင့် လုံဆင်ဝိသည် ပို၍ တိတ်ဆိတ်နေလေသည်။ သူသည် အပြန်ခရီးတစ်လျှောက်လုံးတွင် စဉ်းစား၍နေခဲ့သည် မဟုတ်ပါလော။

သူ၏အတွေးထဲ၌ ထန်ကြို့ချင်း၏မျက်နှာသည် ပေါ်၍လာလေသည်။

ယင်းသို့ ထန်ကြို့ချင်း၏မျက်နှာကို တွေ့မိပြီးသည့်နောက် တစ်ဆက်တည်းမှာပင် သူနှင့်ထန်ကြို့ချင်းတို့၏ မေတ္တာမျှမိခဲ့ပုံကို တရေးရေးမြင်ယောင်လာလေသည်။

ထို့နောက် ထန်ကြို့ချင်းပျောက်ဆုံးသွားပုံ၊ ငွေရောင်ဝံပုလွေမင်းသားတို့ လူစုနှင့်တွေ့ရပုံကို ပြန်လည်မြင်ယောင်လာလေသည်။

တစ်ဆက်တည်းမှာပင် ကျန့်တားချိုးအကြောင်း တွေးမိပြန်လေသည်။

ယင်းသို့ တွေးမိသည်နှင့် တစ်ပြိုင်တည်း လုံဆင်ဝိသည် သူ၏မျက်ခုံးမွေးများကို နိမ့်ကျလာသည့်တိုင်အောင် မျက်မှောင်

ကြုတ်လိုက်မိလေတော့သည်။

ထို့နောက် သူသည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ယင်း ...

"အင်း ... ကျန့်ဝှားချိုးဟာ ဘယ်မှာများရှိသလဲ မသိဘူး"

ဟု ညည်းညူလိုက်လေသည်။ စုမာရှဲ့သည် သူ၏ မျက်ခုံးမွေးများကို ပင့်တင်လိုက်ရင်း ...

"တစ်နေရာရာမှာ ရှိမှာပေါ့"

ဝေ့ခုံးခုံးသည် တစ်စုံတစ်ရာအား သတိရဟန်ဖြင့် ထန်အဘိုးအိုအား လှမ်း၍ ...

"ကျန့်ဝှားချိုးဆိုတဲ့ နာမည်ဟာ အမှန်ပဲလား"

ဟု မေးလိုက်လေသည်။ ထန်အဘိုးအိုသည် မျက်မှောင်ကြုတ်လိုက်ပြီး ...

"ကျန့်ဝှားချိုးဆိုတဲ့ နာမည်ဟာ အတုလို့ထင်လို့လား"

ဝေ့ခုံးခုံးသည် သူ၏နှုတ်ခမ်းအား တစ်ချက်တွန့်၍ ပြုံးလိုက်ပြီး ...

"အမည်ဝှက်များ ဖြစ်နေမလားလို့ပါ"

ထန်အဘိုးအိုသည် သူ၏ဦးခေါင်းကို တစ်ချက်ခါယမ်းလိုက်ပြီး ...

"မဖြစ်နိုင်ဘူး"



စုမာရှဲ့သည် ထန်အဘိုးအိုအား မျက်လုံးဝေ့၍ ကြည့်လိုက်ပြီး ...

"ဘာဖြစ်လို့လဲ"

ထန်အဘိုးအိုသည် သူ၏ရင်ဘတ်ကို လက်မဖြင့် ထောက်လျက် ...

"ကျုပ်ကိုယ်တိုင် ရောက်ခဲ့လို့"

ဝေ့ခုံးခုံးသည် သူ၏ ဦးခေါင်းကို ခါယမ်းလိုက်ရင်း ...

"ဒါပေမယ့် အဘဟာ လမ်းခရီးတစ်လျှောက် မျက်လုံးအဝတ်နဲ့စည်းပြီး သွားခဲ့ရတာပဲ"

ထန်အဘိုးအိုသည် မငြင်းချေ။ စုမာရှဲ့သည် သူ၏နှုတ်ခမ်းကို တစ်ချက်မဲ့လျက် ...

"ဒါကြောင့် အဘရောက်ခဲ့တာ ကျန့်ဝှားချိုးနယ်လို့ အဘပြောနိုင်ပါ့မလား"

ထန်အဘိုးအိုသည် ဘာမျှ ပြန်မပြောချေ။ သူသည် အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ ...

"မင်းတို့ကကော အမည်ဝှက်ဖြစ်မယ်လို့ ဘာလို့ပြောနိုင်ရတာလဲ"

ဟု ပြန်၍မေးလိုက်သည်။ စုမာရှဲ့သည် သူ၏ပခုံးကို တွန့်၍ပြလိုက်ပြီး ...

"မြေပုံပေါ်မှာ ကျန့်ဗွားချီးဆိုတဲ့အမည်ကို ရှာမတွေ့ခဲ့လို့ပဲ"

လုံဆင်ပိသည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ရင်း

"တကယ်လို့ ကျန့်ဗွားချီးဟာ တကယ်ရှိနေပြီး မြေပုံပေါ်မှာ နာမည်ဆတ်စ်မျိုး ဖြစ်နေရင်ကော"

စုမာရှဲ့နှင့် ဝေ့ခုံးခုံးတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် လှမ်း၍ ကြည့်လိုက်ပြီး လုံဆင်ပိအား ...

"မင်းပြောချင်တာ ကျန့်ဗွားချီးဆိုတဲ့ အမည်အပြင် တခြားအမည်ရှိမယ်ဆိုတဲ့ သဘောလား"

ဟု ပြိုင်တူမေးလိုက်လေသည်။ လုံဆင်ပိသည် သူ၏ဦးခေါင်းကို ညိတ်၍ ပြလိုက်ပြီး ...

"ဟုတ်တယ် ... ကျန့်ဗွားချီးဆိုတဲ့ နာမည်အပြင် တခြားအမည်မရှိဘူးလို့ ဘယ်သူပြောနိုင်မလဲ"

စုမာရှဲ့သည် သူ၏ နှာခေါင်းကို တစ်ချက်ရှုံ့လိုက်ပြီး ...

"မင်းကရော ပြောနိုင်လို့လား"

လုံဆင်ပိသည် သူ၏ ဦးခေါင်းကို ခါယမ်းလိုက်ပြီး ...

"ကျုပ်လည်း မပြောနိုင်ဘူး၊ ဒါပေမဲ့ တစ်ခုတော့ ပြောနိုင်တယ်"

ဝေ့ခုံးခုံးသည် မဲ့ပြုံးကလေးတစ်ချက် ပြုံးလျက် ...

"မင်းက ဘာပြောနိုင်လို့လဲ"



လုံဆင်ပိသည် တစ်ချက်ပြုံးလိုက်ပြီး ...

"ကျန့်ဗွားချီးရဲ့အတွင်းမှာ ပြင်းထန်လာတဲ့ ပြောင်းလဲမှု ဖြစ်နေပြီဆိုတာပဲ"

စုမာရှဲ့နှင့် ဝေ့ခုံးခုံးသည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ပြီး ...

"မင်းပြောချင်တာက"

သူတို့၏ စကားမဆုံးမီ လုံဆင်ပိသည် လက်ကာပြလိုက်ပြီး

"လီကျန့်ဗွားဟာ ကျန့်ဗွားချီးရဲ့ သခင်မ ဟုတ်တယ်နော်"

ဟု မေးလိုက်သည်။

ထန်အဘိုးအိုသည် သူ၏ ဦးခေါင်းကို ညိတ်ရင်း ...

"ဟုတ်တယ် လီကျန့်ဗွားဟာ ကျန့်ဗွားချီးနယ်ရဲ့ သခင်မပဲ"

လုံဆင်ပိသည် မဲ့ပြုံးကလေးတစ်ချက် ပြုံးလိုက်ပြီး ...

"ဒါပေမဲ့ အခုအချိန်မှာ သူဟာ ကျန့်ဗွားချီးနယ်ရဲ့ အာဏာရှိတဲ့လူ မဟုတ်တော့ဘူး"

စုမာရှဲ့သည် မျက်မှောင်တစ်ချက်ကြုတ်ရင်း ...

"မင်းက ဘာဖြစ်လို့ ပြောနိုင်ရတာလဲ"

လုံဆင်ပိသည် အဝေးသို့ တစ်ချက် လှမ်းကြည့်လိုက်သည်။ ပြီးမှ ...

"အနှစ် (၂၀) နီးပါး ကြာပြီးမှ ဘာဖြစ်လို့ ကျန်းနမ်းနယ်ရဲ့

သိုင်းသမား (၆) ယောက်နဲ့ ထန်ဂေဟာကို နှောင့်ယှက်ရတာလဲ"

ဝေ့ခုံးခုံးသည် တစ်ချက် ပြုံးလိုက်ပြီး ...

"လီကျန့်ဟွားက အခုမှအမိန့်ပေးလို့ ဖြစ်မှာပေါ့"

လုံဆင်ပိသည် သူ၏ဦးခေါင်းကို ဘယ်ညာခါယမ်းလိုက်ရင်း

"ကဲ ... ဒါဖြင့် ဘာဖြစ်လို့ လွန်ခဲ့တဲ့အနှစ်(၂၀)က ကိစ္စကို အခုမှ အမိန့်ပေးရတာလဲ"

ဝေ့ခုံးခုံး၏ ပါးစပ်ပိတ်၍သွားသည်။ စုမာရှဲ့သည် လုံဆင်ပိအား စိုက်၍ကြည့်လိုက်သည်။ လုံဆင်ပိသည် သူတို့နှစ်ယောက်အား ပြုံး၍ပြလိုက်ရင်း ...

"မင်းတို့လည်း စဉ်းစားကြည့်လေ၊ လီကျန့်ဟွားက ကျန့်နမ်းသိုင်းသမားတွေကို သတ်ချင်တယ်ဆိုရင် အနှစ် (၂၀) ကြာအောင် စောင့်နေပါ့မလား"

လုံဆင်ပိသည် သူ၏စကားကို ခဏရပ်နားလိုက်ပြီး စုမာရှဲ့၊ ဝေ့ခုံးခုံးနှင့် ထန်အဘိုးအိုအား ကြည့်လိုက်သည်။

ပြီးမှ ချောင်းတစ်ချက်ဟန့်လိုက်ပြီး သူ၏စကားကို ဆက်၍ ပြောလိုက်လေသည်။

"ပြီးတော့ ကျန့်နမ်းသိုင်းသမားတွေဟာ လီကျန့်ဟွားရဲ့ ကစားပွဲရာ အရုပ်ဖြစ်ခဲ့တာပဲ ... လီကျန့်ဟွားက သူတို့ကို သတ်ပါ့မလား"

ဝေ့ခုံးခုံးသည် မျက်မှောင်ကြုတ်လိုက်ရင်း ...



"ဒါပေမဲ့ ဒီကိစ္စကို လူတွေသိမှာစိုးလို့ သူတို့ကို နှုတ်ပိတ်တာရော မဖြစ်နိုင်ဘူးလား"

လုံဆင်ပိသည် ပြုံးလျက် ...

"ဒါဆို ထန်အဘိုးအိုကို သက်သေထူဖို့ ခေါ်ပါဦးမလား"

စုမာရှဲ့သည် သက်ပြင်းတစ်ချက် ချရင်း ...

"အခုလို နှစ်ပေါင်း (၂၀) ကြာမှ လီကျန့်ဟွားဟာ စိတ်ပြောင်းသွားပြီး သူတို့ကို သတ်တာရော မဖြစ်နိုင်ဘူးလား"

လုံဆင်ပိသည် ခေါင်းကို ခါယမ်းရင်း ...

"နှစ်ပေါင်း (၂၀) ကြာမှတော့ လီကျန့်ဟွားရဲ့ မကောင်းသတင်းဟာ သိုင်းလောကတစ်ခုလုံး ပျံ့နေပြီပေါ့"

ဝေ့ခုံးခုံးသည် ပြုံးလိုက်ရင်း ...

"ကျန့်နမ်းသိုင်းသမားတွေနဲ့ ထန်အဘိုးအိုတို့ဟာ နှုတ်လုံခဲ့ကြလို့ သူ့ရဲ့သတင်းဟာ မပျံ့နှံ့ခဲ့တာပေါ့"

စုမာရှဲ့သည် မဲ့ပြုံးကလေး ပြုံးလျက် ...

"လီကျန့်ဟွားကလည်း အခုမှ သူ့ရဲ့ မကောင်းသတင်းကို ပျံ့နှံ့စေချင်လို့လားမှ မသိတာ"

ထန်အဘိုးအိုသည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး

"အနှစ် (၂၀) လုံးလုံး ရေငုံနှုတ်ပိတ်နေခဲ့ပြီးမှ ကျုပ်က လျှောက်ပြီး ဒီသတင်း ဖြန့်ရမှာလား"

လုံဆင်ပိသည် သက်ပြင်းတစ်ချက် ချလိုက်ရင်း ...

"ဒါကြောင့် ကျုပ်က ကျန့်ဝှားချိုးရဲ့အတွင်းမှာ အပြောင်းအလဲတစ်ခုခုတော့ ရှိနေပြီလို့ ပြောတာပေါ့၊ ပြီးတော့"

သူသည် စကားကို ဖြတ်ထားလိုက်ပြီး စုမာရှဲ့နှင့်ဝေ့ခုံးခုံးအား တစ်ချက်ကြည့်လိုက်သည်။ စုမာရှဲ့သည် လုံဆင်ပိအား ပြန်၍ကြည့်ရင်း ...

"ပြီးတော့ ဘာဖြစ်လဲ"

လုံဆင်ပိသည် နှုတ်ခမ်းတစ်ချက်ကိုက်လိုက်သည်။

ပြီးမှ...

"ကျုပ်တို့ ရင်ဆိုင်ခဲ့ရတဲ့ ကျန့်ဝှားချိုးက လူတွေထဲမှာ တိန်းမေရင်းနဲ့ လို့ဝူးကွေ့ ပါတယ် မဟုတ်လား"

ဝေ့ခုံးခုံးသည် သူ၏ဦးခေါင်းကို ညိတ်လျက် ...

"မင်းတို့ပြောပြလို့ သိတယ်"

လုံဆင်ပိသည် ထန်အဘိုးအိုဘက်သို့ လှည့်လိုက်ပြီး ...

"အဘ ကျန့်ဝှားချိုးကိုရောက်ခဲ့တုန်းက သူတို့ရှိနေသလား"

ဟု မေးလိုက်လေသည်။

ထန်အဘိုးအိုသည် သူ၏ဦးခေါင်းကို ခါယမ်းလိုက်ပြီး ...

"ကျုပ် မတွေ့ခဲ့ဘူး"

ဝေ့ခုံးခုံးသည် သူ၏နှာခေါင်းကို လက်ခုံဖြင့် ပွတ်ရင်း ...



"အဘရောက်တဲ့အချိန်မှာ တိန်းမေရင်းနဲ့ လို့ဝူးကွေ့ တခြားတစ်နေရာသွားနေလို့ မတွေ့တာလား"

တန်အဘိုးအိုသည် ဦးခေါင်းကို ခါယမ်းလျက် ...

"သူတို့ဟာ ကျန့်ဝှားချိုးကလူတွေမှ မဟုတ်ဘဲ"

လုံဆင်ပိသည် လက်ဖြောက်တစ်ချက် တီးလိုက်ပြီး ...

"ဒါဖြင့် သူတို့ဟာ အခု ဘာဖြစ်လို့ ကျန့်ဝှားချိုးရဲ့ လူ ဖြစ်နေတာလဲ"

စုမာရှဲ့သည် ပြုံးလိုက်ပြီး ...

"ဟုတ်တယ် ... စဉ်းစားစရာပဲ"

လုံဆင်ပိသည် ပြုံးလျက် ...

"နောက်ပြီး သူတို့နှစ်ယောက်ဟာ သိုင်းလောကမှာ နာမည်ကျော်တဲ့ ပုဂ္ဂိုလ်တွေပဲ"

ဝေ့ခုံးခုံးသည် နှစ်ခြိုက်စွာ ပြုံးလိုက်ပြီး ...

"ဒါပေမဲ့ ငွေရောင်ဝံပုလွေမင်းသားဟာ သူတို့ရဲ့အထက်မှာ ရှိနေတယ်"

စုမာရှဲ့နှင့်ဝေ့ခုံးခုံးတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ လုံဆင်ပိသည် ပြုံးလျက် ...

"ပြီးတော့ ငွေရောင်ဝံပုလွေမင်းသားရဲ့ သိုင်းပညာအဆင့် ဘယ်လောက်ရှိမလဲ"

စုမာရှဲ့သည် မဲ့ပြုံးကလေးပြုံးရင်း ...

"တိန်းမေရင်းနဲ့ လှိုင်ဝူးကွေ့ထက်တော့ သိုင်းပညာအဆင့်မြင့်မယ် ထင်တယ်"

လုံဆင်ပိသည် သူ၏ဦးခေါင်းကို ခါယမ်းလိုက်ပြီး ...

"ငွေရောင်ဝံပုလွေမင်းသားရဲ့ အသက်က ငယ်သေးတယ်၊ အလွန်ဆုံး သူကြိုးစားခဲ့ရင် တိန်းမေရင်းနဲ့လှိုင်ဝူးကွေ့ တန်းတူလောက်ပဲ ရှိနိုင်တယ်၊ ဒါပေမဲ့"

စုမာရှဲ့သည် မျက်ခုံးမွေးကို ပင့်တင်ရင်း ...

"ဒါပေမဲ့ ဘာဖြစ်သလဲ"

လုံဆင်ပိသည် နှစ်ခြိုက်စွာ ပြုံးလိုက်သည်။ ပြီးမှ ...

"ဒါပေမဲ့ ငွေရောင်ဝံပုလွေမင်းသားရဲ့ ဦးနှောက်ဟာ တိန်းမေရင်းနဲ့ လှိုင်ဝူးကွေ့တို့ရဲ့ ဦးနှောက်ထက် အများကြီးသာတယ်၊ ဉာဏ်ရည်သာတယ်ပေါ့"

ထိုစဉ် တစ်ချိန်လုံး နားထောင်နေသော ထန်ကြို့ချမ်သည် စိတ်မရှည်သော လေသံဖြင့် ...

"ဒါဖြင့် ငွေရောင်ဝံပုလွေမင်းသားဟာ ဘယ်သူလဲ"

ဝင်ရောက်မေးလိုက်လေသည်။ လုံဆင်ပိသည် သူ၏ ပခုံးကို တွန့်၍ ပြုံးပြလိုက်ပြီး ...

"ကျုန့်ဗွားချိုးနယ်ကို ပြောင်းလဲပစ် လိုက်တဲ့သူပေါ့"



ဟု ပြောလိုက်လေတော့သည်။

✵

ရာသီဥတုသည် သာယာနေသည်။ ဟန်ကျူးမြို့၏ ရာသီဥတုသည် သာယာနေသည်။ သို့သော် လုံဆင်ပိတို့ လူစု ဟန်ကျူးမြို့သို့ ရောက်သောအခါ မိုးဖွဲကလေးများ ကျလာလေသည်။

သူတို့၏မြင်းများကို ထန်ဂေဟာ၏ မြင်းဇောင်း၌ ထားရှိပြီးချိန်တွင် မိုးသည် သည်း၍လာလေသည်။

ရှီမာသည် သူတို့စားသောက်ရန် ထမင်းဟင်းလျာများကို စီမံ၍ပေးလေသည်။

ထုံးစံအတိုင်းပင် သူတို့၏ထမင်းဝိုင်းသည် တိတ်ဆိတ်၍နေသည်။

လုံဆင်ပိသည် ထမင်းနှင့်ဟင်းလျာများအား တို့ကနန်းဆိတ်ကနန်းမျှသာ စားလေသည်။

သူ၏ရင်သည် သောကစိတ်များဖြင့် ပြည့်ကျပ်နေသည် မဟုတ်ပါလော။

သူသည် ထမင်းစားရင်း စဉ်းစား၍နေသည်။

ထို့နောက် ရုတ်တရက် သူ၏နဖူးကို လက်ဝါးဖြင့် ရိုက်လိုက်ပြီး ...

"ဒါကို ဘာလို့ မစဉ်းစားမိခဲ့တာလဲ"

ဟု ညည်းညူလိုက်လေသည်။

ထမင်းဝိုင်းရှိလူများသည် သူ၏အမူအရာကြောင့် စားလက်စထမင်းကို ရပ်တန့်လိုက်ပြီး သူ့အား လှမ်း၍ကြည့်လိုက်ကြလေသည်။

အတန်ကြာမှ ဝေ့ခုံးခုံးသည် လက်ထဲမှဆင်စွယ်တူကို ပန်းကန်လုံးပေါ်သို့ ကန့်လန့်တင်လိုက်ပြီး ...

"ဘာကို မစဉ်းစားမိခဲ့တာလဲ"

ဟု မေးလိုက်လေသည်။ လုံဆင်ပိသည် ထန်အဘိုးအိုအား လှမ်းကြည့်လိုက်ရင်း ...

"အဘ ... ကျန့်ဗှားချီးကိုသွားတော့ မျက်နှာကို အဝတ်စည်းပြီး သွားရတာနော်"

ထန်အဘိုးအိုသည် လုံဆင်ပိအား မျက်လုံးပြူး၍ကြည့်ပြီး...

"ဟုတ်တယ် ... ဘာဖြစ်လို့လဲ"

လုံဆင်ပိသည် သူ၏ ပခုံးအား တွန့်လိုက်ပြီး ...

"ကျွန်တော်က သေချာအောင် မေးတာပါ။ ပြီးတော့ ကျန့်ဗှားချီးကို လာဖို့ဖိတ်တုန်းက ဗျိုင်းဝါစံအိမ်ကို ချိန်းခဲ့တယ်မဟုတ်လား"



ထန်အဘိုးအိုသည် သူ၏ဦးခေါင်းကို ညိတ်ရင်း ...

"ဟုတ်တယ် ... ဗျိုင်းဝါစံအိမ်ရောက်တော့မှ ကျုပ်ကို လာကြိုတဲ့လူတွေက မျက်နှာကို အဝတ်စည်းပြီး ခေါ်သွားတာ"

စုမာရှဲ့သည် မျက်မှောင်ကြုတ်လိုက်ရင်း ...

"မင်းက ဘာစဉ်းစားမိလို့ ဒါတွေကို မေးရတာလဲ"

လုံဆင်ပိသည် စုမာရှဲ့အား ပြုံး၍ပြလိုက်ပြီး ...

"မင်းပဲ စဉ်းစားကြည့်လေ၊ ထန်အဘိုးအိုကို ဟန်ကျူးမြို့ကနေ မျက်နှာကို အဝတ်စည်းပြီးခေါ်သွားရင် အားလုံးက စိတ်ဝင်စားကြမှာပဲ"

စုမာရှဲ့သည် စဉ်းစားလိုက်ပြီး သူ၏ ဦးခေါင်းကို ညိတ်ကာ

"အင်း ... ဟုတ်တယ်၊ စိတ်ဝင်စားကြလိမ့်မယ်"

လုံဆင်ပိသည် ပြုံးလျက် ...

"ဒါကြောင့် ဘယ်သူမှ မရိပ်မိဘဲ နေရာကို ချိန်းလိုက်တယ်"

ဝေ့ခုံးခုံးသည် သူ၏ဦးခေါင်းကို တဆတ်ဆတ်ညိတ်လိုက်ပြီး

"ဒါကြောင့် ဗျိုင်းဝါစံအိမ်ကို ချိန်းတာကိုး"

ထန်အဘိုးအိုသည် ချောင်းတစ်ချက် ဟန့်လိုက်ပြီး ...

"ဟုတ်တယ် ... ဗျိုင်းဝါစံအိမ်ဟာ ဝူပေနယ်မှာ တစ်ချိန်က ကျော်ကြားတဲ့ စံအိမ်တစ်ခု ဖြစ်တယ်၊ ဒါပေမဲ့ ကျုပ်တို့ ရောက်တဲ့ အချိန်မှာတော့ ဗျိုင်းဝါစံအိမ်ဟာ ဟောင်းနွမ်းနေပြီ"

လုံဆင်ပိသည် နှစ်ခြိုက်စွာပြုံးရင်း ...

"ပြီးတော့ အဘကို အဲဒီရောက်မှ မျက်နှာအဝတ်စည်းပြီး ခေါ်သွားတာ"

စုမာရှဲ့သည် မျက်မှောင်ကြုတ်လိုက်ပြီး ...

"ဒါဖြင့် မင်းက ကျန့်ဟွားချိုးဟာ ဗျိုင်းဝါစံအိမ်ပဲလို့ ဆိုလိုတာပေါ့"

လုံဆင်ပိသည် သူ၏ ဦးခေါင်းကို ခါယမ်းလိုက်ပြီး ...

"အဲဒီလိုလည်း မဟုတ်ဘူး၊ ကျန့်ဟွားချိုးဟာ ဗျိုင်းဝါစံအိမ်နဲ့ နီးကပ်ရမယ်လို့ ထင်နေတယ်"

ဝေ့ခုံးခုံးသည် သူ၏ နှုတ်ခမ်းကို တစ်ချက် ကိုက်လိုက်သည်။ ပြီးမှ ...

"ထန်အဘိုးအိုဟာ မျက်နှာအဝတ်စည်းပြီး ခရီးရှည်တစ်ခု ဖြတ်သန်းခဲ့ရတယ်လို့ ပြောခဲ့သေးတယ် မဟုတ်လား"

ထန်အဘိုးအိုသည် သူ၏ဦးခေါင်းကို ညိတ်လိုက်ပြီး ...

"ဟုတ်တယ် ... သူတို့ဟာ ကျုပ်ကို မျက်နှာအဝတ်နဲ့စည်းပြီး ခရီးရှည်တစ်ခုကို ခေါ်သွားခဲ့တယ်"

ဝေ့ခုံးခုံးသည် ပြုံးလိုက်ပြီး လုံဆင်ပိအား ကြည့်ကာ ...

"ဒါကြောင့် မင်းပြောသလို ကျန့်ဟွားချိုးဟာ ဗျိုင်းဝါစံအိမ်နဲ့ နီးကပ်ပါ့မလား"



လုံဆင်ပိသည် ထိုင်နေရာမှထလိုက်ပြီး ဝေ့ခုံးခုံးအား စိုက်၍ ကြည့်လိုက်သည်။ ပြီးမှ ...

"ကျုပ် မင်းကို မျက်နှာအဝတ်စည်းပြီး ဟောဒီခြံဝန်းထဲမှာပဲ ခေါက်တုံ့ ခေါက်ပြန်ခေါ်သွားမယ်၊ မင်းရဲ့စိတ်မှာ ဘယ်လိုခံစားရမလဲ"

စုမာရှဲ့သည် လက်ဝါးဖြင့် မိမိ၏ပေါင်ကို တစ်ချက်ပုတ်လိုက်ပြီး ဝေ့ခုံးခုံးအား ...

"ဟုတ်တယ် ဝေ့ခုံးခုံး ... မင်းရဲ့စိတ်မှာ ခရီး ရှည်ကြီးတစ်ခု ဖြတ်သန်းရတယ်လို့ ထင်သွားမယ်"

ဟု ဝင်ရောက်ပြောလိုက်လေသည်။ ထန်ကြို့ချွမ်သည် လုံဆင်ပိအား လှမ်း၍ကြည့်လိုက်ပြီး ...

"ဒါဖြင့် ဗျိုင်းဝါစံအိမ်နဲ့ နီးကပ်တဲ့ ဘယ်နေရာလဲ"

ဟု မေးလိုက်လေသည်။ လုံဆင်ပိသည် သူ၏ပခုံးကို တွန့်ပြရင်း ...

"ကျုပ်သိမှတော့ အခုဆို မင်းဟာ ကျန့်ဟွားချိုးမှာ ရောက်နေပြီ"

ဟုပြောလိုက်လေသည်။

ထိုစဉ် ရှီမာဝင်ရောက်လာလေသည်။ သူ၏နောက်မှ မိန်းကလေးတစ်ဦး ပါလာလေသည်။

ထမင်းဝိုင်းမှ မျက်လုံးငါးစုံသည် ရှိမာ၏နောက်မှ မိန်းကလေးထံသို့ ရောက်ရှိ၍ သွားလေတော့သည်။

ထို့နောက် ဝေ့ခုံးခုံးသည် အံ့ဩဟန်ဖြင့် တီးတိုးရေရွတ်လိုက်လေသည်။

"ကျန့်ချဲ့လီ"

✲



## ( ၁၁ )

ကျန့်ချဲ့လီ ...

သူမသည် အခန်းတံခါးဝ၌ မလှုပ်မယှက် ရပ်နေသည်။ သူမ၏မျက်နှာသည် နွမ်းလျ၍နေလေသည်။ သူမသည် ခရီးဝေးနှင်လာခဲ့ရသည် မဟုတ်ပါလော။

ဝေ့ခုံးခုံးသည် ထိုင်ရာမှ ထလိုက်သည်။ ထို့နောက် ကျန့်ချဲ့လီထံသို့ လျှောက်သွားလေသည်။

ပြီးမှ သူသည် ကျန့်ချဲ့လီ၏လက်ကို အသာအယာ ဆုပ်ကိုင်လိုက်လေသည်။ သူသည် နှစ်ခြိုက်စွာ ပြုံးလိုက်ပြီး ...

"လာ ကျန့်ချဲ့ လီ ... လာ"

ဟု ပြောရင်း ကျန့်ချဲ့လီ၏လက်ကို ဆွဲလျက် လုံဆင်ပိတို့ထံ ခေါ်လာလေသည်။ လုံဆင်ပိသည် ကုလားထိုင်တစ်လုံး ချထားပေးလိုက်ပြီး ...

"ထိုင် ကျန့်ချဲ့လီ ... ထိုင်"

ကျန့်ချဲ့လီသည် လုံဆင်ပိချထားပေးသောခုံတွင် ဝင်ရောက်

ထိုင်လိုက်လေသည်။ ပြီးမှ သက်ပြင်းတစ်ချက်ကို ဖြည်းညင်းစွာ ချ လိုက်ရင်း ...

"ရှင်တို့ကို တွေ့မှ တွေ့ပါ့မလားလို့ စိတ်ပူလိုက်ရတာ"

ဝေ့ခိုးခိုး၏ မျက်ခုံးမွေးများသည် နဖူးပေါ်သို့ မြောက်တက် သွားပြီး ...

"ကျုပ်တို့ကို ဘာလို့ တွေ့ချင်ရတာလဲ"

လုံဆင်ဝိသည် လက်ဝါးနှစ်ဖက်ကို ကာပြလျက် ...

"ကျန့်ချဲ့ခိုကိုသတ်တာ ကျုပ်တို့မဟုတ်ဘူးလို့ ရှင်းပြခဲ့ပြီး ပြီနော်"

ထန်ကြို့ချမ်သည် မျက်မှောင်ကြုတ်ရင်း ...

"ခင်ဗျား ကျုပ်တို့ကို လက်စားချေဖို့ လိုက်လာတာတော့ မဟုတ်ပါဘူးနော်"

ကျန့်ချဲ့လီသည် သူမ၏ ခန္ဓာကိုယ်လေးကို သိမ့်သိမ့်ခါသွား သည့်တိုင် ရယ်မောလိုက်သည်။

ပြီးမှ ...

"ကျွန်မ ရှင်တို့ကိုလိုက်ရှာတာ လက်စားချေဖို့မဟုတ်ဘူး"

စုမာရှဲ့သည် သူ၏ခန္ဓာကိုယ်ကို ရှေ့သို့ ကိုင်းညွတ်လိုက်ပြီး

"အကြောင်းမဲ့သက်သက်တော့ ခင်ဗျား လိုက်ရှာမယ် မထင်ဘူး"



ကျန့်ချဲ့လီသည် သူမ၏ဦးခေါင်းကို ညိတ်ပြလိုက်ပြီး ...

"ရှင်တွေးတာ မှန်သွားပြီ"

ဝေ့ခိုးခိုးသည် မျက်မှောင်ကြုတ်ရင်း ...

"ဒါဖြင့် အကြောင်းကိစ္စရှိတယ်ပေါ့"

ကျန့်ချဲ့လီသည် ပြုံး၍ ခေါင်းညိတ်ရင်း ...

"အင်း ... ဆိုပါတော့ ... ဒါပေမဲ့"

လုံဆင်ဝိသည် နှာခေါင်းအား တစ်ချက်ပွတ်လိုက်ရင်း ...

"ဒါပေမဲ့ ဘာဖြစ်လဲ"

ကျန့်ချဲ့လီသည် သူတို့အား စိုက်၍ ကြည့်လိုက်သည်။ ပြီးမှ

"ကျွန်မကတော့ ဘာမှ နားမလည်ဘူး၊ ဒါပေမဲ့ ရှင်တို့ စိတ်ဝင်စားမယ်ထင်လို့"

ထန်အဘိုးအိုသည် မျက်မှောင်ကြုတ်လိုက်ရင်း ...

"ဒီမှာ ကလေးမရဲ့ ... ကျုပ်တို့ စိတ်ဝင်စားရအောင် ဘယ် လိုကိစ္စမျိုး ဖြစ်နေလို့လဲ"

ကျန့်ချဲ့လီသည် ချောင်းတစ်ချက် ဟန့်လိုက်ပြီး ...

"ဒီလိုပါ ... ကျွန်မအစ်ကိုရဲ့အခန်းကို ရှင်းတော့ ချိပ်ပိတ် ထားတဲ့ စာအိတ်တစ်အိတ် တွေ့ခဲ့တယ်၊ ဒါဟာလည်း အမှတ်မထင် တွေ့ခဲ့တာပါ၊ ဒါပေမဲ့ ..."

သူမသည် ပြောလက်စ စကားကို ခဏရပ်တန့်လိုက်ပြီး

သူတို့အား တစ်ချက်အကဲခတ်၍ ကြည့်လိုက်သည်။

စုမာရှဲ့သည် ကျန့်ချဲ့လီအား ပြန်၍စိုက်ကြည့်ရင်း စိတ်ဝင်စားဟန်ဖြင့် ...

"ဒါပေမဲ့ ဘာဖြစ်သလဲ"

ကျန့်ချဲ့လီသည် သူမ၏အင်္ကျီရင်ဘတ်ကြားမှ စာအိတ် တစ်အိတ်အား ထုတ်ပေးလိုက်ရင်း ...

"ဒါပေမဲ့ အစ်ကိုဟာ ဘာဖြစ်လို့ သာမန်မြေပုံတစ်ခုကို ချိပ်ပိတ်ပြီး သိမ်းထားရမလဲဆိုတာ စဉ်းစားလို့ မရဘူး"

ဟု ပြောလိုက်လေသည်။ ကျန့်ချဲ့လီ၏စကား ဆုံးသည်နှင့် တစ်ပြိုင်တည်း လုံဆင်ပိတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်လိုက်မိလေတော့သည်။

အခန်းတစ်ခုလုံးသည် တဒင်္ဂမျှ တိတ်ဆိတ်သွားလေသည်။ အတန်ကြာမှ လုံဆင်ပိသည် စာအိတ်အား လှမ်း၍ယူလိုက်ပြီး အထဲမှ စာရွက်ခေါက်အား ထုတ်ယူလိုက်လေသည်။

ထို့နောက် စာရွက်ခေါက်အား စားပွဲပေါ်တွင် ဖြန့်လိုက်လေသည်။ သာမန် နယ်နမိတ်ပြ မြေပုံစာရွက်ပင် ဖြစ်ပါသည်။

ယင်းစာရွက်ပေါ်တွင် ဂူပေအရပ်နှင့် မြစ်ဝါမြစ်အရှေ့ဘက်ခြမ်း နယ်နိမိတ်ပင် ဖြစ်ပါသည်။

သူတို့အားလုံး၏ မျက်လုံးများသည် ယင်းနယ်နိမိတ်ပြ



မြေပုံစာရွက်အား စိုက်၍ကြည့်လိုက်ကြသည်။

မြေပုံစာရွက်ပေါ်တွင် ထူးထူးခြားခြား မည်သည့်အမှတအသားမှ မရှိချေ။

သို့သော် မြေပုံစာရွက်၏အောက်ပိုင်း၌ မင်နီဝိုင်းတစ်ခု ဝိုင်းရေးခြစ်ထားသည်ကိုသာ တွေ့ရပေသည်။

ယင်းမင်နီဝိုင်းထားသောစာလုံးမှာ 'ချန့်ချုံ့ကွမ်း' ကျေးရွာဟူသော အမည်ပင် ဖြစ်ပါသည်။

ယင်းချန့်ချုံ့ကွမ်းကျေးရွာသည် ဂူပေနယ်စပ်၌ တည်ရှိနေလေသည်။

လုံဆင်ပိသည် ယင်းမင်နီဝိုင်းထားသောနေရာအား တစ်ချက်ကြည့်ပြီး သူ၏ မျက်ခုံးမွေးများကို နိမ့်ကျလာသည့်တိုင်အောင် မျက်မှောင်ကြုတ်လိုက်လေသည်။

ပြီးမှ ထန်အဘိုးအိုအား လှမ်း၍ကြည့်လိုက်ပြီး ...

"အဘ ... ဗျိုင်းဝါစံအိမ်ဟာ ဂူပေနယ်ထဲမှာ ရှိတယ် မဟုတ်လား"

ထန်အဘိုးအိုသည် သူ၏ ဦးခေါင်းကို ညိတ်ရင်း ...

"ဟုတ်တယ် ... ဗျိုင်းဝါစံအိမ်ဟာ တစ်ချိန်က ဂူပေနယ်ရဲ့ ကျော်ကြားတဲ့ စံအိမ်တစ်ခုပဲ"

လုံဆင်ပိသည် မြေပုံအား ညွှန်ပြရင်း ...

"ဒါဆို ဗျိုင်းဝါစံအိမ်ဟာ ဘယ်နားလောက်မှာ ရှိမလဲ"

ထန်အဘိုးအိုသည် မြေပုံပေါ်ရှိဂူပေနယ်အရပ်ကို သေချာစွာ တစ်ချက်ကြည့်လိုက်ပြီး မြစ်ဝါမြစ်၏ကမ်းစပ်တစ်နေရာသို့ လက်ညှိုးဖြင့် ထောက်ကာ ...

"ဟောဒီနားလောက်မှာ ရှိမယ်"

ဟု ပြောလိုက်လေသည်။

လုံဆင်ပိသည် ထန်အဘိုးအို ထောက်ပြသောနေရာကို တစ်ချက်ကြည့်လိုက်ပြီး ...

"အင်း ... ဒါဆိုရင် ဗျိုင်းဝါစံအိမ်နဲ့ ချန့်ချုံးကွမ်းကျေးရွာဟာ နီးနီးကလေးပဲ၊ ကျုပ်အထင် နေ့ဝက်ခရီးလောက်ပဲ ရှိမယ်"

စုမာရှဲ့သည် မျက်မှောင်ကြုတ်လိုက်ပြီး လုံဆင်ပိအား တစ်ချက် ကြည့်လိုက်သည်။ ပြီးမှ ...

"ဘာလဲ ... မင်းက ချန့်ချုံးကွမ်းဟာ ကျန့်ဝှားချီး ဖြစ်တယ်လို့ ပြောမလို့လား"

လုံဆင်ပိသည် သူ၏ ဦးခေါင်းကို ညိတ်လိုက်ပြီး ...

"ဟုတ်တယ် ... ကျန့်ဝှားချီးဟာ ချန့်ချုံးကွမ်းကို ပြောင်းလိုက်တဲ့နာမည်ပဲ"

ဝေ့ခုံးခုံးသည် သူ၏နှာခေါင်းကို တစ်ချက်ပွတ်လိုက်ရင်း...

"ချန့်ချုံးကွမ်းဟာ ကျန့်ဝှားချီး ဖြစ်နိုင်တယ်လို့ မင်းက



ဘာလို့ ပြောနိုင်ရတာလဲ"

လုံဆင်ပိသည် နှစ်ခြိုက်စွာ ပြုံးလိုက်ပြီး ...

"ကျန့်ချဲ့ခိုဟာ အကြောင်းမရှိဘဲ ဒီမြေပုံစာရွက်ကို သိမ်းထားမှာ မဟုတ်ဘူး၊ ပြီးတော့လည်း သူဟာ ချန့်ချုံးကွမ်းကျေးရွာကို ဘာဖြစ်လို့ မင်နီဝိုင်းထားရသလဲ"

ထန်ကြို့ချွမ်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"အင်း ... မင်းပြောသလို ချန့်ချုံးကွမ်းကျေးရွာဟာ ကျန့်ဝှားချီး ဖြစ်နေပါစေလို့ ကျုပ် ဆုတောင်းပါတယ်"

"ဟုတ်ပါတယ်၊ ကျန့်ဝှားချီးဟာ ချန့်ချုံးကွမ်းကျေးရွာပါပဲ"

ယင်းစကားကို လုံဆင်ပိ ပြောလိုက်ခြင်း မဟုတ်ပါ။ သူတို့အထဲမှ မည်သူတစ်ယောက်မျှ ပြောလိုက်ခြင်းလည်း မဟုတ်ပါ။

ယင်းစကားသည် အခန်းတံခါးဝမှ ပေါ်ထွက်လာခြင်း ဖြစ်ပါသည်။ ဤသို့ဆိုလျှင် ယင်းစကားကို မည်သူက ပြောလိုက်သနည်း။

✵

လူတစ်ယောက် ရပ်နေသည်။ အခန်းတံခါးဝ၌ လူတစ်ယောက် ရပ်နေသည်။

ထိုလူ၏မျက်နှာသည် လူသေတစ်ယောက်၏မျက်နှာကဲ့သို့ ဖြူဖွေးနေသည်။ ထို့ပြင် ထိုလူ၏မျက်နှာသည် ပြုံးခြင်း ရယ်ခြင်း မရှိချေ။

ထိုသူသည် တဖြည်းဖြည်းချင်း သူတို့ထံသို့ လမ်းလျှောက်လာလေသည်။

လမ်းလျှောက်လာသည်ဟုဆိုသော်လည်း ထိုလူကို ကြည့်ရသည်မှာ လမ်းလျှောက်နေသည်နှင့် မတူချေ။

ထိုလူ၏ခန္ဓာကိုယ်သည် လွင့်သည်ဆိုရုံမျှ လွင့်နေခြင်းသာ ဖြစ်ပါသည်။

စုမာရှဲ့သည် ထိုလူ၏မျက်နှာကို စိုက်ကြည့်လိုက်သည်။ ထို့နောက် စိတ်ထဲမှလည်း ထိုလူ၏မျက်နှာသည် နဂိုမျက်နှာမဟုတ်ကြောင်း သိလိုက်လေသည်။

ထန်အဘိုးအိုသည် ထိုလူအား မျက်မှောင်ကြုတ်နေသည်။

အတန်ကြာမှ ထန်အဘိုးအိုသည် တဖြည်းဖြည်း နှစ်ခြိုက်စွာ ပြုံးလိုက်ပြီး ...

"တို့ မတွေ့ကြတာ နှစ်ပေါင်း(၂၀)တောင် ရှိပြီ နော်"

ဟု ပြောလိုက်လေသည်။

ထိုလူ၏ နှုတ်ခမ်းများသည် လုံးဝ လှုပ်ရှားမှုမရှိဘဲ ...

"နှစ်ပေါင်း (၂၀) ကြာပြီးမှ ကျုပ်တို့ ပြန်မဆုံရဘူးလို့ ဘယ်သူက ပြောနိုင်လို့လဲ"



ဟု မေးလိုက်လေသည်။

ထို့နောက် သူတို့နှစ်ဦး၏ရယ်မောသံသည် အခန်းတစ်ခုလုံး၏တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်လေတော့သည်။

ထန်အဘိုးအိုသည် ထိုလူအား အရက်တစ်ခွက် လှမ်းပေးလိုက်သည်။

သူသည် ယင်းသို့လှမ်း ပေးရင်း လုံဆင်ပိတို့အား...

"ဒါဟာ ကျန့်ဝှားချိုးက ကျွမ်းထိရိဆိုတဲ့ ပုဂ္ဂိုလ်ပဲ"

ဟု မိတ်ဆက်ပေးလိုက်လေသည်။ ထို့နောက် ထန်အဘိုးအိုသည် လုံဆင်ပိအား ညွှန်ပြကာ ...

"သူက နှင်းဓားဗေဒါသိုင်းသမား လုံဆင်ပိဆိုတာပဲ"

ကျွမ်းထိရိသည် သူ၏ ဦးခေါင်းကို ညိတ်ရင်း ...

"နဂါးနှစ်ကောင်ဓားကွက်ကတော့ သိုင်းလောကမှာ အတော်နာမည်ကြီးတာပဲ"

ဟု ပြောလိုက်လေသည်။

လုံဆင်ပိ၏မျက်လုံးများသည် ပြူးကျယ်သွားသည်။ သူ၏ ပြူးကျယ်သွားသော မျက်လုံးများတွင် အံ့ဩသည့် အရိပ်အယောင်များ ပါဝင်၍နေလေသည်။

သူ၏စိတ်ထဲ၌ ဤပုဂ္ဂိုလ်သည် သိုင်းလောက၌ နှံ့စပ်သော

လူတစ်ယောက်ဖြစ်ကြောင်း သိလိုက်ရသည် မဟုတ်ပါလော။ ထန်အဘိုးအိုသည် ထန်ကြို့ချုံဘက်သို့ ညွှန်ပြရင်း ...

"ဒါက ..."

ကျွမ်းထိရိသည် လက်ကာပြရင်း ...

"မင်းရဲ့သား ပထမတန်းအရက်ချိုး ထန်ကြို့ချုံ မဟုတ်လား"

ထန်အဘိုးအိုသည် သူ၏ပခုံးကို တွန့်ပြရင်း ဝေ့ခုံးခုံးဘက်သို့ ညွှန်လျက် ...

"ဒါ ဝေ့ခုံးခုံး"

"အင်း ... မင်း ငွေရောင်ဝံပုလွေမင်းသားရဲ့ ဦးနှောက်ကို ခိုးဖို့ ကျန်သေးတယ်"

ဝေ့ခုံးခုံးသည် ကျွမ်းထိရိအား စိုက်ကြည့်လိုက်ပြီး ...

"ခင်ဗျားရဲ့ဦးနှောက်ကို ခိုးဖို့လိုအပ်ရင် ကျုပ်လာခိုးဦးမယ်"

ဟု နှုတ်လှန်ထိုးလိုက်သည်။ ထန်အဘိုးအိုသည် ပြုံးလျက် စုမာရှဲ့အား ညွှန်ပြကာ ...

"အဲဒါက"

ထန်အဘိုးအို၏ စကားမဆုံးချေ။ စုမာရှဲ့သည် သူ၏ လက်ကို ကာပြလိုက်ပြီး ...

"ကျုပ်တို့ကို မိတ်ဆက်ပေးဖို့ လိုမယ်မထင်ဘူး"



ဟု ပြောလိုက်သည်။ ပြီးမှ ကျွမ်းထိရိအား စိုက်၍ ကြည့်လိုက်ပြီး ...

"အကယ်၍ ခင်ဗျားဟာ ဟွာကျုံးကြစ်နှ်ဖြစ်မယ်ဆိုရင်ပေါ့"

ဟု ပြောလိုက်လေသည်။ ကျွမ်းထိရိသည် သူ၏ ဦးခေါင်းကို ညိတ်ရင်း ...

"မင်းကလည်း ငါပေးတဲ့ ငွေငါးသောင်းကို တစ်ထိုင်တည်းနဲ့ လောင်းကစားပစ်ခဲ့တဲ့ စုမာရှဲ့ ဖြစ်ခဲ့ရင်ပေါ့"

ဟု ပြန်၍ ပြောလိုက်လေသည်။

ပြီးမှ ကျွမ်းထိရိသည် သူ၏မျက်နှာမှ မျက်နှာအတုအား ဆွဲချွတ်လိုက်လေသည်။

မျက်နှာအတုအောက်မှ မျက်နှာသည် အလွန်ရုပ်ဆိုးလှပေသည်။

ဦးခေါင်းတစ်ခုလုံးတွင် ဆံပင်မွေးတစ်မွေးမှ မရှိပါ။ သူ၏ နှာခေါင်းသည် သိမ်းငှက်တစ်ကောင်၏ နှုတ်သီးနှင့် တူလှပေသည်။

သူ၏မျက်လုံးများသည်လည်း သိမ်းငှက်တစ်ကောင်၏ မျက်လုံးများကဲ့သို့ စူးရှထက်မြက်ကြောင်း သိနိုင်ပေသည်။ ထန်အဘိုးအိုသည် အံ့သြဟန်ဖြင့် ...

"ဟော ... မင်းတို့ ဘယ်တုန်းက တွေ့ဖူးကြလို့လဲ"

စုမာရှဲ့သည် ပြုံးလျက် ...

"ငွေငါးသောင်းပေးပြီး ရောင်စုံနတ်ဗျိုင်းကို သတ်ခိုင်းခဲ့တာ ဟောဒီ ကျွမ်းထိရိုပဲပေါ့"

ကျွမ်းထိရိုသည် ပြုံးလျက် သူ၏ဦးခေါင်းကို ညိတ်ရင်း ...

"နေပါဦး စုမာရှဲ့ရဲ့ ... ကျုပ်က မင်းနဲ့တွေ့တိုင်း ရုပ်ဖျက်ထားခဲ့တာပဲ"

စုမာရှဲ့သည် ပြုံးရင်း ...

"ဒါပေမဲ့ အကျင့်ကလေးတစ်ခုကို မပျောက်ခဲ့လို့ ကျုပ်မှတ်မိတာပေါ့"

ထန်အဘိုးအိုသည် တဟားဟား ရယ်မောရင်း ...

"ဟုတ်သားပဲ၊ မင်းက ရုပ် (၇၂) မျိုး ပြောင်းနိုင်ပေမယ့် မင်းရဲ့အကျင့်ကိုမှ မပြောင်းနိုင်ခဲ့ဘဲကိုး"

ဟု ဝင်ရောက် ပြောလိုက်လေသည်။ ပြီးမှ တစ်စုံတစ်ရာအား သတိရဟန်ဖြင့် ...

"ဒါနဲ့ နေပါဦး ... မင်းက ဒီကို ဘာလာလုပ်တာလဲ"

ကျွမ်းထိရိုသည် ပြုံးလျက် ...

"ကျုပ် မင်းတို့နောက်ကို လိုက်လာတာ"

ထန်အဘိုးအိုသည် မျက်နှာတစ်ချက် ပျက်သွားပြီး ...

"ဘာလဲ ... လီကျန့်ဟွားက လွှတ်လိုက်တာလား"

ကျွမ်းအဘိုးအိုသည် ဦးခေါင်းကို ခါယမ်းလိုက်သည်။ သူ၏



မျက်နှာပေါ်တွင် ဝမ်းနည်းသည့်အရိပ်အယောင် ပေါ်လာလေသည်။ ပြီးမှ သက်ပြင်းရှည်တစ်ချက် မှုတ်ထုတ်လိုက်ရင်း ...

"လီကျန့်ဟွားဟာ လွန်ခဲ့တဲ့ (၂) နှစ်လောက်က ဆုံးခဲ့တယ်"

ထန်အဘိုးအိုသည် အံ့သြဟန်ဖြင့် မျက်လုံးပြူးကျယ်သွားပြီး ...

"လီကျန့်ဟွား သေပြီ ... ဟုတ်လား"

ကျွမ်းထိရိုသည် ဦးခေါင်းကို ညိတ်ပြရင်း ...

"ဟုတ်တယ်"

ထန်အဘိုးအိုသည် စိတ်မကောင်းသောလေသံဖြင့် ...

"ဘယ်လိုဖြစ်ရတာလဲဗျာ" ဟု မေးလိုက်လေသည်။

ကျွမ်းထိရိုသည် သက်ပြင်းချရင်း ...

"(၁၈) နှစ်လုံးလုံး စိတ်ထောင်းကိုယ်ကြေဘဝမျိုးနဲ့ နေလာခဲ့တာပဲ၊ ကြာတော့လည်း ရောဂါတစ်ခုပြီးတစ်ခု ဖိစီးပြီး သေရရှာတာပေါ့"

လုံဆင်ပိသည် စိတ်ဝင်စားစွာ နားထောင်နေရာမှ ...

"ဒါဖြင့် လွန်ခဲ့တဲ့ (၂) နှစ်လောက်ကစပြီး ကျန့်ဟွားချီးကို ဘယ်သူအုပ်ချုပ်ခဲ့သလဲ"

ကျွမ်းအဘိုးအိုသည် လုံဆင်ပိအား မျက်လွှာပင့်ကြည့်ရင်း

"ကျုပ်ရယ်၊ စီစွမ်းဖွေးရယ်၊ မြစိမ်းတောင် မြွေဘုရင်

တိန်းမေရင်းရယ်၊ အရက်ချိုးဖျက် ဓားသမား လို့ဂူကွေးရယ်ပေါ့"

စုမာရှဲ့သည် မျက်မှောင်ကြုတ်၍ စဉ်းစားရင်း ...

"ကဲပါ ... ကျုပ်တို့ကို ကျန့်ဝှားချိုးရဲ့အကြောင်း နည်းနည်းလောက် ပြောပြစမ်းပါ"

ဟု တောင်းဆိုလိုက်လေသည်။ ကျွမ်းထိရိသည် သူ၏နှုတ်ခမ်းအား တစ်ချက်ကိုက်လိုက်သည်။

သူ၏မျက်လုံးများသည် အဝေးဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။ ပြီးမှ သက်ပြင်းရှည်တစ်ချက် မှုတ်ထုတ်လိုက်ပြီး ...

"အင်း ... ပြောပြန်ရင်တော့ အဟောင်းက အသစ်ဖြစ်ဦးမှာပဲ"

ဟု ညည်းညူလိုက်လေတော့သည်။ ကျန့်ဝှားချိုးကျေးရွာ၏ မူလအမည်သည် ချန့်ချိုးကျွမ်းကျေးရွာဖြစ်သည်။

ဝူပေနယ်စပ်တွင်ရှိသော မထင်မရှား ကျေးရွာတစ်ရွာ ဖြစ်သည်။

ကျေးရွာပိုင်ရှင်မှာ လီချန်ချိုး ဖြစ်သည်။ လီချန်ချိုး၏ သိုင်းပညာသည် အဆင့်မြင့်သော်လည်း သိုင်းလောကတွင် လှုပ်ရှားရန် ဆန္ဒမရှိခဲ့ပေ။

ထို့ကြောင့် သိုင်းလောကသားများသည် ယင်းချန့်ချိုးကျွမ်းကျေးရွာကို မသိရှိခဲ့ခြင်းပင် ဖြစ်ပါသည်။



လီချန်ချိုးတွင် သမီးတစ်ယောက် ရှိသည်။ တစ်ဦးတည်းသောသမီးပင် ဖြစ်ပါသည်။

သူမသည် လီကျန့်ဝှားပင် ဖြစ်ပါသည်။ လီချန်ချိုးကွယ်လွန်သောအခါ လီကျန့်ဝှားသည် ဖခင်၏အရိုက်အရာကို ခံယူခဲ့သည်။ သူမသည် ချန့်ချိုးကျွမ်းကျေးရွာ၏ သခင်မ ဖြစ်လာခဲ့သည်။

ထို့နောက် သူမသည် ချန့်ချိုးကျွမ်းကျေးရွာအား အမည်ပြောင်းလဲခဲ့လေသည်။

ယင်းပြောင်းလဲခဲ့သောအမည်မှာ ကျန့်ဝှားချိုးပင် ဖြစ်ပါသည်။

ချန့်ချိုးကျွမ်းကျေးရွာသည် မူလကပင် သိုင်းလောက၌ ထင်ရှားခြင်း မရှိခဲ့ပါ။

ထို့ကြောင့် ယခုကဲ့သို့ ကျန့်ဝှားချိုးဟု အမည်ပြောင်းလဲလိုက်သောအခါ သိုင်းလောက၌ ပို၍ပင် ထင်ရှားခြင်း မရှိခဲ့ချေ။

သို့သော် လီကျန့်ဝှား၏သိုင်းပညာသည် သူ့ဖခင်ကဲ့သို့ပင် အဆင့်မြင့်ပေသည်။

သူမသည် သူမ၏ဖခင်ကဲ့သို့ပင် ကျော်ကြားမှုကို တပ်မက်မောခြင်းမရှိသည့်အတွက် ကျန့်ဝှားချိုးနယ်သည် သိုင်းလောက၌ မထင်ရှားခဲ့ခြင်း ဖြစ်သည်။

ထိုအချိန်အတွင်းမှာပင် လီကျန့်ဝှားသည် လင့်ချစ်လျိုနှင့်

မေတ္တာမှုခဲ့ကြလေသည်။ လင့်ချစ်လှျိုသည် သိုင်းလောက၌ လူဆိုးလူပေတစ်ယောက် ဖြစ်ပေသည်။

ထို့ပြင် သူသည် မည်သည့်မိန်းကလေးကိုမှ အတည်တကျ ပေါင်းသင်းသူ မဟုတ်ချေ။

ထို့ကြောင့် လင့်ချစ်လှျိုအား ချစ်မိခဲ့ခြင်းသည် လီကျန့်ဝှားဏ်ဘဝကို စတင်၍ မှန်တိုင်းရိုက်ခတ်စေခဲ့ခြင်းပင် ဖြစ်သည်။

✲

ကျွမ်းထိရိသည် သူ၏ ပြောလက်စ စကားကို ရပ်တန့်လိုက်ပြီး အရက်ခွက်အား နှုတ်ခမ်း၌ တေ့ကာ တစ်ကြိုက်တည်း မော့ချလိုက်သည်။

ပြီးမှ ထန်အဘိုးအိုဘက်သို့ လှည့်ကာ ...

"နောက်တော့ ခင်ဗျားသိတဲ့အတိုင်းပဲ။ ခင်ဗျားနဲ့ ကျန့်နမ်းက သိုင်းသမား (၆) ယောက်ကို ခေါ်ပြီး လီကျန့်ဝှားဟာ သူ့ကိုယ်သူ ပြည့်တန်ဆာဖြစ်တယ်လို့ သက်သေပြနိုင်းတယ် မဟုတ်လား"

ထန်အဘိုးအိုသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"အင်း ... လီကျန့်ဝှားဟာ လင့်ချစ်လှျိုရဲ့ သစ္စာဖောက်ခြင်း



ကို ခံလိုက်ရတဲ့အတွက် သူ့ရဲ့စိတ်ဓာတ်ဟာ ပြောင်းလဲသွားရတယ်၊ ဒါပေမဲ့ ကောင်းသောပြောင်းလဲခြင်း မဖြစ်ခဲ့တာ ဝမ်းနည်းစရာပဲ"

ကျွမ်းထိရိသည် ဦးခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ...

"ဟုတ်ပါတယ်၊ လီကျန့်ဝှားဟာ အင်မတန်စိတ်ကောင်းရှိတဲ့ မိန်းကလေးတစ်ယောက်ပဲ၊ ပြီးတော့ သူဟာ လင့်ချစ်လှျိုပေါ်မှာ အတော်ကလေး ချစ်ရှာခဲ့တယ်"

ထန်အဘိုးအိုသည် နှုတ်ခမ်းတစ်ချက် ကိုက်လိုက်သည်။ ပြီးမှ ...

"ဒါပေမဲ့၊ လင့်ချစ်လှျိုဟာ လူဆိုးလူပေတစ်ယောက် ဖြစ်ပြီး ဥပဒေနဲ့ မကင်းလွတ်တဲ့အလုပ်တွေကို လုပ်နေခဲ့တာမို့ ကျုပ်ကိုယ်တိုင် မတွေ့တွေ့အောင် ရှာဖွေဖမ်းဆီးဖြီး သက်ဆိုင်ရာအာဏာပိုင်တွေဆီ ပို့အပ်ခဲ့တာပဲ"

ထန်အဘိုးအိုသည် အရက်ခွက်ကို ငှဲ၍ မော့သောက်လိုက်သည်။ ပြီးမှ တစ်စုံတစ်ရာအား သတိရဟန်ဖြင့် ကျွမ်းထိရိအား ...

"သြော် ... ဒါနဲ့ ရောင်စုံနတ်ဗျိုင်းက ဘာဖြစ်လို့ သူ့ကိုယ်သူ သတ်သေရတာလဲ"

ကျွမ်းထိရိသည် မဲ့ပြုံးကလေး ပြုံးလိုက်ပြီး ...

"သူက လီကျန့်ဝှားကို တစ်ဖက်သတ် ချစ်နေတာဗျ၊ ဒါကြောင့် ... လီကျန့်ဝှားဟာ ကျန့်နမ်းသိုင်းသမား(၆)ယောက်နဲ့

ဖောက်ပြန်နေတာကိုသိတော့ သည်းမခံနိုင်တော့ဘဲ သူ့ကိုယ်သူ သတ်သေသွားတာ"

ထန်အဘိုးအိုသည် မျက်မှောင်ကြုတ်ရင်း ...

"ဒါပေမဲ့ သူ့မှာ မိန်းမနဲ့ကလေးရှိတယ် မဟုတ်လား"

ကျွမ်းထိရိသည် ဦးခေါင်းကိုညိတ်ရင်း ...

"ဟုတ်တယ် ... သားတစ်ယောက်ရှိတယ်၊ သူ့မိန်းမက တော့ သူဆုံးပြီး နောက်နှစ်မှာပဲ ကွယ်လွန်သွားခဲ့တယ်၊ ဒါပေမဲ့ဗျာ ဒီလူဟာ အခုလိုတော့ မလုပ်သင့်ဘူး"

ထန်အဘိုးအိုသည် ဦးခေါင်းကို တဆတ်ဆတ်ညိတ်ပြီး-

"အင်း ... ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ အချစ်ဆိုတာ အခက်သားပဲဗျာ"

စုမာရှဲ့သည် ကျွမ်းထိရိအား မျက်မှောင်ကြုတ်၍ကြည့်ရင်း

"ဒါနဲ့ ခင်ဗျားက ဘာဖြစ်လို့ ရောင်စုံနတ်ဗျိုင်းကို သတ်ဖို့ ကျုပ်ကို ငှားရတာလဲ"

ဟု မေးလိုက်လေသည်။

ကျွမ်းထိရိသည် စုမာရှဲ့အား ပြုံးပြလိုက်ပြီး ...

"မင်းကို ရှာခိုင်းတဲ့ ရောင်စုံနတ်ဗျိုင်းက လွန်ခဲ့တဲ့ သုံးလ လောက်မှ ပေါ်လာတဲ့ ရောင်စုံနတ်ဗျိုင်းကွ"

စုမာရှဲ့သည် မျက်မှောင်ကြုတ်၍သွားသည်။



လုံဆင်ပိသည် နားမလည်နိုင်သည့်အမူအရာဖြင့် မျက်မှောင်ကြုတ်လျက် ကျွမ်းထိရိအား စိုက်ကြည့်လိုက်လေသည်။

ပြီးမှ ...

"ရောင်စုံနတ်ဗျိုင်းက ဘယ်နှစ်ကောင်များ ရှိနေလို့လဲ"

ကျွမ်းထိရိသည် သူ၏ ဦးခေါင်းကို ခါယမ်း၍ လုံဆင်ပိအား ကြည့်လိုက်ပြီ ...

"ကျန့်ဟူးချိုးမှာ ရောင်စုံနတ်ဗျိုင်းတစ်ယောက်ပဲ ရှိခဲ့တယ်၊ ဒါပေမဲ့ လွန်ခဲ့တဲ့သုံးလလောက်စပြီး ရောင်စုံနတ်ဗျိုင်းပေါ်လာခဲ့ တာ"

လုံဆင်ပိ မျက်မှောင်ကြုတ်ရင်း ...

"အဲဒီ ရောင်စုံနတ်ဗျိုင်းဟာ ဘယ်သူဘယ်ဝါဆိုတာ မသိခဲ့ ဘူးလား"

ကျွမ်းထိရိသည် လုံဆင်ပိအား မျက်လုံးပြူး၍ကြည့်လိုက် ပြီး ...

"ဟ ... အဲဒီရောင်စုံနတ်ဗျိုင်းဟာ ဘယ်သူဘယ်ဝါဆိုတာ သိမှတော့ စုမာရှဲ့ကိုရှာပြီး သတ်ခိုင်းပါ့မလား။ ဒါပေမဲ့ ..."

စုမာရှဲ့ မျက်မှောင်ကြုတ်ရင်း ...

"ဒါပေမဲ့ ဘာဖြစ်သလဲ"

ကျွမ်းထိရိသည် စဉ်းစားရခက်သောလေသံဖြင့် ...

"ဒါပေမဲ့ ရောင်စုံနတ်ဖျိုင်းဟာ ကျန့်ဟွားချီးရဲ့ အဖြစ်အပျက်ကို သိခဲ့တယ်နဲ့တူတယ်"

ဝေ့ခုံးခုံးသည် လက်ဝါးဖြင့် ပေါင်ကို တစ်ချက်ပုတ်လိုက်ပြီး

"ဖြစ်နိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျန့်နမ်းသိုင်းသမား (၆) ယောက်ဟာ ရောင်စုံနတ်ဖျိုင်းကို တွေ့ပြီးတာနဲ့ တစ်ပြိုင်တည်း ပျောက်ဆုံးခဲ့တယ် မဟုတ်လား"

လုံဆင်ပိသည် တစ်စုံတစ်ရာအား စဉ်းစားမိဟန်ဖြင့် ...

"ဒီလိုဆိုရင် ရောင်စုံနတ်ဖျိုင်းဟာ ခင်ဗျားတို့ ကျန့်ဟွားချီးက တစ်ယောက်ယောက်များ ဖြစ်နေမလား"

ကျွမ်းထိရိ မျက်မှောင်ကြုတ်လိုက်ပြီး ...

"ကျုပ်တို့ထဲက တစ်ယောက်ယောက်ဟာ ရောင်စုံနတ်ဖျိုင်း အမည်ခံပြီး လှုပ်ရှားတယ်လို့ ပြောချင်တာလား"

လုံဆင်ပိသည် အရက်အိုးထဲမှ အရက်အား ခွက်ထဲသို့ ငှဲ့ရင်း

"ခင်ဗျားကိုယ်တိုင် ရောင်စုံနတ်ဖျိုင်း မဖြစ်ဘူးလို့ ဘယ်သူ ပြောနိုင်မလဲ"

ယင်းစကားကြောင့် ကျွမ်းထိရိ ထိုင်ရာမှ "ဝုန်း" ခနဲ ထ၍ ရပ်လိုက်သည်။

ပြီးမှ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး ပြန်ထိုင်လိုက်သည်။ အတန်ကြာမှ ...



"ကျုပ်ဟာ ရောင်စုံနတ်ဖျိုင်းဖြစ်ရင် ကျုပ်ကိုယ်ကျုပ် သတ်ဖို့ ငွေငါးသောင်း အကုန်ခံပါ့မယ်၊ ပြီးတော့"

စုမာရှဲ့သည် စိတ်ဝင်စားသောအသံဖြင့် ...

"ပြီးတော့ ဘာဖြစ်လဲ"

ကျွမ်းထိရိသည် ပင့်သက်တစ်ချက် ရှိုက်လိုက်ရင်း ...

"ပြီးတော့ ကျုပ်ကိုယ်တိုင်က ကျန့်ဖျားချီးက ရှောင်ပြေးနေရတာ"

လုံဆင်ပိမျက်ခုံးမွေးများသည် နဖူးအလယ်၌ စု၍သွားပြီး

"ရောင်စုံနတ်ဖျိုင်းကြောင့် ရှောင်ပြေးနေရတာလား"

ဟုမေးလိုက်သည်။ ကျွမ်းထိရိသည် အရက်အား တစ်ကျိုက်မော့လိုက်ပြီး ...

"အင်း ... ဒါဆိုတော့ လီကျန့်ဟွား ဆုံးပြီးတဲ့ နောက်တစ်နှစ်အတွင်းမှာပဲ ကျန့်ဟွားချီးရဲ့ကံကြမ္မာဟာ ပြောင်းလဲခဲ့တယ်"

ထန်အဘိုးအိုသည် မျက်ခုံးမွေးများကို ကြို့လိုက်ပြီး ...

"ဘယ်လို ပြောင်းလဲခဲ့တာလဲ"

ကျွမ်းထိရိသည် စိတ်မကောင်းဖြစ်သော လေသံဖြင့် ...

"စည်းစည်းလုံးလုံး ရှိခဲ့တဲ့ ကျန့်ဟွားချီးဟာ (၂) ပိုင်းကွဲသွားခဲ့တယ်၊ ကျုပ်တို့ စီးစွမ်းဖွေးက တစ်ဖက်၊ တိန်းမေရင်းနဲ့ လှီဝူကွေ့က တစ်ဖက်ပေါ့"

ထန်အဘိုးအိုသည် သက်ပြင်းတစ်ချက်ချရင်း ...

"အင်း ... တိန်မေရင်းနဲ့ လှိုင်ဂူကွေ့ဟာ မြေခွေးနဲ့တူတဲ့ လူစားတွေပဲ"

ကျွမ်းထိရိသည် ဦးခေါင်းကိုညိတ်ရင်း ...

"ဟုတ်တယ် ...ပိုပြီးဆိုးတာက ရောင်စုံနတ်ဖျိုင်းရဲ့သားပဲ"

လုံဆင်ပိသည် လက်ဖြောက်တစ်ချက် တီးလိုက်ပြီး ...

"ဟုတ်ပြီ ... ရောင်စုံနတ်ဖျိုင်းဆိုတာဟာ ရောင်စုံနတ်ဖျိုင်းရဲ့သားများ ဖြစ်နေမလား"

ကျွမ်းထိရိက ပြုံးလိုက်ရင်း ငွေရောင်ဝံပုလွေမင်းသားအား

"ရောင်စုံနတ်ဖျိုင်းရဲ့သားပေါ့"

လုံဆင်ပိမျက်လုံးသည် အရောင်လက်၍ သွားလေသည်။ စုမာရှဲ့သည် သူ၏ မျက်ခုံးမွှေးအား ပင့်လိုက်ပြီး ဝေ့ခုံးခုံးအား လှမ်းကြည့်လိုက်လေသည်။

ဝေ့ခုံးခုံးသည် မယုံကြည်နိုင်သောမျက်နှာဖြင့် ကျွမ်းထိရိအား မျက်လုံးပြူး၍ ကြည့်လိုက်လေသည်။

ထိုစဉ် တစ်ချိန်လုံး ငြိမ်၍နားထောင်နေသော ထန်ကြို့ချွမ်သည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"အင်း ... ငွေရောင်ဝံပုလွေမင်းသားဟာ ရောင်စုံနတ်ဖျိုင်းဖြစ်မယ်ဆိုရင် ထန်ကြို့ချင်းအတွက် စိတ်မအေးစရာပဲ"



ဟု ဝင်ရောက်ပြောလိုက်လေသည်။ ကျွမ်းထိရိသည် ပြုံးလျက် ...

"ဒါပေမဲ့ သူဟာ ရောင်စုံနတ်ဖျိုင်း မဟုတ်နိုင်ဘူး"

လုံဆင်ပိ မျက်မှောင်ကြုတ်လိုက်ရင်း ...

"ဘာဖြစ်လို့ မဟုတ်နိုင်ဘူးလို့ ပြောနိုင်ရတာလဲ"

ကျွမ်းထိရိသည် သူ၏ပခုံးကို တွန့်ပြရင်း ...

"တစ်နေ့ ကျုပ်နဲ့ စီးစွမ်းဖွေးနဲ့ စကားပြောနေတုန်း တိန်းမေရင်းရယ်၊ လှိုင်ဂူကွေ့ရယ်၊ ပြီးတော့ ငွေရောင်ဝံပုလွေမင်းသားရယ် ရောက်လာတယ်"

ထန်အဘိုးအိုသည် စိတ်ပါဝင်စားစွာ နားထောင်ရင်း ...

"အင်း ... ဆက်ပြောပါဦး"

ကျွမ်းထိရိသည် သူ၏ နှုတ်ခမ်းကို လျှာဖြင့်သပ်လိုက်ပြီး...

"အဲဒီလို ရောက်လာပြီး ကျုပ်တို့ကို ဆွေးနွေးတယ်"

လုံဆင်ပိသည် မျက်မှောင်ကြုတ်လျက် ...

"ဘာကိစ္စ ဆွေးနွေးတာလဲ"

"သိုင်းလောကမှာ ကျန့်ဟွားချီးဆိုတဲ့ နာမည်ကျော်ကြားလာအောင် လုပ်ဖို့ကိစ္စပါပဲ"

စုမာရှဲ့သည် စိတ်ဝင်စားသော လေသံဖြင့် ...

"ဘယ်လို လုပ်မှာတဲ့လဲ ... ရှင်းမပြဘူးလား"

ကျွမ်းထိရိသည် ဦးခေါင်းကို ညိတ်ပြီး ...

"ရှင်းပြပါတယ်၊ ဒါကြောင့်လဲ ကျုပ်တို့က ခါးခါးသီးသီး ငြင်းပယ်ခဲ့တာပေါ့"

ထန်အဘိုးအိုသည် ကျွမ်းထိရိအား လှမ်း၍ကြည့်လိုက်ရင်း

"ကဲပါ ... သူတို့မင်းကို ရှင်းပြတဲ့အတိုင်း ပြောစမ်းပါ"

ကျွမ်းထိရိသည် လည်ချောင်းတစ်ချက် ရှင်းလိုက်ပြီး ...

"ဒီလိုကွ ... တိန်းမေရင်းမှာ တပည့်တစ်ယောက် ရှိတယ်"

ဝေ့ခုံးခုံးသည် နှုတ်ခမ်းတစ်ချက် မဲ့လိုက်ပြီး ...

"အသက်ရှင်ဆေးတိုက်ပိုင်ရှင် ကွေ့ပုတုန်ဖြစ်မယ် ထင်တယ်"

ကျွမ်းထိရိသည် ဦးခေါင်းညိတ်လိုက်ရင်း ...

"ဟုတ်တယ် ... ကွေ့ပုတုန်ပဲ၊ အဲ ... သူဟာ တိဗက်ပြည်မှာ ဆေးဝါးတစ်မျိုး စမ်းသပ်အောင်မြင်လာခဲ့တယ်"

စုမာရှဲ့သည် မျက်ခုံးမွေးအား တစ်ချက်ပင့်တင်တိုက်ပြီး...

"ဘယ်လိုဆေးဝါးမျိုးလဲ"

ကျွမ်းထိရိသည် ရေငတ်လာသဖြင့် အရက်တစ်ကျိုက် ထပ်မံသောက်လိုက်ပြီး ...

"လူတွေကို ထိုင်းမှိုင်းစေပြီး အမိန့်ပေးခိုင်းစေနိုင်တဲ့ ဆေးပဲ"



ဝေ့ခုံးခုံးသည် စုမာရှဲ့အား လှမ်း၍ ကြည့်လိုက်သည်။ စုမာရှဲ့သည် သူ၏ ပခုံးအား တွန့်ပြလိုက်လေသည်။ ကျွမ်းထိရိသည် နောက်ထပ် အရက်တစ်ခွက် ထပ်မံသောက်လိုက်ပြီး ...

"သူတို့ဟာ အဲဒီဆေးနဲ့ သိုင်းလောကမှာ နာမည်ကြီးတဲ့ ပုဂ္ဂိုလ်တွေကို သူတို့ရဲ့ လက်အောက်ရောက်အောင် လုပ်မယ်၊ သိုင်းလောကက နာမည်ကြီးသိုင်းသမားတွေကို သူတို့လက်အောက်ရောက်အောင် စုစည်းနိုင်ခဲ့ရင် သိုင်းလောကတစ်ခုလုံးဟာ သူတို့လက်ခုပ်ထဲကရေ ဖြစ်လာလိမ့်မယ်၊ ကျန့်ဂုားချိုးနယ်ဟာလည်း သိုင်းလောကမှာ ပြိုင်ဘက်မရှိ ရပ်တည်လာနိုင်မယ်"

ကျွမ်းထိရိသည် ပြောလက်စ စကားကို ခေတ္တဖြတ်လိုက်ပြီး အရက်တစ်ခွက် သောက်လိုက်ပြန်သည်။ ပြီးမှ စကားကို ဆက်လိုက်သည်။

"သူတို့ဟာ သိုင်းလောကကို လွှမ်းမိုးလာနိုင်တာနဲ့ တစ်ပြိုင်နက် တိုင်းရေးပြည်ရေးကိစ္စတွေကို သိုင်းပညာအားကိုးနဲ့ ပခုံးချင်းယှဉ်စွက်ဖက်လာကြတော့မှာ အမှန်ပဲ"

ထန်အဘိုးအိုသည် ဦးခေါင်းကိုဘယ်ညာခါယမ်းလိုက်သည်။

"အင်း သူတို့သာ အောင်မြင်ခဲ့ရင် သိုင်းလောကတစ်ခုလုံးကို မတရားတဲ့နည်းနဲ့ လွှမ်းမိုးပြီး နေပြည်တော်က အာဏာပိုင်တွေကိုပါ ဒုက္ခပေးလာနိုင်တယ်၊ ပိုပြီးဆိုးတာက တိုင်းတစ်ပါးရန်သူတွေဟာ

သူတို့နဲ့ စည်းရုံးပူးပေါင်းမိရင် တိုင်းပြည်အတွက်ပါ အန္တရာယ် ရှိလာနိုင်တယ်"

ကျွမ်းထိရိက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဒါကြောင့်လည်း ကျုပ်လက်မခံဘဲ ငြင်းတာပေါ့" .

"ကိုင်း ... ဒီတော့ ကျုပ်တို့တစ်တွေဟာ တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းရေးအတွက် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ဒီကိစ္စက ဖော်ထုတ်နိုင်ဖို့ ကြိုးစားရမယ်"

ထန်အဘိုးအိုသည် အလေးအနက် ပြောကြားလိုက်သည်။ ထိုစဉ် လုံဆင်ပိသည် တစ်စုံတစ်ရာအား သတိရလာဟန်ဖြင့် ...

"နေပါဦး ... ခင်ဗျားက ငွေရောင်ဝံပုလွေမင်းသားဟာ ရောင်စုံနတ်ဖျိုင်း မဟုတ်ဘူးလို့ ဘာကြောင့် ပြောနိုင်တာလဲ"

ကျွမ်းထိရိက လုံဆင်ပိအား ပြုံးပြလိုက်သည်။

"တဖြည်းဖြည်း နားလည်လာမှာပါ"

စုမာရှဲ့သည် လုံဆင်ပိအား တစ်ချက်လှမ်းကြည့်လိုက်သည်။

ပြီးမှ ကျွမ်းထိရိအား ...

"ကဲပါ ... ဆက်ပြီး ပြောပါဦး"

ကျွမ်းထိရိသည် ပြုံးလျက် ...



"ဒီလိုပါ ... ခုနက ကျုပ်ပြောသလိုပဲ သူတို့လာပြီး ဆွေးနွေးတယ်၊ သူတို့နဲ့ လက်တွဲဖို့ အတွက်ပေါ့၊ ပြီးတော့ တိန်းမေရင်းနဲ့ လို့ဝူကွေ့က ငွေရောင်ဝံပုလွေမင်းသားကို ခေါင်းဆောင်တင်မယ့် အကြောင်းနဲ့ (၆) ရက် (၆) လ အသင်းကို တည်ထောင်မယ့်အကြောင်း ပြောခဲ့တယ်"

ထန်အဘိုးအိုသည် မျက်မှောင်ကြုတ်လိုက်ရင်း ...

"အဲဒီအသင်း တည်ထောင်ဖြစ်ရဲ့လား"

ကျွမ်းထိရိက ဦးခေါင်းကို ခါယမ်းပြရင်း ...

"ကျုပ်သိသလောက်တော့ လာမယ့် (၆) လပိုင်း (၆) ရက်နေ့မှာ စတင် တည်ထောင်လိမ့်မယ်"

ဝေ့ခုံးခုံးသည် သူ၏ နှာခေါင်းအား တစ်ချက်ပွတ်လိုက်ပြီး...

"ခင်ဗျားက ငြင်းလိုက်ပြီးနောက် သူ့ကို ထပ်ပြီး ဆွေးနွေးသေးသလား"

ကျွမ်းထိရိသည် ဦးခေါင်းကို ခါယမ်းလျက် ...

"ဟင့်အင်း ... ထပ်ပြီးတော့ မဆွေးနွေးတော့ဘူး၊ ဒါပေမဲ့"

စုမာရှဲ့၏ မျက်ခုံးများ ပြုံး၍သွားသည်။ သူသည် မျက်မှောင် ကြုတ်ရင်း ...

"ဒါပေမဲ့ ဘာဖြစ်သလဲ"

ကျွမ်းထိရိသည် စိတ်မကောင်းသည့် လေသံဖြင့် ...

"နောက် (၂) ရက်လောက်ကြာတော့ စီးစွမ်းဖွေးဟာ အသတ်ခံခဲ့ရတယ်"

ထန်အဘိုးအိုသည် မျက်မှောင်ကြုတ်ရင်း ...

"စီးစွမ်းဖွေးကိုသတ်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ဘူး"

ကျွမ်းထိရီသည် ဦးခေါင်းကို ညိတ်ရင်း ...

"ဟုတ်တယ် ... ဖြစ်ပွားပုံက ဒီလိုဗျ ... အသတ်ခံရမယ့် ညမှာ ကျုပ်နဲ့သူနဲ့ ထိုင်ပြီးစကားပြောနေတုန်း စောင်းသံကို ကြားရတယ်၊ အဲဒီစောင်းသံဟာ သခင်မလေး လီကျန့်ဝှားနှစ်သက်တဲ့ သီချင်းတစ်ပုဒ်ပဲ"

ကျွမ်းထိရီသည် သူ၏စကားကို ရပ်တန့်လိုက်ပြီး ထန်အဘိုးအိုအား လှမ်း၍ ကြည့်လိုက်သည်။ ပြီးမှ ...

"ခင်ဗျားသိတဲ့အတိုင်းပဲ စီးစွမ်းဖွေးဟာ လီကျန့်ဝှားရဲ့ အထိန်းတော်ဖြစ်ခဲ့တယ် မဟုတ်လား၊ ဒီတော့ စောင်းသံကြားတာနဲ့ တစ်ပြိုင်နက်တည်း စောင်းသံကြားတဲ့နေရာကို ပြေးသွားတာပေါ့၊ အဲ ... အချိန်အတော်ကြာတဲ့အထိ စီးစွမ်းဖွေး ပြန်မရောက်လာဘူး၊ ဒါနဲ့ ကျုပ်လည်း လူစုပြီးလိုက်ရှာခဲ့ရတယ်၊ နောက်တော့ သူ့ကို သေနေတာ တွေ့ရတော့တာပဲ၊ အဲ ... တစ်ခုတော့ရှိတယ်ဗျ ... သူ့ရဲ့လက်ထဲမှာ ဇိုင်းတောင်တစ်တောင် တွေ့ရတယ်၊ ထူးဆန်းတာက ဇိုင်းတောင်က ဖြူဖွေးမနေဘဲ ရောင်စုံဖြစ်နေတာပဲ။ အဲ ... နောက်ပြီး



စီးစွမ်းဖွေးဟာ မသေမီ နာမည်တစ်ခုကို မြေကြီးပေါ်မှာ ရေးထားခဲ့တယ်၊ အဲဒီနာမည်ဟာ ရောင်စုံနတ်ဇိုင်းတဲ့"

ကျွမ်းထိရီသည် မောပန်းသွားသည့်ဟန်ဖြင့် အရက်အိုးကို ဆွဲယူလိုက်ပြီး မော့၍ သောက်ချလိုက်လေတော့သည်။ အခန်းတစ်ခုလုံးသည် တိတ်ဆိတ်၍ နေသည်။

အထူးသဖြင့် ထန်အဘိုးအိုသည် ပို၍ တိတ်ဆိတ်နေသည် သူ၏အတွေးများသည် လွန်ခဲ့သောနှစ်ပေါင်း (၂၀) သို့ ပြန်လည်ရောက်ရှိနေလေသည်။

ထို့အပြင် စီးစွမ်းဖွေး၏ စိတ်ရင်းကောင်းပုံ၊ ကျန့်ဝှားချီး၌ သူ့အား အကူအညီပေးပုံ စသည်တို့ကို ပြန်လည်မြင်ယောင်၍နေသည် မဟုတ်ပါလော။ အတန်ကြာ တိတ်ဆိတ်နေပြီးမှ ထန်အဘိုးအိုသည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ရင်း ...

"အဲဒီတော့ မင်းက မစုံစမ်းဘူးလား"

ကျွမ်းထိရီသည် ဦးခေါင်းကို ခါယမ်းလိုက်ပြီး ...

"ကျုပ် သေသေချာချာ စုံစမ်းဖို့ အချိန်မရလိုက်ဘူး"

စုမာရှဲ့သည် မျက်မှောင်ကြုတ်ရင်း ...

"ဘာဖြစ်လို့လဲ"

ကျွမ်းထိရီသည် သက်ပြင်းတစ်ချက် ချရင်း ...

"စီးစွမ်းဖွေး အသတ်ခံရပြီးတဲ့နောက် (၂) ရက် အတွင်းမှာ

ငွေရောင်ဝံပုလွေမင်းသားတို့ လူစုက ကျုပ်ကို ရန်ရှာလာခဲ့တယ်"

ဇေ့ခုံးခုံးသည် သူ၏နှာခေါင်းကို တစ်ချက်ပွတ်ရင်း ...

"ဒါကြောင့် ကျန့်ဝှားချီးက ထွက်ပြေးခဲ့ရတယ် ဆိုပါတော့"

ကျွမ်းထိရိသည် ဦးခေါင်းကို ညိတ်ပြလိုက်ပြီး ...

"ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီနှစ်ရက် အတော အတွင်းမှာပဲ ကျန့်ဝှားချီးရဲ့ သုံးချီးတစ်ချီးဟာ ငွေရောင်ဝံပုလွေ မင်းသားရဲ့လူ ဖြစ်ကုန်လို့ပဲ"

လုံဆင်ပိသည် သက်ပြင်းချရင်း ...

"အင်း ... ခုလောက်ဆိုရင်တော့ ကျန့်ဝှားချီး တစ်ခုလုံးဟာ ငွေရောင်ဝံပုလွေမင်းသားရဲ့လူတွေ ဖြစ်ကုန်ရောပေါ့၊ ဒါပေမဲ့"

ဇေ့ခုံးခုံးသည် မျက်ခုံးမွေးတစ်ဖက်ကိုပင့်၍ လုံဆင်ပိအား ကြည့်ရင်း ...

"ဒါပေမဲ့ ဘာဖြစ်လဲ"

လုံဆင်ပိသည် စဉ်းစားဟန်ဖြင့် မျက်မှောင်ကြုတ်ရင်း ...

"တိန်းမေရင်းနဲ့ လီဝူကွေ့က ငွေရောင်ဝံပုလွေမင်းသားကို ခေါင်းဆောင်တင်မယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

ထန်ကြို့ချွမ်သည် ထိုင်ရာမှ ထလိုက်ပြီး ...

"သူတို့က ငွေရောင်ဝံပုလွေမင်းသားကို သေစေချင်နေရင် ငွေရောင်ဝံပုလွေမင်းသားကို ကျုပ် အကြောပိတ်ထားတုန်းက ဘာလို့ ကယ်ခဲ့တာလဲ"



လုံဆင်ပိသည် ပြုံးရင်း ...

"တိန်းမေရင်းနဲ့ လီဝူကွေ့တို့မှာ အကြံအစည်တစ်ခုခု ရှိလို့ နေမှာပေါ့"

စုမာရှဲ့သည် မျက်မှောင်ကြုတ်ရင်း ...

"ဘာလဲ ... မင်းက သူတို့ဟာ ငွေရောင်ဝံပုလွေမင်းသားရဲ့ နောက်ကနေပြီး ကြိုးကိုင်လိမ့်မယ်ဆိုတဲ့ သဘောလား"

လုံဆင်ပိသည် သူ၏ပခုံးကို တွန့်၍ပြလိုက်ပြီး ...

"တကယ်လို့ တိန်းမေရင်းနဲ့ လီဝူကွေ့ဟာ လူအလူနတွေ မဟုတ်ဘူး ဆိုရင်ပေါ့"

ဇေ့ခုံးခုံးသည် နှစ်ခြိုက်စွာ ပြုံးလိုက်ပြီး ...

"ငွေရောင်ဝံပုလွေမင်းသားကကော လူအလူနတစ်ယောက် ဖြစ်ပါတယ်လို့ မင်းပြောနိုင်လို့လား"

လုံဆင်ပိသည် ပါးစပ်ကို ပိတ်ထားလိုက်ပြီး ပခုံးကို တွန့်ပြလိုက်လေသည်။ ထန်ကြို့ချွမ်သည် ပြတင်းပေါက်ရှိရာသို့ လျှောက်သွားပြီး ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်သည်။ ပြီးမှ လုံဆင်ပိတို့ဘက်သို့ လှည့်ကာ ...

"ကျုပ်သဘောကတော့ မနက်ဖြန် ကျန့်ဝှားချီးကို လိုက်သွားချင်တယ်" ဟု ပြောလိုက်လေသည်။

အခန်းထဲရှိ လူများသည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ပြီး ပြုံင်တူ ခေါင်းညိတ်လိုက်လေသည်။ ထိုစဉ် အခန်းထဲရှိ ရှီမာသည် ပျာယီးပျာယာဖြင့် ဝင်ရောက်လာလေသည်။

ထို့နောက် လုံဆင်ပီအား စာရွက်တစ်ရွက် လှမ်းပေးလိုက်လေသည်။ လုံဆင်ပီသည် ထိုစာရွက်အား ဖြန့်၍ ဖတ်လိုက်ပြီး စုမာရှဲ့တို့အား လှမ်းပေး လိုက်ပြန်သည်။ ပြီးမှ ...

"ကျုပ် မနက်ဖြန် ခင်ဗျားတို့နဲ့ မလိုက်တော့ဘူး"

ဟု ပြောလိုက်သည်။ ထို့နောက် အခန်းထဲမှ ချာခနဲလှည့်ကာ ထွက်ခွာသွားလေတော့သည်။

✵



## ( ၁၂ )

ကျန့်ဆန်းဝေ့အင်းတောင် ...

ဤလမ်းသည် ကျန့်ဆန်းဝေ့ အင်းတောင်ပေါ်သို့ တက်ရာလမ်းမှ ခွဲဖြာထွက်လာသောလမ်း ဖြစ်ပါသည်။ နှစ်ပေါင်းအတော်ကြာကပင် လူသွားလာခြင်း မပြုသဖြင့် ယင်းလမ်းကလေးအတိုင်းကို ရေးရေးမျှသာ မြင်တွေ့ရမည် ဖြစ်ပေသည်။

ယင်းလမ်းကလေး၏ အဆုံး၌ နှစ်ပေါင်းအတော်ကြာကပင် လူများ စွန့်ပစ်ခဲ့ဟန်တူသော ရှေးဆန်ဆန် ဆောက်လုပ်ထားသည့် အိမ်အိုကြီးတစ်လုံး ရှိပေသည်။

ယင်းအိမ်အိုကြီးသည် ပြုပြင်မည့်သူ မရှိသောကြောင့် ပျက်စီးယိုယွင်းနေပြီဖြစ်သည်။

ခြံဝင်းသည်လည်း ပျက်စီးနေပြီဖြစ်သော အိမ်အိုကြီးနှင့် လိုက်ဖက်ညီစွာပင် ချုံနွယ်များဖြင့် ပြည့်နှက်နေလေသည်။

ခြံဝင်း၏အလယ်တွင် တစ်ချိန်က လှပသောရေကန်ပျက်တစ်ခုသာ ရှိနေသည်။

ယင်းရေကန်ပျက်၏ဘေးမှပတ်၍ အိမ်ကြီးသို့သွားသော လူသွားလမ်းကလေးသည် နှစ်ပေါင်းများစွာ ရာသီဥတုဒဏ် ခံထားရဟန် ပေါ်လွင်နေပေသည်။

ထို့ပြင် ဤအိမ်ကြီးသည် ဤအရပ်ဒေသတစ်ဝိုက်၌ တစ္ဆေခြောက်သည်ဟု နာမည်ကြီး၍ နေသည်။ ထို့ကြောင့် ဤအိမ်ကြီးသို့ မည်သူမျှ မလာရောက်ရဲကြချေ။

အထူးသဖြင့် ယခုလို နေဝင်ရီတရောအချိန်၌ ပို၍ပင် မလာရောက်ရဲကြချေ။

သို့သော် ယခု ဤအိမ်ကြီးထဲ၌ လူတစ်ယောက် ရှိနေပါသည်။

ထိုလူသည် ဖုန်အလိမ်းလိမ်းတက်လျက်ရှိသော ကြမ်းပေါ်၌ထိုင်၍ အရက်အိုးကို မော့၍သောက်နေလေသည်။

ထိုလူသည် နှင်းဓားဗေဒါသိုင်းသမား လုံဆင်ပိပင် ဖြစ်သည် မဟုတ်ပါ လော။

✲

ဆည်းဆာချိန် ကုန်ဆုံးသွားပြီဖြစ်သည်။ ဆည်းဆာချိန်



ကုန်ဆုံးသွားသည်နှင့် တစ်ပြိုင်နက်တည်း အမှောင်ထုသည် ဝန်းကျင်တစ်ခုလုံးအား ဖုံးလွှမ်း၍သွားလေသည်။

မိုးရွာလာပြီဖြစ်၍ ညဥ့်သည် ပို၍မှောင်သည်ဟု ထင်ရပေသည်။

အပြင်၌ မိုးရွာသော်လည်း အိမ်ကြီးအတွင်း၌ အေးစိမ့်မနေပါ။ လုံဆင်ပိသောက်နေသောအရက်သည်လည်း မအေးပါ။

အရက် မည်မျှပင်အေးနေစေကာမူ လုံဆင်ပိက ဂရုစိုက်မည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် အရက်သည် ဝမ်းဗိုက်ထဲသို့ရောက်လျှင် ပူလောင်လာလိမ့်မည် မဟုတ်ပါလော။

✲

အရက် ...

လူတွေသည် အရက်ကို စည်းစိမ်ခံစားလို၍ သောက်ကြသည်။

သို့သော် အရက်သည် တစ်ခါတစ်ရံ၌ လူတွေကို စည်းစိမ်အစား ဒုက္ခများ ပေးတတ်သည်။

အရက်အရသာသည် တစ်ခါတစ်ရံ၌ ချိုမြတတ်သည်။

တစ်ခါတစ်ရံ၌ ဆေးသောက်ရသည်နှင့်တူပြီး ခါးသီးနေတတ်ပေသည်။

မည်သို့ဆိုပါစေ ...

ယခုကဲ့သို့ တစ်ယောက်တည်းရှိနေသည့်အခါမျိုးတွင် အရက်သည် လုံဆင်ပိအတွက် အဖော်သဖွယ်ဖြစ်နေသည် မဟုတ်ပါလော။

✵

လူတချို့သည် အရက်ကို စိတ်ညစ်၍ သောက်သည်။ တချို့က ပျော်၍သောက်သည်။ တချို့က ကြောက်၍ သောက်သည်။

ဤနေရာသည် တစ္ဆေခြောက်သည်ဟု ပြောစမှတ်ရှိသည်။ ဤသို့ဆိုလျှင် လုံဆင်ပိသည် တစ္ဆေကြောက်သလော၊ မကြောက်ပါ။ လုံဆင်ပိသည် တစ္ဆေသရဲကို မကြောက်ပါ။ သူသည် လူကိုသာ ကြောက်သူဖြစ်ပါသည်။

အကြောင်းမှာ တစ္ဆေသရဲက လူကိုသတ်သည်ကို သူ မတွေ့ဖူးပါ။



လူကသာ လူကိုသတ်သည် မဟုတ်ပါလော။

ထို့ကြောင့် တစ်ကြိမ်တစ်ခါမှ မမြင်တွေ့ဖူးသောကိစ္စနှင့် ပတ်သက်၍ သူသည် အဘယ်ကြောင့် ကြောက်ရမည်နည်း။

✵

လုံဆင်ပိသည် ကြမ်းပေါ်၌ ထိုင်နေသည်။ သူထိုင်နေသော ကြမ်းပြင်သည် ဖုန်အလိမ်းလိမ်းနှင့် ဖြစ်သည်။ သူနှင့် မလှမ်းမကမ်းတွင် မှန်အိမ်တစ်လုံးကို မီးထွန်းညှိထားလေသည်။

မှန်အိမ်မှ မီးရောင်သည် မှေးမှိန်လှပေသည်။ မီးရောင် မှေးမှိန်လွန်းသဖြင့် သုံးပေခန့်အကွာရှိ ပစ္စည်းများကိုပင် ထင်ရှားစွာ မမြင်ရချေ။

သို့သော် လုံဆင်ပိသည် သူ၏မျက်လုံးများကို ကြောင်မျက်လုံးများကဲ့သို့ အမှောင်ထဲ၌ မြင်နိုင်ရန် လေ့ကျင့်ခဲ့သည်။ ဓားသိုင်း၊ လှံသိုင်း၊ လက်သိုင်း၊ အတွင်းအား၊

ကိုယ်ဖော့ပညာရပ်များကဲ့သို့ပင် သူ၏မျက်လုံးများကို လေ့ကျင့်ခဲ့ရသည် မဟုတ်ပါလား။

ထို့ကြောင့် ... သူ၏မျက်လုံးများသည် အမှောင်ထုထဲရှိ

အရာဝတ္ထုများကို ထင်ရှားစွာ တွေ့မြင်နိုင်သည် မဟုတ်ပါလော။ သို့သော် ယခု သူ၏မျက်လုံးများသည် ဘာကိုမျှမမြင်ရပါ။

အရက်အိုးကိုကိုင်ထားသော လက်နှစ်ဖက်ကိုသာ မြင်နေရလေသည်။ အရက်အိုးထဲမှအရက်များသည် လုံဆင်ပိ၏ဝမ်းဗိုက်အတွင်းသို့ ပြောင်းရွှေ့သွားပြီ ဖြစ်သည်။

ထို့ကြောင့် အရက်အိုးထဲ၌ အရက်များ မရှိတော့ပါ။ လုံဆင်ပိသည် ရုတ်တရက် သူ၏နှုတ်ခမ်းကို တစ်ချက်တွန့်လိုက်ပြီး လက်ထဲမှအရက်အိုးကို ပြတင်းပေါက်မှ လွှင့်ပစ်လိုက်လေသည်။

အရက်အိုးသည် ပြတင်းပေါက်မှ အပြင်သို့ လွင့်သွားပြီး 'ခွမ်း' ဟူသောအသံနှင့်အတူ မြေပေါ်၌ အစိတ်စိတ် အမြွာမြွာ ကွဲသွားလေတော့သည်။

ထိုစဉ် ရုတ်တရက် လုံဆင်ပိ၏မျက်လုံးများသည် ပြူးကျယ်သွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော် အစိတ်စိတ်အမြွာမြွာ ကွဲသွားသော အရက်အိုး၏အနီး၌ လူတစ်ယောက်ရပ်နေသည်ကို တွေ့လိုက်ရသည် မဟုတ်ပါလော။

မိုးရွာ နေသည်။ မိုးသည် တဖွဲဖွဲ ရွာနေသည်။ မိုးရေထဲ၌ လူတစ်ယောက် မလှုပ်မယှက် ရပ်နေသည်။ ထိုလူသည် သူ၏မျက်လုံးတစ်စုံကိုသာ ဖော်၍ထားသည်။



သူ၏တစ်ကိုယ်လုံးသည် အဖြူရောင်ဖြစ်သည်။ သူသည် အဖြူရောင်ဝတ်စုံကို ဝတ်ထားသည်။

အဖြူရောင်ဖိနပ်ကို စီးထားသည်။ အဖြူရောင်လက်အိတ်ကို စွပ်ထားသည်။

ထိုလူ၏မျက်နှာသည် သစ်သားရုပ်ကဲ့သို့ မည်သည့်အမူအရာမျှ မရှိချေ။ အကယ်၍ လူတစ်ယောက်၏ မျက်နှာပေါ်သို့ (၂) ပိဿာခန့်လေးသော ဖယောင်းဝါကိုကပ်ထားလျှင် ထိုလူ၏မျက်နှာကဲ့သို့ပင် အမူအရာရှိမည် မဟုတ်ချေ။

ထို့ပြင် ထိုလူ၏ဦးခေါင်းသည် ထူထပ်သောပိတ်ဖြူကို ပတ်၍ထားလေသည်။ လုံဆင်ပိသည် တစ္ဆေသရဲကိုမကြောက်ပါ။ လောက၌ တစ္ဆေသရဲရှိသည်ဟု သူ မယုံကြည်ပါ။

သို့သော် သူသည် ထိုလူ၏မျက်နှာအားကြည့်ရင်း ကြက်သီးမွေးညင်းထစေသည် မဟုတ်ပါလော။ ဤသို့ဆိုလျှင် ထိုလူသည် မည်သူနည်း။

ထိုလူသည် အဘယ်ကြောင့် ဤနေရာ၌ ထွက်ပေါ်လာရသနည်း။ လုံဆင်ပိ စဉ်းစား၍မရချေ။ သူသည် အရက်ကို ထန်ကြို့ချွမ်နှင့် တန်းတူသောက်နိုင်သူ ဖြစ်သည်။

ယခု သူသည် အရက်တစ်အိုးသာ သောက်ခဲ့သည်။ ထို့ကြောင့် သူသည် မူးနေခြင်းမဟုတ်ဟု သူ့ကိုယ်သူ ယုံကြည်သည်။

ဤသို့ဆိုလျှင် ထိုလူသည် လူတစ်ယောက် ဖြစ်နိုင်ပါမည် လော။

သို့တည်းမဟုတ် သူသည် တစ္ဆေခြောက်ခံနေရခြင်းပေ လော။

※

လုံဆင်ပိသည် ငြိမ်သက်စွာ ထိုင်နေသည်။ သူသည် သူ၏ စိတ်ကို တည်ငြိမ်အောင် ထား၍ အဖြူရောင်ဝတ်စုံနှင့် ထူးဆန်းသော လူအား အကဲခတ် ကြည့်နေသည်။

အပြင်ဘက်၌ မိုးသည် တဖွဲဖွဲ ရွာနေဆဲ ဖြစ်သည်။

အဖြူရောင်ဝတ်စုံနှင့်လူသည် မိုးဖွဲထဲ၌ ရပ်နေဆဲဖြစ်သည်။

ထိုသူသည် ကျောက်ရုပ်တုတစ်ရုပ်ကဲ့သို့ လှုပ်ရှားမှု မရှိချေ။

ထိုလူကိုကြည့်ရသည်မှာ ဖယောင်းရုပ်တစ်ရုပ်နှင့် ပို၍ တူပေသည်။

သို့သော် ဖယောင်းရုပ်တွင် လှုပ်ရှားနိုင်သော မျက်လုံးရှိမည် မဟုတ်ချေ။ ထိုလူတွင် လှုပ်ရှားနိုင်သော မျက်လုံးတစ်စုံ ရှိနေပါသည်။



ထို့ကြောင့် ထိုလူ၏မျက်လုံးတစ်စုံသည် ပြတင်းပေါက်မှ တစ်ဆင့် လုံဆင်ပိထံသို့ ရောက်ရှိလာသည် မဟုတ်ပါလော။

ယင်းသို့ မျက်လုံးချင်းဆုံမိသည်နှင့် တစ်ပြိုင်နက်တည်း လုံဆင်ပိ၏ရင်ထဲ၌ မဖော်ပြနိုင်သော ခံစားမှုတစ်ရပ်ကို ခံစားလိုက်ရလေသည်။

ထိုလူ၏ မျက်လုံးများသည် အေးစက်မာကျော၍ သစ္စာမရှိချေ။

ထိုလူ၏မျက်လုံးများသည် လူသားတစ်ယောက်၏မျက်လုံးနှင့် လုံးဝမတူချေ။ ထိုမျက်လုံးများသည် အလင်းရောင်မရှိချေ။ သို့သော် လူသတ်ရန် အ ရောင်အဆင်းရှိသည်ဟု လုံဆင်ပိ ခံစားလိုက်ရသည် မဟုတ်ပါလော။

အဖြူရောင်ဝတ်စုံနှင့် လူထူးလူဆန်းသည် စတင်လှုပ်ရှားလိုက်သည်။

သူသည် ခြေလှမ်းများကို တဖြည်းဖြည်းခြင်း ရွှေ့ပြောင်းလိုက်သည်။

ဃို့သော် လုံဆင်ပိသည် ငြိမ်သက်စွာ ထိုင်နေဆဲ ဖြစ်သည်။ သူသည် မလှုပ်မယှက် ထိုင်နေသည်။

သို့သော် လုံဆင်ပိ၏မျက်လုံးများကမူ ထိုလူရွေ့လျားရာနောက်သို့ လိုက်ပါသွားလေသည်။

လုံဆင်ပိသည် ထိုလူအား ပြတင်းပေါက်မှတစ်ဆင့် ကြည့်နေခြင်းဖြစ်သည်။

ထို့ကြောင့် ထိုလူသည် တစ်ခဏအတွင်း၌ပင် သူ၏မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

ထို့နောက် လုံဆင်ပိသည် ထိုလူကို တခြားပြတင်းပေါက်၌ ထပ်မံတွေ့ရပြန်သည်။

ထို့နောက် ထိုလူသည် သူ၏မြင်ကွင်းမှ ပြန်လည်၍ ပျောက်ကွယ်သွားပြန်သည်။

အတန်ကြာမျှ ထိုလူအား ပြန်လည်မတွေ့ရတော့ချေ။

သို့သော် ရုတ်တရက် အိမ်ရှေ့သစ်သားတံခါးသည် တကျွီကျွီအော်မြည်ကာ ပွင့်ဟလာပြီး ထိုလူသည် ယင်းတံခါးပေါက်မှ အိမ်ထဲသို့ ဝင်ရောက်လာလေသည်။

ထိုလူသည် အိမ်ထဲသို့ တစ်လှမ်းချင်းလှမ်း၍ ဝင်လာလေသည်။ လုံဆင်ပိ ၏သည် ထိုလူအားကြည့်ရင်း ခြေဖျားလက်ဖျားများ အေးစက်လာသည် ဟု ခံစားလိုက်ရပေသည်။

အဘယ်ကြောင့်ဆိုသော် ...

ထိုလူ လမ်းလျှောက်နေသည်မှာ လူသားတစ်ဦး လမ်းလျှောက်နေသည်နှင့် မတူပေ။ သစ်သားရုပ်တစ်ရုပ် လမ်းလျှောက်နေသကဲ့သို့ ဖြစ်နေသည်မဟုတ်ပါလော။



ထိုစဉ် ရုတ်တရက် ထိုလူထံမှ ရွှေရောင်တစ်ချက် လင်းလက်သွားလေသည်။

ထိုလူသည် သူ၏ဓားအား ဓားအိမ်မှ ဆွဲထုတ်ပြလိုက်ခြင်းပင် ဖြစ်ပါသည်။

ထိုလူ၏ဓားသည် ရွှေရောင်တောက်ပသော ဓားတစ်လက်ဖြစ်သည်။ ဓားသွား (၂) ဖက်ရှိပြီး ဓားသည် (၁) ပေသာသာခန့်သာ ရှည်လျားသည်။

သို့သော် ဓားမှ ထွက်ပေါ် လာသောအလင်းရောင်သည် သုံးပေမျှသာ လင်းလျက်ရှိသော မှန်အိမ်မှမီးရောင်ကို မှေးမှိန်သွားစေသည်။

ထို့ပြင် လုံဆင်ပိ၏စိတ်ထဲ၌ အန္တရာယ်အငွေ့အသက်ကို ထိတွေ့ခံစားရသည်ဟု ထင်မှတ်လိုက်မိလေသည်။

လုံဆင်ပိသည် ဖြည်းညင်းစွာ ထိုင်ရာမှထလိုက်သည်။

ပြီးမှ ...

"ကောင်းလိုက်တဲ့ဓား"

ဟု ချီးကျူးလိုက်သည်။

ထိုလူသည် ဘာမျှ ပြန်မပြောပါ။

သူသည် ရှေ့သို့တရွေ့ရွေ့တိုးလာပြီး လက်ထဲမှဓားကို အနည်းငယ် လှုပ်ရှားလိုက်သည်။

လုံဆင်ပိသည် ထိုလူ၏လှုပ်ရှားမှုကို မျက်တောင်မခတ်ဘဲ စိုက်၍ကြည့်နေရာမှ ...

"မင်း ဘယ်သူလဲ"

ဟု မေးလိုက်သည်။

ထိုလူက ပါးစပ်လှုပ်သည်ဆိုရုံမျှ လှုပ်ကာ ...

"ကျုပ် အဝတ်ဖြူသရဲ၊ ကျုပ်ထန်ကြို့ချင်းကို သတ်လိုက်ပြီ၊ အခု ကျုပ် နှင်းဓားဗေဒါသိုင်းသမားကို သတ်မလို့"

ဟု ပြောလိုက်လေသည်။

ထိုလူ၏စကားပြောပုံသည် ထူးဆန်း၍နေသည်။ ထိုလူ၏ အသံသည် ပို၍ထူးဆန်းနေသည်။

သုံးနှစ်သားကလေးငယ်တစ်ဦး၏စကားပြောပုံနှင့် တူ၍ ပီသခြင်းမရှိချေ။

ထို့ကြောင့် လုံဆင်ပိသည် မျက်မှောင်ကုတ်လိုက်ပြီး ...

"ကျုပ် နှင်းဓားဗေဒါသိုင်းသမားပဲ၊ ခင်ဗျားကို ဘယ်သူ ခိုင်းတာလဲ"

ဟု မေးလိုက်သည်။ ထိုလူသည် ရှေ့သို့တရွေ့ရွေ့ တိုးလာရင်း ...

"ကျုပ် အဝတ်ဖြူသရဲ၊ ကျုပ် ထန်ကြို့ချင်းကို သတ်လိုက်ပြီ။ အခု ကျုပ် နှင်းဓားဗေဒါသိုင်းသမားကို သတ်မလို့"



ထိုလူသည် ဤစကားကိုသာ ထပ်ခါထပ်ခါ ပြောလိုက်သည်။ ပို၍လည်း မပြော၊ လျော့၍လည်း မပြော။ ဤစကားကိုသာ တိကျစွာ ပြောလေသည်။

လုံဆင်ပိသည် နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်ရင်း ...

"ခင်ဗျားနဲ့ ကျုပ်နဲ့ ဘာများပတ်သက်ဖူးလို့လဲ"

ဟု မေးလိုက်သည်။ ထိုသူသည် စောစောပိုင်းက ပြောသကဲ့သို့သာ ပြန်ပြောလေသည်။ လုံဆင်ပိသည် မျက်မှောင်ကုတ်လိုက်မိသည်။

အဘယ်ကြောင့်ဆိုသော ထိုလူသည် ယင်းစကားသုံးခွန်းမှ လွဲ၍ မည်သည့်စကားမှ ပြောခြင်းမရှိသည်ကို သတိပြုမိလိုက်သောကြောင့် ဖြစ်လေသည်။

အဖြူရောင်ဝတ်စုံနှင့်လူသည် ထိုစကားသုံးခွန်းကို ထပ်ခါတလဲလဲ ပြောနေသည်။ ထိုစကားသုံးခွန်းသည် စကားလုံးတစ်လုံးတလေမှ ပြောင်းလဲသွားခြင်း မရှိချေ။

ထိုလူ၏ဓားမှ ပေါ်ထွက်လာသော အလင်းရောင်သည် လုံဆင်ပိ၏ခန္ဓာကိုယ်ပေါ်သို့ ကျရောက်နေပြီဖြစ်သည်။

ဤဓားသည် လျှို့ဝှက်သောဓားတစ်လက် မဖြစ်နိုင်ဟု လုံဆင်ပိ မတွေးရဲပါ။

အဘယ်ကြောင့်ဆိုသော် ...

ယင်းဓားနှင့်ပတ်သက်၍ သူသည် ထူးဆန်းသော ခံစားမှုတစ်ရပ်ကို ခံစားနေရသည် မဟုတ်ပါလော။

မည်သို့ခံစားနေရသည်ကို ဖော်ပြ၍မပြောပြနိုင်သော်လည်း ယင်းဓား၌ ကြောက်စရာကောင်းသော ခွန်အားတစ်ရပ်ရှိသည်ဟု လုံဆင်ပိယုံကြည်ထားလေသည်။

ယင်းအခိုက်တွင် ထိုလူသည် လုံဆင်ပိအား ရုတ်တရက် ဓားနှင့်ခုတ်ချလိုက်လေသည်။

ထိုလူ၏လှုပ်ရှားမှုသည် သစ်သားရုပ်သေးတစ်ရုပ်ကဲ့သို့ လှုပ်ရှားနေသည်ဟု ထင်ရသော်လည်း လုံဆင်ပိ ဓားဖြင့်ခုတ်သောအခါ လျင်မြန်လှပေသည်။

ထို့ကြောင့် လုံဆင်ပိသည် ဓားကိုပင် ဆွဲထုတ်ချိန် မရလိုက်ချေ။ လုံဆင်ပိသည် နောက်သို့ ခြေလှမ်း (၂) လှမ်းမျှ ဆုတ်လိုက်ပြီး ရုတ်တရက် လက်ဝါး (၇) ချက်ဖြင့် ထိုလူ၏ဓားကို ကာကွယ်လိုက်လေသည်။

လက်ဝါးသည် သွေးသားဖြင့် တည်ဆောက်ထားသည်။ ဓားသည် အကောင်းဆုံးသံမဏိဖြင့် ပြုလုပ်သောဓားဖြစ်သည်။ ထို့ကြောင့် ယခုကဲ့သို့ ဓားနှင့်ခုတ်ခြင်းကို လက်ဝါးဖြင့် ခုခံရန် မလွယ်ကူချေ။

သို့သော် လုံဆင်ပိ၏ လက်ဝါးသိုင်းကွက်သည် အဆင့်မြင့်



သိုင်းကွက်တစ်ကွက် ဖြစ်သည်။

ယခုကဲ့သို့ ဓားဖြင့်မခုခံဘဲ လက်ဝါးဖြင့် ခုခံလိုက်ခြင်းသည် တစ်ဖက်ရန်သူအား အာရုံတစ်မျိုး ပြောင်းလဲပြီး ဆက်တိုက် ဓားဖြင့်ခုတ်လာစေသည် မဟုတ်ပါလော။

ထိုအခါ ယင်းရန်သူသည် လုံဆင်ပိ၏သိုင်းကွက်အတွင်း၌ ပိတ်မိနေပြီသာ ဖြစ်ပေသည်။

သို့သော် ထိုလူသည် လုံဆင်ပိအား ဓားဖြင့် ဆက်တိုက် မခုတ်ချေ။ သူသည် လုံဆင်ပိအား တစ်ချက်ခုတ်လိုက် ရပ်နားလိုက်ဖြင့် ပြတ်တောင်းပြတ်တောင်း ခုတ်နေခြင်းပင် ဖြစ်ပေသည်။

ထိုလူသည် လုံဆင်ပိအား ယင်းသို့ ဓားဖြင့်ခုတ်ရင်း ပါးစပ်မှလည်း စကားသုံးခွန်းကိုသာ ထပ်ခါတလဲလဲ ရေရွတ်နေလေသည်။

လုံဆင်ပိသည် သူ၏နှင်းဓားကို ဓားအိမ်ထဲမှ ဆွဲ၍ထုတ်လိုက်သည်။ ယင်းသို့ ထုတ်လိုက်သည်နှင့်တစ်ပြိုင်နက်တည်း ထိုလူ၏လျှပ်တစ်ပြက်တိုက်ခိုက်ခြင်းကို ခံလိုက်ရလေသည်။

ထို့ကြောင့် လုံဆင်ပိသည် ကပျာကယာ သူ၏နှင်းဓားဖြင့် ဆီး၍ ခံပေးလိုက်ရလေသည်။

'ချွမ်'

ဟူသောအသံနှင့်အတူ မီးပွားကလေးများပင် ပွင့်၍သွားလေသည်။

လုံဆင်ပိသည် သူ၏ခန္ဓာကိုယ်ကို ရုတ်တရက်ဘေးသို့ ခုန်ထွက်လိုက် ပြီး ထိုလူအား လျှပ်တစ်ပြက် တိုက်ခိုက်လိုက်သည်။

ယင်းတဒင်္ဂအချိန်ကလေးအတွင်း၌ပင် လုံဆင်ပိသည် ထိုလူအား ဓားချက် (၇) ချက်ဖြင့် တိုက်ခိုက်လိုက်ပြီး ဖြစ်နေလေသည်။

သို့သော် သံသံချင်း ထိသံမှလွဲ၍ လုံဆင်ပိ၏ဓားသည် ထိုလူအား ထိခိုက်ခြင်းမရှိချေ။

လုံဆင်ပိ၏နှင်းဓားသည် တဖြည်းဖြည်း မြန်လာသည်။ ထိုလူ၏ ရွှေဓားသည်လည်း ပို၍မြန်လာသည်။

သို့သော် နှင်းဓားသည် ထိုလူ၏ရွှေဓားထက် ပို၍မြန်နေပေသည်။ ရုတ်တရက် ထိုလူ၏ဓားအရှိန် လျော့နည်း၍သွားသည်။

ထိုတဒင်္ဂအချိန်ကလေးအတွင်း၌ပင် လုံဆင်ပိရင်ထဲ၌ ခံစားမှုတစ်ရပ်ကို ခံစားလိုက်ရပေသည်။

အကြောင်းမှာ ...

ထိုလူ၏ဟန်အမူအရာကို သူရင်းနှီးဖူးသည်ဟု ခံစားလိုက်ရသည် မဟုတ်ပါလော။

ဤသို့ဆိုလျှင် ထိုလူသည် မည်သူဖြစ်မည်နည်း။

✵



လုံဆင်ပိ၏ ဓားအရှိန်လျော့သွားသည်။ သူသည် ထိုလူအား ရင်းနှီးဖူးသည်ဟု စိတ်ထဲ၌ ခံစားလိုက်ရသည်၊

သို့သော် ထိုလူသည် မိမိအား သတ်ရန်ကြိုးစားနေသော ရန်သူတစ်ယောက်သာ ဖြစ်သည်။

အဘယ်ကြောင့် သူ၏စိတ်ထဲ၌ မတူညီသော ခံစားမှုတစ်ရပ်ကို ခံစားနေရမှန်း စဉ်းစား၍မရချေ။

ထိုစဉ် အဖြူရောင်ဝတ်စုံနှင့် လူသည် ရုတ်တရက် သူ၏ရွှေဓားကို တစ်ချက်ဝှေ့ယမ်းလိုက်ပြီး လုံဆင်ပိအား ခုတ်ချလိုက်လေသည်။

အလင်းရောင် မှေးမှိန်လျက်ရှိသော အခန်းတွင်း၌ ဓားများ၏အလင်းရောင်သည် ပြိုးခနဲ ပြက်ခနဲ လက်၍နေသည်။ ရုတ်တရက် လုံဆင်ပိသည် ထိုလူ၏ခုတ်ချလိုက်သော ဓားသိုင်းကွက်ကို တွေ့မြင်လိုက်သည်နှင့် တစ်ပြိုင်တည်း သူ၏မျက်လုံးများသည် ပြူးကျယ်၍သွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော် ယင်းဓားသိုင်းကွက်သည် နဂါးရှစ်ကောင်ဓားသိုင်းကွက်ထဲမှ ခွဲထွက်လာသော သိုင်းကွက်တစ်ကွက်ဖြစ်လေသည်။

ထို့ကြောင့် လုံဆင်ပိသည် အံ့သြဟန်ဖြင့် ...

"နဂါးအနောက်လေပွေဓားသိုင်း"

ဟု ရေရွတ်လိုက်မိလေတော့သည်။

✵

နဂါးအနောက် လေပွေဓားသိုင်းကွက် ...။

ဤသိုင်းကွက်သည် ဆန်းတုံးကျိုနမ်နယ်မှ လုံအမျိုးအနွယ်၏ ဓားသိုင်းကွက်တစ်ခု ဖြစ်သည်။

ထို့အပြင် ယင်းဓားသိုင်းကွက်ကို လုံအမျိုးအနွယ်၏ အဆင့်မြင့်သိုင်းသမားများမှ လွဲ၍ မည်သူမျှ မတတ်ကြချေ။

လုံအမျိုးအနွယ် အဆင့်မြင့်သိုင်းသမားဟူ၍ လုံဆင်ဝိတစ်ယောက်သာလျှင် ကျန်ရှိနေသည်။

ထို့ကြောင့် အဖြူရောင်လူထူးလူဆန်းသည် လုံအမျိုးအနွယ်ထဲမှ မဟုတ်နိုင်ချေ။

သို့သော် ...

လုံအမျိုးအနွယ် အဆင့်မြင့်သိုင်းသမားမှလွဲ၍ တစ်ယောက်သောသူသည် နဂါးရှစ်ကောင်သိုင်းကွက်ကို နားလည်ထားသည်။



ထိုသူသည်လည်း နဂါးရှစ်ကောင်သိုင်းကွက် များများစားစား နားလည်ထားသူမဟုတ်ပါ။

ဤနဂါးအနောက်လေပွေသိုင်းကွက် တစ်ကွက်တည်းသာလျှင် နားလည်ထားခြင်း ဖြစ်ပါသည်။

ထို့ပြင် ယင်းသိုင်းကွက်တစ်ကွက်ကိုပင် လုံဆင်ဝိက အတင်းသင်ပေးသဖြင့် နားလည်ထားခြင်းသာ ဖြစ်ပါသည်။

ဤသို့ဆိုလျှင် လုံဆင်ဝိသည် မည်သူ့ကို ဤသိုင်းကွက်တစ်ကွက်အား သင်ပေးခဲ့သနည်း။

ထိုသူသည် လုံဆင်ဝိ၏ရင်ထဲမှ အမြဲ သတိရတမ်းတနေသူ ထန်ကြို့ချင်းမှလွဲ၍ မည်သူမျှ ဖြစ်မည်မဟုတ်ချေ။ ဤသို့ဆိုလျှင် ...

အဖြူရောင် လူထူးလူဆန်းသည် ထန်ကြို့ချင်းလော။

✵

အဖြူရောင် လူထူးလူဆန်းသည် ထန်ကြို့ချင်း မဟုတ်ပါက ... ဤ "နဂါး အနောက်လေပွေ" သိုင်းကွက်ဖြင့် ခုတ်ချမည် မဟုတ်ပါ။

သို့သော် ထိုလူသည် ထန်ကြို့ချင်းဖြစ်ပါက အဘယ်ကြောင့် ယခုကဲ့သို့ ဖြစ်သွားရသနည်း။

သူမ၏အသံသည် ပြောင်းသွားသည်။ သူမ၏စိတ်ဓာတ်သည် ပြောင်းလဲနေသည်။

ဤသို့ဆိုလျှင် သူမအား မည်သူက ယခုကဲ့သို့ဖြစ်အောင် ပြုလုပ်လိုက်သနည်း။

အကယ်၍ ငွေရောင်ဝံပုလွေမင်းသားသည် သူမအား ယခုကဲ့သို့ မှတ်ဉာဏ်ပြောင်းလဲသွားရန် ပြုလုပ်လိုက်လျှင် ...

အကယ်၍ ထိုလူသည် ထန်ကြို့ချင်းဖြစ်လျှင် ...

လုံဆင်ပိ ဆက်၍မတွေးတော့ပါ။

သူသည် ဤမျှရက်စက်သော ငွေရောင်ဝံပုလွေမင်းသားအား မတွေ့တွေ့အောင် ရှာမည်ဟု စိတ်ပိုင်းဖြတ်လိုက်လေတော့သည်။

✲

အဖြူရောင်ဝတ်စုံနှင့် လူထူးလူဆန်းသည် ထန်ကြို့ချင်းပင် ဖြစ်ပါသည်။

သူမသည် လုံဆင်ပိ၏ အရင်းနှီးဆုံးမိတ်ဆွေလည်း ဖြစ်ပါသည်။



ထို့ပြင် သူမသည် လုံဆင်ပိ၏အိပ်မက်ကမ္ဘာထဲမှ နတ်သမီးတစ်ပါးလည်း ဖြစ်ပါသည်။

သို့သော် သူမ၏မျက်နှာပေါ်သို့ ဖယောင်းများ ဖုံးအုပ်ထားသည့်အတွက် သူမ၏ နဂိုရုပ်နှင့် အသံ ပြောင်းလဲသွားခြင်းပင် ဖြစ်ပါသည်။

အကယ်၍ သူမသည် နဂါးရှစ်ကောင်မှ ခွဲဖြာထွက်လာသော နဂါးအနောက် လေပွေသိုင်းကွက်ဖြင့် လုံဆင်ပိအား တိုက်ခိုက်ခြင်း မပြုခဲ့လျှင် လုံဆင်ပိသည် မိမိကို တိုက်ခိုက်နေသော လူသည် ထန်ကြို့ချင်းဖြစ်မှန်း သိမည်မဟုတ်ပေ။

ထို့ပြင် လုံဆင်ပိ ဆက်၍မတွေးရဲတော့ပါ။

ထိုစဉ် ထန်ကြို့ချင်း၏ရွှေဓားသည် လုံဆင်ပိ၏ခါးကို ကျရောက်လာလေသည်။ လုံဆင်ပိသည် ရှောင်တိမ်းရန် မစဉ်းစားချေ။

အကယ်၍ ထန်ကြို့ချင်းသည် သူ့ကို သတ်မည်ဆိုလျှင် သူသည် အဘယ်ကြောင့် ... ထန်ကြို့ချင်း၏ဓားအောက်၌ မသေရဲရမည်နည်း။

သို့သော် ယခု သူ့ကို တိုက်ခိုက်နေသော ထန်ကြို့ချင်းသည် ယခင်က ထန်ကြို့ချင်း မဟုတ်ပါ။

ယခု ထန်ကြို့ချင်းသည် သူမကိုယ်သူမ မည်သူမှန်းမသိအောင်ပင် မှတ်ဉာဏ်၊ အသိဉာဏ် ပျက်ယွင်းနေသော ထန်ကြို့ချင်း

ဖြစ်သည်မဟုတ်ပါလော။

ထို့ကြောင့် ထန်ကြို့ချင်းသည် မိမိအား မှတ်မိမည်မဟုတ်ဟု လုံဆင်ပိ တွေးလိုက်သည်။

ထန်ကြို့ချင်းသည် နူးညံ့သိမ်မွေ့သောမိန်းကလေးဖြစ်သည်။

သူမသည် မည်သူ့ကိုမျှ ဒုက္ခမပေးခဲ့ချေ။ အထူးသဖြင့် သူမချစ်မြတ်နိုးသော လူကို ပို၍ ဒုက္ခပေးမည် မဟုတ်ချေ။

သို့သော် ယခု သူမသည် သူမ,ချစ်မြတ်နိုးသော လုံဆင်ပိကိုသတ်ရန် ကြိုးစားနေသည်။

လူသူကင်းမဲ့၍ မှောင်နေသော အိမ်အိုတစ်ခုအတွင်း၌ ချစ်သူနှစ်ဦးကို အချင်းချင်း အသေသတ်ရန် ဖန်တီးခဲ့သော ငွေရောင်ဝံပုလွေမင်းသား၏လုပ်ရပ်သည် ရက်စက်လွန်းလှသည်ဟု လုံဆင်ပိတွေးလိုက်မိသည်။

ထို့ကြောင့် လုံဆင်ပိသည် မိမိ၏ခါးသို့ ဝိုက်၍ခုတ်ချသော ထန်ကြို့ချင်း၏ဓားအား လျှပ်တစ်ပြက် မိမိနှင်းဓားဖြင့် ခုခံပေးလိုက်လေသည်။

'ချွမ်'

ဟူသော ဓားဓားချင်းထိသံသည် တိတ်ဆိတ်သော အိမ်အိုအတွင်း၌ ဟိန်း၍သွားလေတော့သည်။



ထန်ကြို့ချင်းသည် ရုတ်တရက် လုံဆင်ပိ မထင်မှတ်သောထောင့်မှ တိုက်ခိုက်လိုက်ပြန်သည်။

ဤသို့ မထင်မှတ်သောထောင့်မှ တိုက်ခိုက်လိုက်သောသိုင်းကွက်သည် "ဝေ့မာချန်း" သိုင်းကွက်ဖြစ်သည်။

ထန်အမျိုးအနွယ်၏ကျော်ကြားသော သိုင်းကွက်တစ်ကွက်ဖြစ်သည်။

လုံဆင်ပိသည် သူ၏ခန္ဓာကိုယ်ကို နောက်သို့ ရုတ်တရက်လှည့်လိုက်ပြီး လက်ထဲမှဓားဖြင့် ဆီး၍ ခံထားပေးလိုက်သည်။

ထို့နောက် ဓားကို ကန့်လန့်ပြုလုပ်ကာ ထန်ကြို့ချင်း၏လက်ထဲမှဓားအား ရိုက်ချလိုက်လေသည်။

ထို့ကြောင့် ထန်ကြို့ချင်း၏လက်ထဲမှ ဓားသည် ကြမ်းပေါ်သို့ လွင့်စဉ်သွားလေတော့သည်။

ထန်ကြို့ချင်းသည် လုံဆင်ပိ၏ရန်သူမဟုတ်ပါ။ သို့ဖြစ်၍လည်း လုံဆင်ပိသည် သူမကို မည်သို့မျှမနာကျင်စေလိုပါ။

သို့သော် ထန်ကြို့ချင်းသည် လုံဆင်ပိအား မိမိ၏ရန်သူသဖွယ် သဘောထား၍ တိုက်ခိုက်ခဲ့လေသည်။

ထန်ကြို့ချင်းသည် လက်ထဲမှ ဓားလွင့်စဉ်သွားသည်နှင့်တစ်ပြိုင်နက်တည်း လုံဆင်ပိထံ ခုန်၍ဝင်ရောက်လာပြီး လက်ငါးချောင်းသိုင်းကွက်အား ကြောက်၍ တုန်လှုပ်သွားခြင်း မဟုတ်ပါ။

သူသည် ထန်ကြို့ချင်းအား ဒဏ်ရာမရစေဘဲ ယှဉ်ပြိုင်ရမည်ဖြစ်၍ တုန်လှုပ်သွားခြင်းသာ ဖြစ်ပါသည်။

ထို့ကြောင့် လုံဆင်ပိသည် အထူးသတိထား၍ ဓားကို မသုံးဘဲ ယှဉ်ပြိုင်နေရပေသည်။ ထန်ကြို့ချင်းသည် လုံဆင်ပိ၏အသက်ကို ရယူရန် ကြိုးစားနေသည်။

သို့သော် သူသည် သိုင်းပညာရပ်များ၌ အဆင့်မြင့်အောင် သင်ကြားခဲ့ဖူးခြင်း မရှိချေ။ ထို့ကြောင့် လုံဆင်ပိသည် သိုင်းကွက် (၁၀) ကွက်အတွင်း သူမကို ဖမ်းချုပ်မိလေတော့သည်။

ထန်ကြို့ချင်းသည် လုံဆင်ပိလက်ထဲ၌ ရုန်းကန်နေဆဲ ဖြစ်သည်။

သို့သော် လုံဆင်ပိသည် တဒင်္ဂအချိန်ကလေးအတွင်း၌ သူမ၏အကြော (၁၂) နေရာကို ပိတ်လိုက်လေသည်။

ထန်ကြို့ချင်း မလှုပ်ရှားတော့ပါ။

သူမသည် ဖယောင်းရုပ်တုတစ်ခုကဲ့သို့ပင် မလှုပ်မယှက် ရပ်၍နေသည်။

လုံဆင်ပိသည် ထန်ကြို့ချင်းကို စိုက်၍ကြည့်ရင်း သူ၏မျက်လုံးသည် စိုစွတ်လာသည်ဟု ခံစားလိုက်ရလေသည်။

ဒိမ်အပြင်ဘက်၌ မိုးသည် တဖြည်းဖြည်းနှင့် သည်းထန်စွာ ရွာလာယေဒတော့သည်။



သုသာန် တစပြင်နှင့်တူသည်။ သို့သော် သုသာန်တစပြင် မဟုတ်ပါ။

ဤနေရာသည် အိမ်အိုကြီးတစ်လုံး ဖြစ်ပါသည်။

ဤအိမ် အိုကြီးထဲ၌ လုံဆင်ပိနှင့်ထန်ကြို့ချင်း ရှိနေပါသည်။

သို့သော် တိတ်ဆိတ်ငြိမ်သက်မှုသည် သုသာန်တစပြင်ကဲ့သို့ပင် ဖြစ်နေပါသည်။

လုံဆင်ပိသည် မလှုပ်မယှက် ရပ်နေသော ထန်ကြို့ချင်းကို စိုက်၍ကြည့်နေမိသည်။ ထိုသို့ကြည့်ရင်း သူ၏ရင်ထဲ၌ ဆို့နင့်လာလေတော့သည်။

သူသည် မည်မျှ ကြာအောင် တွေဝေနေမိသည် မသိပါ။ သူ၏ နောက်မှ ချောင်းဟန့်သံကြားလိုက်မှ သတိပြန်ဝင်လာလေတော့သည်။

ထို့ကြောင့် သူသည် ရုတ်တရက် ခန္ဓာကိုယ်ကို နောက်သို့လှည့်၍ ကြည့်လိုက်လေသည်။

အခန်းထဲ၌ လူတစ်ယောက် ရပ်နေ သည်။

ထိုလူကို တွေ့လိုက်သည်နှင့် လုံဆင်ပိ၏မျက်လုံးများသည် အရောင်တောက်ပလာပြီး ...

"တိန်းမေရင်း"

ဟု လွှတ်ခနဲ အော်လိုက်မိ သည်။

တိန်းမေရင်းသည် ကောက်ကျစ်စွာ တစ်ချက်ရယ်မော လိုက်ပြီး ...

"မပြည့်စုံသေးဘူး ... မြစိမ်းတောင်မြွေဘုရင် တိန်းမေရင်း ဆိုမှ ပြည့်စုံမယ်"

ဟု ပြောလိုက်လေသည်။ လုံဆင်ပိသည် နှုတ်ခမ်းကို မဲ့ လိုက်ပြီး ...

"အပြစ်မဲ့တဲ့လူကို ဒီလိုဖြစ်အောင် မလုပ်တော့ဘူးလား"

တိန်းမေရင်းသည် ဘာမှ ပြန်မပြောပါ။ သူသည် အတန် ကြာအောင် တိတ်ဆိတ်နေပြီးမှ ...

"ဟင်း ... ကလဲ့စားချေတယ်ဆိုတာ ရက်စက်တယ်လို့ ခေါ် မလား"

လုံဆင်ပိသည် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း ...

"ဘယ်သူ့ကိုမှ ဒုက္ခမပေးဖူးတဲ့လူကို ကလဲ့စားချေရဲတယ် ဆိုတဲ့သတ္တိကို ကျုပ် ချီးကျူးပါတယ်"

တိန်းမေရင်း၏အသံသည် ရုတ်တရက် မာကျောသွားပြီး ...

"ဒါပေမဲ့ သူဟာ ထန်အမျိုးအနွယ်ထဲကပဲ"

လုံဆင်ပိသည် နှုတ်ခမ်းတစ်ချက်မဲ့ရင်း ...

"ဒါကို တရားမျှတတယ်လို့ ထင်သလာ"



တိန်းမေရင်းသည် ကောက်ကျစ်စွာ ပြုံးလိုက်ရင်း ...

"နိုင်သူဘုရင် ရှုံးသူသူကျွန်ပဲ၊ ဒါကို မတရားဘူးလို့ မင်းက ပြောချင်လို့လား"

လုံဆင်ပိ ဘာမှ ပြန်မပြောပါ။ သူသည် တိန်းမေရင်းအား မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။ တိန်းမေရင်းသည် မြေခွေး တစ်ကောင်ကဲ့သို့ ပြုံးလိုက်ပြီး ...

"အခုလည်း မင်းဟာ ထန်အမျိုးအနွယ်နဲ့ ပတ်သက်နေ တယ်၊ ဒါကြောင့်"

လုံဆင်ပိသည် ပြုံးလိုက်ပြီး ...

"ဒါကြောင့် ကျုပ် သေလိမ့်မယ်လို့ ခင်ဗျားထင်နေသလား"

တိန်းမေရင်းသည် ပြုံးလျက် ...

"ပြေးစရာလမ်းမှ မရှိဘဲ"

လုံဆင်ပိသည် ပခုံးကို တစ်ချက်တွန့်ပြရင်း ...

"ကျုပ် တစ်ခုပြောပါရစေ"

တိန်းမေရင်းသည် ပြုံးလျက် ...

"လူတစ်ယောက် မသေခင် နောက်ဆုံးဆန္ဒကို လိုက်လျော ရမှာပေါ့၊ ကဲ ... ဘာပြောမှာလဲ"

လုံဆင်ပိသည် လျှို့ဝှက်စွာ ပြုံးရင်း ...

"ကျုပ် ခင်ဗျားဆီက ကြွေးတောင်းမလို့"

တိန်းမေရင်းသည် ရုတ်တရက် မျက်မှောင်ကြုတ်လိုက်သည်။ လုံဆင်ပိသည် တိန်းမေရင်းအား စိုက်၍ကြည့်ရင်း တဟားဟား ရယ်မောလိုက်လေသည်။ တိန်းမေရင်းသည် မျက်မှောင်ကြုတ်၍ ...

"မင်း ဘာကို ဆိုလိုတာလဲ"

လုံဆင်ပိသည် အေးစက်စွာ တစ်ချက်ပြုံးလိုက်ပြီး ...

"ကျုန့်နမ်းသိုင်းသမား (၆) ယောက်ကို သတ်ခဲ့တဲ့ သွေးကြွေးလေ"

တိန်းမေရင်းသည် ဦးခေါင်းကို ခါယမ်းရင်း ...

"ကျုပ်နဲ့ ဆိုင်လို့လား"

လုံဆင်ပိသည် ပြုံးလျက် ...

"ခင်ဗျားဟာ ငွေရောင်ဝံပုလွေမင်းသားရဲ့ တူပဲ၊ ခင်ဗျားကို ကလဲ့စားချေရမှာပေါ့"

တိန်းမေရင်းသည် မျက်နှာတစ်ချက်ပျက်သွားပြီး ...

"တရားတယ် ထင်လို့လား"

လုံဆင်ပိသည် နှစ်ခြိုက်စွာပြုံးလိုက်ပြီး ...

"နိုင်သူဘုရင် ရှုံးသူကျွန်ပေါ့၊ တရားပါတယ်" ဟု ပြောလိုက်လေသည်။ ထို့နောက် လုံဆင်ပိသည် သူ၏နှင်းဓားအား ဖြည်းညင်းစွာ ထုတ်လိုက်လေသည်။



နှင်းဓားမှ ထွက်ပေါ်လာသော အလင်းရောင်သည် မှေးမှိန်သော်လည်း ကြောက်မက်ဖွယ်ရာကောင်းသည်ဟု တိန်းမေရင်း ခံစားလိုက်ရလေသည်။ အထူးသဖြင့် လုံဆင်ပိ၏မျက်လုံးမှ အလင်းရောင်သည် ပို၍ကြောက်မက်ဖွယ်ကောင်းနေသည် မဟုတ်ပါလော။

ထိုစဉ် ထန်ကြို့ချင်း ဝင်ရောက်ခဲ့သော တံခါးပေါက်မှ လူရိပ်သုံးရိပ် ပေါ်လာလေသည်။ ထိုလူရိပ်သုံးယောက်မှာ အရက်ချိုးဖျက်ဓားသမား လှိုဂူကွေ့၊ ဦးကြီးကြို့နှင့် ငွေရောင်ဝံပုလွေမင်းသားတို့ပင် ဖြစ်သည် မဟုတ်ပါလော။

✵

( ၁၃ )

မိုးသည် ရုတ်တရက် ရပ်တန့်သွားသည်။

သည်းထန်စွာ ရွာနေသောမိုးသည် ရုတ်ခြည်း ရပ်တန့်သွားသည်။ တိတ်ဆိတ်မှုသည် ပို၍ ကြီးမားလာလေသည်။

လှိုဝူကွေ့၊ ဦးကြီးကြို့နှင့် ငွေရောင်ဝံပုလွေမင်းသားတို့ ရောက်လာသော်လည်း မည်သည့်အသံမျှ မကြားရချေ။

အကယ်၍ သတိထားမိခြင်း မရှိလျှင် သူတို့ရောက်ရှိနေသည်ကို သိနိုင်မည် မဟုတ်ပါ။

လုံဆင်ဝိသည် ငြိမ်သက်စွာ ရပ်နေသည်။

သူသည် သူ၏ပတ်ဝန်းကျင်၌ မိမိ၏အသက်အား နှုတ်ယူမည့် ရန်သူများရောက်နေသည်ကို မသိသကဲ့သို့ ဖြစ်နေသည်။ သူသည် အခန်းအလယ်၌ မလှုပ်မယှက် ရပ်နေသည်။

လှိုဝူကွေ့သည် သူ၏လေးလံသောဓားအား ပွတ်သပ်နေသည်။ လုံဆင်ဝိသည် မည်သို့မျှ လှုပ်ရှားခြင်း မရှိပါ။

သူသည် လူသေကဲ့သို့ ဖြစ်နေလေသည်။



တိတ်ဆိတ်မှုသည် တဖြည်းဖြည်း ပို၍ကြီးမားလာသည်။ အခန်းတစ်ခုလုံးသည်လည်း အန္တရာယ်၏အငွေ့အသက်များ တဖြည်းဖြည်း လွှမ်းခြုံလာပြီ ဖြစ်လေသည်။

ငွေရောင်ဝံပုလွေမင်းသား၏မျက်နှာသည်လည်း တဖြည်းဖြည်း ကောက်ကျစ်စဉ်းလဲ၍လာသည် မဟုတ်ပါလော။

※

သူတို့သည် လုံဆင်ဝိအား စိုက်၍ ကြည့်နေသည်။

ထောင်ချောက်ထဲ၌ မိနေသော သားကောင်အား ကြည့်နေသော မုဆိုးကဲ့သို့ သူတို့၏မျက်နှာသည် ပြုံး၍နေသည်။

လှိုဝူကွေ့သည် သူ၏ လေးလံသောဓားအား လေထဲ၌ တစ်ချက်ဝှေ့ယမ်းလိုက်သည်။

'ဗိုး'

ဟူသောအသံသည် အိမ်ထဲမှ တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်လေသည်။

ထို့နောက် ...

လှိုဝူကွေ့သည် တဟားဟား ရယ်မောလိုက်လေသည်။

တိန်းမေရင်းသည် လှိုင်ဝူကွေ့နှင့်အတူ လိုက်၍ရယ်မောရင်း ...

"နိုင်သူဘုရင် ရှုံးသူကျွန်ဆိုတော့ ဘယ်သူက ဘုရင်လဲ၊ ဘယ်သူက ကျွန်လဲ"

လှိုင်ဝူကွေ့သည် သူ၏ လေးလံသော ဓားကြီးအား တစ်ချက် ပွတ်သပ်လိုက်ရင်း ...

"အင်း ... လောလောဆယ်တော့ ထောင်ချောက်ထဲ ပိတ်မိနေတဲ့ သားကောင်ပဲ ကျုပ်တွေ့တယ်"

ဦးကြီးကြို့သည် တဟားဟား ရယ်မောရင်း ...

"ဒါဆို ထောင်ချောက်ထဲက ကျွန်ပေါ့"

ဟု ပြောလိုက်လေသည်။

လုံဆင်ပိသည် သူတို့အား အတန်ကြာမျှ စိုက်၍ ကြည့်နေသည်။

သူသည် လုံးဝလှုပ်ရှားခြင်း မပြုပါ။ အတန်ကြာမှ သူသည် ရုတ်တရက် ရယ်မောလိုက်ပြီး ...

"ဟား ဟား ဟား ... အခုမှ ကျုပ်ဟာ ကမ္ဘာပေါ်မှာ သိပ်တော်တဲ့သိုင်းသမားမှန်း သိရတော့တယ်"

လှိုင်ဝူကွေ့၏ မျက်ခုံးမွေးများသည် နဖူးအလယ်သို့ ရောက်သည်တိုင် မျက်မှောင်ကြုတ်၍သွားပြီး ...

"မင်း ရူးသွားပြီလား"



ဟု မေးလိုက်လေသည်။ လုံဆင်ပိသည် တဟားဟားရယ်မောရင်း ...

"ကျုပ် မရူးဘူး၊ ဒီမှာ ခင်ဗျားတို့ ကျုပ်ကို သတ်ချင်တယ် မဟုတ်လား"

တိန်းမေရင်းသည် မဲ့ပြုံးပြုံးလိုက်ပြီး ...

"တို့ရဲ့ (၆) ရက် (၆) လ အသင်း မတည်ထောင်ခင်က မင်း သေရစေ့မယ်"

လုံဆင်ပိသည် အားရပါးရ ရယ်မောလျက် ...

"ဟား ဟား ဟား ... ကျုပ်ကို သတ်ဖို့အတွက် မင်းတို့ တိရစ္ဆာန်အသင်းက ထိပ်တန်း သိုင်းသမားတွေ အစုံအလင်နဲ့ လာလို့ ကျုပ်ကိုယ်ကျုပ် ချီးကျူးမိတာပါ"

လှိုင်ဝူကွေ့သည် ဒေါသသံဖြင့် ...

"ဘာကွ ... တိရစ္ဆာန်အသင်း ... ဟုတ်လား"

လုံဆင်ပိသည် ဦးခေါင်းကို ညိတ်လိုက်ပြီး ...

"(၆) လပိုင်း (၆) ရက်နေ့ (၆) နာရီမှာမွေးတာ ယုတ်ညံ့တဲ့ မကောင်းဆိုးဝါးပဲ၊ ဒါကြောင့် (၆) လ (၆) ရက်မှာ စတင်မယ့် မင်းတို့ အသင်းဟာလည်း တိရစ္ဆာန်ဘာသာအသင်းပဲ ဖြစ်မှာပေါ့၊ ပြီးတော့ အသင်းရဲ့ခေါင်းဆောင်ကိုက ငွေရောင်ဝံပုလွေမင်းသားတဲ့"

ဟု ခနဲ့လိုက်လေသည်။

တိန်းမေရင်းသည် ဒေါသတကြီးဖြင့် ရှေ့သို့ တိုးလိုက်လေသည်။ ပါးစပ်မှလည်း "အလကား အရူးစကား" ဟု ပြောလိုက်လေသည်။

လုံဆင်ပိသည် ပြုံးလျက် ...

"အင်း ကလေးစကား၊ သဘင်သည်စကား၊ အရူးစကား ဆိုတာ မှန်တတ်တယ်နော်"

လွီဂူကွေ့သည် နှုတ်ခမ်းမဲ့၍ ပြုံးလိုက်ပြီး တိန်းမေရင်းအား လှည့်၍ ကြည့်ကာ ...

"အင်း... ခေါင်းဖြတ်တဲ့လူဟာ စကားများများ ပြောတတ်သလား"

တိန်းမေရင်းသည် ဦးခေါင်းကို ခါယမ်းပြလျက် ...

"ဟင်အင်း ... စကားမများတော့ဘူး"

လွီဂူကွေ့သည် ပြုံးလျက် ...

"ဒါဖြင့် လုံဆင်ပိရဲ့ခေါင်းကို ဖြတ်လိုက်ရင် အရူးစကား မကြားရတော့ဘူးပေါ့"

လုံဆင်ပိသည် တဟားဟား ရယ်မောရင်း ...

"ကျုပ် ခေါင်းမဖြတ်ခဲ့ရင် ခင်ဗျားတို့ စိတ်ပျက်သွားမှာပဲ" ဟု ပြောလိုက်လေသည်။

တိန်းမေရင်းသည် ခပ်မဲ့မဲ့ကလေး ပြုံးလိုက်ပြီး ...



"ဒီအချက်ကို မင်းစိတ်ပူမနေပါနဲ့၊ ဒီညအဖို့ မင်းဟာ ငှက်တစ်ကောင်ဖြစ်ပြီး ပျံထွက်သွားရင်တောင်မှ မင်းရဲ့ခေါင်း ပါမသွားစေရဘူး"

ငွေရောင်ဝံပုလွေမင်းသားသည် ကောက်ကျစ်စွာ ပြုံးလိုက်ပြီး အေးစက်သောလေသံဖြင့် ...

"လုံဆင်ပိဟာ ဒီအိမ်က တစ်ဖဝါးမှ မခွာဘူးဆိုတာ ကျုပ်တို့ ယုံတယ်၊ အကယ်၍ သူတို့ အသားကို လှီးပစ်ရင်လည်း သူဟာ ဒီက ထွက်သွားမှာ မဟုတ်ဘူး၊ တကယ်လို့ ထန်အမျိုးသမီးကို ချစ်တယ်ဆိုရင်ပေါ့"

လုံဆင်ပိသည် ဘာမျှ ပြန်၍ မပြောပါ။

သူသည် ငွေရောင်ဝံပုလွေမင်းသားလူစုကို မကြောက်ပါ။ ထိုလူတို့၏လက်မှ လွတ်မြောက်အောင် ထွက်ပြေးနိုင်စွမ်း သူ့တွင် ရှိသည်။

ထို့ပြင် ထိုလူစုနှင့် ယှဉ်ပြိုင်သည့်တိုင် သူ၏ဦးခေါင်းကို အဖြတ်ခံရမည် မဟုတ်ပါ။

သို့သော် သူသည် ဤအိမ်မှထွက်ခွာရန် စိုးစဉ်းမျှ မစဉ်းစားချေ။

အဘယ်ကြောင့်ဆိုသော် ထန်ကြို့ချင်းသည် ဤအိမ်၌ ရှိနေသည် မဟုတ်ပါလော။

ထိုစဉ် အလင်းရောင်တစ်ချက် လက်သွားပြီး လှိုင်ဝူကွေ့၏ ဓားသည် သူ၏လည်ပင်းသို့ ကျရောက်လာတော့သည်။

✵

"ချွမ်း" ဟူသောအသံ ဓားဓားချင်းထိခိုက်သံ ပေါ်ထွက်လာလေသည်။ လုံဆင်ပိသည် မလှုပ်မယှက်ရပ်နေရာမှ ရုတ်တရက် ၊င်လာသော လှိုင်ဝူကွေ့၏ဓားကို မိမိ၏ နှင်းဓားဖြင့် ဆီး၍ ခုခံပေးလိုက်သည် မဟုတ်ပါလော။

ထို့ကြောင့် လှိုင်ဝူကွေ့သည် နောက်သို့ ခြေလှမ်းသုံးလှမ်းမျှ ဆုတ်သွားလေသည်။

ထိုစဉ် တိန်းမေရင်းသည် ရှေ့သို့ ခြေလှမ်းတိုးလိုက်ပြီး သူ၏ လက်နှစ်ဖက်ကို လှုပ်ရှားလိုက်လေသည်။

ယင်းသို့ လှုပ်ရှားလိုက်သည်နှင့် တစ်ပြိုင်တည်း စိမ်းဖန့်ဖန့် အရောင်တန်းကလေး (၁၄) ခုသည် လုံဆင်ပိထံသို့ လွင့်လာလေသည်။ အဆိပ်အပ် (၁၄) ချောင်းပင် ဖြစ်ပါသည်။

ယင်းအဆိပ်အပ်များသည် လုံဆင်ပိ၏ ခန္ဓာကိုယ်အနှံ့အပြားသို့ ပစ်လွင့်လာခြင်း ဖြစ်ပါသည်။



ထို့ကြောင့် လုံဆင်ပိသည် သူ၏ဓားကို စက်ဝိုင်းပုံ လှည့်လိုက်လေသည်။

"ချွမ်း ချွမ်း ချွမ်း"

ဟူသော အသံများနှင့်အတူ အဆိပ်အပ်များသည် ကြမ်းပေါ်သို့ ကျသွားလေတော့သည်။

တိန်းမေရင်းသည် ကောက်ကျစ်စွာ တစ်ချက်ပြုံးလိုက်ပြီး သူ၏လက်နှစ်ဖက်ကို ထပ်မံလှုပ်ရှားလိုက်ပြန်သည်။ အဆိပ်အပ် (၁၄) ချောင်းသည် တိန်းမေရင်း လက်မှပျံ့လွင့်လာလေသည်။

သို့သော် ယခုအကြိမ်၌ အဆိပ်အပ် (၇) ချောင်းသာ လုံဆင်ပိထံ ပစ်လွင့်လာ သည်။

ကျန်အဆိပ်အပ် (၁၇) ချောင်းသည် ထန်ကြို့ချင်းထံသို့ ပစ်လွင့်သွားခြင်း ဖြစ်ပါသည်။

ထန်ကြို့ချင်းသည် အကြောပိတ်ခြင်း ခံထားရသဖြင့် လှုပ်ရှားမှုမရှိပါ။

လုံဆင်ပိသည် တိန်းမေရင်း ထိုသို့ပြုလုပ်သည်ကို ကြည့်ရင်း ရင်ထဲ၌ မဖော်ပြနိုင်သော ခံစားချက်တစ်ရပ်ကို ခံစားလိုက်ရလေသည်။

ထို့ကြောင့် လုံဆင်ပိသည် သူ၏ခန္ဓာကိုယ်ကို လေထဲ၌ တစ်ပတ်ကျွမ်းထိုးလိုက်ပြီး အဆိပ်အပ်များကို "နှင်းဓားဖြိုင်ဖြိုင်ရွာ"

သိုင်းကွက်ဖြင့် ရိုက်ထုတ်လိုက်လေသည်။

ထို့နောက် သူ၏ခန္ဓာကိုယ်သည် ထန်ကြို့ချင်းရှေ့သို့ ကျရောက်လာလေသည်။

သူ၏ခြေထောက်နှင့် ကြမ်းပြင်ထိတွေ့လိုက်သည်နှင့် တစ်ပြိုင်တည်း လွီဂူကွေ့သည် ပြေးဝင်လာပြီး ထန်ကြို့ချင်း ၏ဦးခေါင်းကို ခုတ်ချလိုက်လေသည်။

သို့သော် ...

လုံဆင်ပိသည် သူ၏နှင်းဓားဖြင့် ခုခံလိုက်ပြီး တစ်ဆက်တည်း လွီဂူကွေ့အား "နဂါးအရှေ့လေပတ်" သိုင်းကွက်ဖြင့် တိုက်ခိုက်လေသည်။

ထို့ကြောင့် လုံဆင်ပိသည် နောက်သို့ ခြေလှမ်း (၄-၅) လှမ်း ဆုတ်၍ရှောင်လိုက်ရလေသည်။

ထိုစဉ် တိန်းမေရင်းသည် ရုတ်တရက် ရယ်မောကာ သူ၏ဘယ်ဘက်လက်ကို တစ်ချက်လှုပ်လိုက်သည်။

ယင်းသို့ လှုပ်လိုက်သည်နှင့် တစ်ပြိုင်တည်း ငွေပုံသဏ္ဍာန်ရှိသော ဓားတစ်ချောင်း ထွက်လာလေသည်။

ယင်းဓားမှာ တိန်းမေရင်း ၏ကျော်ကြားသော အဆိပ်တစ်ရာမြွေဓားပင် ဖြစ်သည်မဟုတ်ပါလော။

ထို့နောက် တိန်းမေရင်းသည် လုံဆင်ပိအား ဆက်တိုက်



(၈) ချက် တိုက်ခိုက်လိုက်လေသည်။

လုံဆင်ပိသည် သူ၏ခန္ဓာကိုယ်ကို ဘယ်ညာတိမ်း၍ ရှောင်လိုက်သဖြင့် တိန်းမေရင်း၏ဓားချက်တိုင်းသာ လုံဆင်ပိ၏ နှာခေါင်းအား ခုတ်ချသကဲ့သို့ ဖြစ်နေလေသည်။

တိန်းမေရင်းသည် တိုက်ခိုက်နေရာမှ ရုတ်တရက် ရပ်တန့်လိုက်သည်။ သူ၏မျက်နှာပေါ်မှအပြုံးသည် ပျောက်ကွယ်သွားသည်။

ထို့နောက် သူသည် ယင်း "အဆိပ်တရာမြွေဓား" ကို ဆွဲ၍ ခွာလိုက်လေသည်။

ထို့ကြောင့် အဆိပ်တရမြွေဓားသည် ဓားနှစ်လက်အဖြစ်သို့ ရောက်ရှိသွားလေသည်။ ပြီးမှ သူသည် လုံဆင်ပိအား ထပ်မံ၍ တိုက်ခိုက်လိုက်လေသည်။

ထိုဓားနှစ်လက်သည် အရှိန်အဟုန် မပြင်းပါ။ ကြောက်စရာလည်း မကောင်းပါ။

သာမာန်ဓားချက်များပင် ဖြစ်ပါသည်။

ပထမဓားသည် လုံဆင်ပိ၏ဘယ်ညာရင်အုံသို့ ထိုးစိုက်လိုက်ခြင်း ဖြစ်ပါသည်။

ဒုတိယဓားသည် ထန်ကြို့ချင်း၏လည်ပင်းပေါ်သို့ ခုတ်ချလိုက်ခြင်း ဖြစ်ပါသည်။

ဤသိုင်းကွက်သည် ရိုးစင်းသောသိုင်းကွက် တစ်ခုမျှသာ ဖြစ်ပါသည်။

သို့သော် ဤတိုက်ကွက်သည် ထူးဆန်း၍ ကြောက်စရာ ကောင်းသည်ဟု လုံဆင်ပိရင်ထဲ၌ ခံစားလိုက်ရသည် မဟုတ်ပါလော။

✵

ပထမဓားသည် လုံဆင်ပိ၏ ရင်ကို ထိုးစိုက်လိုက်ခြင်း ဖြစ်သည်။

ဒုတိယဓားသည် လုံဆင်ပိ၏ အသည်းကို ထိုးဆွလိုက်ခြင်း ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ဒုတိယဓားသည် ထန်ကြို့ချင်း၏ လည်ပင်းသို့ ခုတ်ချလိုက်ခြင်း ဖြစ်သည် မဟုတ်ပါလော။

ထို့ကြောင့် လုံဆင်ပိသည် ထန်ကြို့ချင်းအား ကယ်တင်ရမည်ဖြစ်သည်။

လုံဆင်ပိကသာ အချိန်မီမကယ်လျှင် ထန်ကြို့ချင်းသည် ခေါင်းတခြား ကိုယ်တခြားဖြစ်မည်မလွဲချေ။



ထို့ကြောင့် လုံဆင်ပိသည် ထန်ကြို့ချင်းအား ကယ်တင်လိမ့်မည်ဟု တိန်းမေရင်း တွက်ဆထားသည် မဟုတ်ပါလော။

ထို့ကြောင့်လည်း တိန်းမေရင်းသည် ယခုကဲ့သို့ လှည့်ကွက်တစ်ကွက်ကို အသုံးပြုလိုက်ခြင်း ဖြစ်ပေသည်။

အကယ်၍ လုံဆင်ပိသည် သူ၏ဓားဖြင့် ထန်ကြို့ချင်းအား ကာကွယ်ခဲ့လျှင် လုံဆင်ပိ၏ညာဘက်ချိုင်းအောက်၌ ဟာကွက်တစ်ကွက် ပေါ်လာမည်ဖြစ်သည်။

ထိုဟာကွက်သည် လုံဆင်ပိ၏အသက်ကို နှုတ်ယူရန် လုံလောက်သော ဟာကွက်တစ်ကွက်ပင် ဖြစ်သည်မဟုတ်ပါလော။

✵

ထန်ကြို့ချင်းသည် အသက်အန္တရာယ်နှင့် နီးကပ်နေပြီ ဖြစ်သည်။

သို့သော် လုံဆင်ပိသည် သူမအား ကယ်တင်ရန် လုံးဝ မလှုပ် ရှားသေးချေ။

ထို့ကြောင့် တိန်းမေရင်းသည် မျက်နှာတစ်ချက် ပျက်သွားလေသည်။

သူသည် အခြေအနေမကောင်းမှန်း ရိပ်မိလိုက်သည်။ သို့သော် မည်ကဲ့သို့ မကောင်းမှန်း စဉ်းစား၍မရချေ။

ထိုစဉ် ရုတ်တရက် သူ၏နောက်ကျော၌ နာကျင်ခြင်းဝေဒနာတစ်ရပ်ကို ခံစားလိုက်ရလေသည်။

ထို့ကြောင့် သူ၏ဒုတိယဓားသည် ထန်ကြို့ချင်း၏လည်ပင်းသို့ ရောက်ရန် တစ်လက်မအလိုတွင် ရပ်တန့်သွားခဲ့လေတော့သည်။

ထန်ကြို့ချင်း ဒဏ်ရာမရမီပင် သူသည် ဓားကို အောက်သို့ လွှတ်ချလိုက်ပြီး ကြမ်းပေါ်သို့ ဒူးထောက်ကျသွားလေတော့သည်။

ထို့နောက် သူသည် နောက်သို့ လှည့်ကြည့်လိုက်သည်။ သူ နောက်ဆုံးမြင်တွေ့လိုက်ရသည်မှာ တံခါးဝ၌ လူတစ်ယောက် ရပ်နေခြင်းပင် ဖြစ်သည်။

သူနောက်ဆုံးပြောလိုက်သည်မှာ ...

"မင်း ... ခန်းပိုင် သစ္စာဖောက်" ဟူ၍ ဖြစ်လေသည်။ ထို့နောက် တိန်းမေရင်းသည် ထန်ကြို့ချင်း၏ခြေရင်း၌ လဲကျသေဆုံးသွားလေတော့သည်။

*



ခန်းပိုင် ...

သူသည် တံခါးဝ၌ တိတ်ဆိတ်စွာ ရပ်နေသည်။

ငွေရောင်ဝံပုလွေမင်းသားသည် ခန်းပိုင်အား မျက်မှောင်ကြုတ်ကြည့်နေသည်။

လှီဂူကွေ့သည် သူ၏ကြီးမားသောဓားကို လေထဲ၌ တစ်ချက်ဝှေ့ယမ်းလိုက်ပြီး ...

"မင်းက သစ္စာဖောက်တာလား"

ခန်းပိုင်သည် အခန်းထဲသို့ တစ်လှမ်းချင်း လှမ်း၍ ဝင်လိုက်ပြီး ရုတ်တရက် ရယ်မောလိုက်လေသည်။

ပြီးမှ ...

"သစ္စာမရှိတဲ့ လူတွေအတွက် သစ္စာဖောက်တယ် ဆိုတာလည်း ရှိမှာမဟုတ်ဘူး"

ဟု ပြောလိုက်လေသည်။

လုံဆင်ပိသည် ထန်ကြို့ချင်း၏ရှေ့၌ရပ်လျက် ထန်ကြို့ချင်းအား ကာကွယ်ထားရင်း သူတို့အား မျက်တောင်မခတ်ဘဲ ကြည့်နေလေသည်။

ငွေရောင် ဝံပုလွေမင်းသားသည် မဲ့ပြုံးပြုံးလိုက်ပြီး ...

"သစ္စာမရှိတဲ့လူနဲ့ ပေါင်းတဲ့လူဟာ ကောက်ကျစ်တဲ့လူ ဖြစ်မှာပေါ့"

ခန်းပိုင်သည် တဟားဟား ရယ်မောရင်း ...

"မင်းဟာ ဒီလောက်တောင် ဉာဏ်ကောင်းသားနဲ့ လွီဂူကွေ့ရဲ့ ကောက်ကျစ်တဲ့အကြံကို မရိပ်မိဘူးလား"

ဟု ပြန်မေးလိုက်လေသည်။ လွီဂူကွေ့သည် မျက်နှာတစ်ချက်ပျက်သွားပြီး ...

"အလကား စကား" ဟု အော်ဟစ်လိုက်လေသည်။ ခန်းပိုင်သည် ရယ်မောရင်း ...

"ဒါဖြင့် ရူးတချူကို မင်းတို့ ဘာဖြစ်လို့ ဖမ်းချင်ရတာလဲ"

လွီဂူကွေ့သည် မဲ့ပြုံးပြုံးလျက် ...

"တုထိကျန်းကို သုတ်သင်ဖို့"

ခန်းပိုင်သည် ငွေရောင်ဝံပုလွေမင်းသားအား တစ်ချက်လှမ်းကြည့်လိုက်ပြီး ...

"တုတိကျန်း သေတယ်ဆိုတာ လွီဂူကွေ့သိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ဓားနဲ့ ခုတ်မိတဲ့လူဟာ အသက်ရှင်တယ်လို့ ခင်ဗျားကြားဖူးသလား"

ငွေရောင်ဝံပုလွေမင်းသားသည် လွီဂူကွေ့အား ကြည့်လိုက်လေသည်။

လွီဂူကွေ့သည် မျက်နှာတစ်ချက် ပျက်သွားပြီး ...

"မဟုတ်ဘူး၊ ကျုပ် ဓားချက်က သူ့ကို သေလောက်အောင် မခုတ်မိခဲ့ဘူး"

ခန်းပိုင်သည် ပြုံးလျက် ...

"ဒါဆိုရင် ငွေရောင်ဝံပုလွေမင်းသားရဲ့ အဆိပ်ကြောင့် တုတိကျန်း သေတာဖြစ်မှာပေါ့"

လွီဂူကွေ့သည် ငွေရောင်ဝံပုလွေမင်းသားအား လှမ်း၍ ကြည့်လိုက်သည်။

ငွေရောင်ဝံပုလွေမင်းသားသည် ဘာမျှ ပြန်လည်ပြောခြင်း မရှိပါ။ သူသည် ခန်းပိုင်အား စိုက်၍ကြည့်နေသည်။

ပြီးမှ ...

"မင်း ဘယ်သူလဲ" ဟု အေးစက်စွာ မေးလိုက်လေသည်။

ခန်းပိုင်သည် ပြုံးလျက် ...

"ကျုပ် ခြေသလုံးအိမ်တိုင် သိုင်းသမားခန်းပိုင်။ ဪ ... ဒါပေမဲ့ ခင်ဗျားတို့မသိသေးတဲ့ အချက်တစ်ချက် ရှိတယ်၊ ကျုပ်ဟာ တရားခံတစ်ယောက်ကို လိုက်ရှာနေတဲ့ အာဏာသားတစ်ယောက်ပဲ၊ တရားခံကို ဖမ်းမိဖို့အတွက် ကျုပ်ဟာ ခြေသလုံးအိမ်တိုင်လှည့်လည် စုံစမ်းနေခဲ့တာပဲ"

ငွေရောင်ဝံပုလွေမင်းသားသည် အေးစက်စွာ တစ်ချက်စိုက်ကြည့်ရင်း ...

"ဘယ်လို တရားခံလဲ"

ခန်းပိုင်သည် သူ၏လက်ညှိုးဖြင့် ငွေရောင်ဝံပုလွေမင်းသား အား ညွှန်ပြလိုက်ပြီး ...

"ရောင်စုံနတ်ဖျိုး အမည်ခံထားတဲ့ ငွေရောင်ဝံပုလွေမင်းသားကိုပဲ လူသတ်မှုနဲ့ အရေးယူဖို့ စုံစမ်း ထောက်လှမ်းနေတာ"

ငွေရောင်ဝံပုလွေမင်းသားသည် တုန်လှုပ်ခြင်းမရှိပါ။ သို့သော် သူ၏မျက်နှာသည် အရောင်အနည်းငယ် ပြောင်းလဲသွားသည်ဟု လုံဆင်ပိ ထင်လိုက်ရသည်။

ငွေရောင်ဝံပုလွေမင်းသားသည် အတန်ကြာမျှ တိတ်ဆိတ်နေသည်။

ပြီးမှ ...

"ကျုပ်ကိုမတရားစွပ်စွဲတဲ့အတွက် ခင်ဗျား နောက်မှ နောင်တ မရပါစေနဲ့"

ခန်းပိုင်သည် တဟားဟား ရယ်မောရင်း ...

"ဒါပေမဲ့ စီးစွမ်းဖွေးကို သတ်လိုက်တဲ့အတွက်တော့ မင်းအခု နောင်တရစေရမယ်"

စီးစွမ်းဖွေးဟူသော အသံ ကြားလိုက်သည်နှင့် ငွေရောင်ဝံပုလွေမင်းသားသည် အနည်းငယ် တုန်လှုပ်သွားလေသည်။

ထို့နောက် သူသည် ခန်းပိုင်အား စိုက်၍ကြည့်ရင်း တစ်စုံတစ်ရာအား သတိရလာလေသည်။



ပြီးမှ အေးစက်သောလေသံဖြင့် ...

"ဒါဟာ ကျွမ်းထိရိရဲ့ မဟုတ်တမ်းစကားတွေပဲ"

ခန်းပိုင်သည် ပြုံးရင်း ...

"ကျွမ်းထိရိဟာ လူကောင်းတစ်ယောက်ပဲ"

ငွေရောင်ဝံပုလွေမင်းသားသည် နှုတ်ခမ်းကို တစ်ချက် မဲ့လိုက်ပြီး ...

"ကျွမ်းထိရိဟာ ကျန့်ဗွားချိုးရဲ့ အယုတ်မာဆုံးပုဂ္ဂိုလ်ပဲ"

ခန်းပိုင်သည် ယဲ့ယဲ့ကလေး ပြုံးရင်း ...

"ကျွမ်းထိရိမှာ စိတ်ယုတ်မာမှု အဆတစ်ရာ ရှိပါစေ။ မင်းရဲ့ ၁၀ ပုံ ၁ ပုံကို မမီဘူး"

လှိုဝူကျွေ့သည် သူ၏ခေါးကို လေထဲ၌ တစ်ချက် ဝှေ့ယမ်းပြီး

"ခွေးကောင်လေး ... မင်းဟာ ငါတို့အသင်းရဲ့ ခေါင်းဆောင်ကို မဟုတ်တမ်းပြောရသလား"

ခန်းပိုင်သည် လှိုဝူကျွေ့အား မျက်လုံးပြူး၍ ကြည့်လိုက်သည်။ ပြီးမှ ရုတ်တရက် တဟားဟား ရယ်မောလိုက်ပြီး ...

"တော်တော် အသုံးမကျတဲ့လူပဲ၊ ဒါနဲ့များ ငွေရောင်ဝံပုလွေမင်းသားကို ကြိုးကိုင်ချင်သေးတယ်"

လှိုဝူကျွေ့၏ ခန္ဓာကိုယ်သည် တစ်ချက်တုန်လှုပ်သွားလေသည်။

ငွေရောင်ဝံပုလွေ၏ (၆) ရက် (၆) လအသင်း၌ သူနှင့် တိန်းမေရင်းသည် သိုင်းလောကမှ ဝါရင့်သောပုဂ္ဂိုလ်များ ဖြစ်ကြသည်။

ငွေရောင်ဝံပုလွေမင်းသားသည် သိုင်းလောက၏အတွေ့အကြုံ နုနယ်သူဖြစ်ပြီး သိုင်းပညာရပ်များ၌ သူတို့ကိုမမီချေ။

ထို့ကြောင့် သူနှင့်တိန်းမေရင်းသည် ကျန့်ဗုံးချီးကို အပိုင်စီးရန် တိုင်ပင်သောအခါ ငွေရောင်ဝံပုလွေမင်းသားကို ဟန်ပြထားရန် သဘောတူခဲ့ကြသည်။

ငွေရောင်ဝံပုလွေမင်းသားသည် တစ်ချိန်က ကျန့်ဗုံးချီး၏ အုပ်ချုပ်ရေးမှူး ရောင်စုံနတ်ဗျိုင်း၏သားဖြစ်သည်။

ထို့ပြင် ငွေရောင်ဝံပုလွေမင်းသားသည် အသက်အားဖြင့် ငယ်ရွယ်သူဖြစ်သည်။

သိုင်းလောက၏ အတွေ့အကြုံမရှိ၊ သိုင်းပညာရပ်၌လည်း သူတို့ကို မမီချေ။

ထို့ကြောင့် ...

သူတို့သည် ငွေရောင်ဝံပုလွေမင်းသားအား ခေါင်းဆောင်တင်မြှောက်ပြီး နောက်ကွယ်မှ ကြိုးကိုင်ခဲ့ခြင်း ဖြစ်လေသည်။

ဤသို့ဆိုလျှင် ယခု ခန်းပိုင်သည် ဤအကြောင်းအရာများကို မည်သို့သိနေသနည်း။



ခန်းပိုင်သည် ငွေရောင်ဝံပုလွေမင်းသားကို ကြည့်ကာ ...

"ဒါပေမဲ့ မင်းကလည်း လူပါးပဲ၊ ကျန့်ချဲ့ခိုကနေပြီး သူတို့ လှုပ်ရှားမှုကို စုံစမ်းခဲ့တယ်"

ငွေရောင်ဝံပုလွေမင်းသားသည် တဟားဟား ရယ်မောရင်း လွီဝူကွေ့ဘက်သို့ လှည့်ကာ ...

"ဟား ဟား ဟား ...ကျွမ်းထိရီ ကျားကို တောင်ကခွာအောင် လုပ်တဲ့နည်းပဲ၊ အချင်းချင်း စိတ်ဝမ်းကွဲအောင် လုပ်ကြံဇာတ်ကလေး ဖန်တီးတဲ့ မင်းရဲ့ဦးနှောက်ကို ရွှေချထားဖို့ ကောင်းတယ်"

ခန်းပိုင်သည် ပြုံးလျက် ...

"လွီဝူကွေ့နဲ့ တိန်းမေရင်းကလည်း ဈေးတချူကတစ်ဆင့် ခင်ဗျားရဲ့လှုပ်ရှားမှုတွေကိုစုံစမ်းခဲ့တယ်၊ ဒီနေရာမှာ ခင်ဗျားတို့ သတိမထားမိတဲ့အချက်တစ်ချက်ရှိတယ်၊ ဒါဟာ ဈေးတချူနဲ့ကျန့်ချဲ့ခိုဟာ သူငယ်ချင်းဖြစ်တယ်ဆိုတာပဲ"

ငွေရောင်ဝံပုလွေမင်းသား၏ မျက်လုံးသည် အရောင်ပြောင်းလဲသွားသည်ဟု လုံဆင်ပီခံစားလိုက်ရသည်။

ထိုနည်းအတူ လွီဝူကွေ့သည် မျက်နှာတစ်ချက် ပျက်သွားသည်ဟု လုံဆင်ပီ တွေ့လိုက်ရသည်။ ခန်းပိုင်သည် မဲ့ပြုံးပြုံးလိုက်ပြီး

"ကျန့်ချဲ့ခိုဟာ လွီဝူကွေ့တို့ရဲ့ လှုပ်ရှားမှုကို စုံစမ်းရင်း ခင်ဗျားတို့ရဲ့ အကြံအစည်တွေကို သိလာတယ်၊ ပြီးတော့ ခင်ဗျား

ဘယ်သူဆိုတာ သိခဲ့တယ်၊ ဒါကို စူးတချူကလည်း သိတယ်၊ အဲဒီနေရာမှာ စူးကချူနဲ့ ကျန့်ချဲ့ခိုဟာ သဘောကွဲလွဲခဲ့တယ်"

ခန်းပိုင်သည် သူ၏ စကားကို ခဏရပ်တန့်လိုက်ပြီး ငွေရောင်ဝံပုလွေမင်းသားအား တစ်ချက်လှမ်းကြည့်လိုက်သည်။

ငွေရောင်ဝံပုလွေမင်းသား၏မျက်လုံးများသည် အရောင်တလက်လက် တောက်ပနေသည်ဟု သူ၏ရင်၌ ခံစားလိုက်ရလေသည်။

ပြီးမှ ခန်းပိုင်သည် သူ၏စကားကို ဆက်၍ ပြောလိုက်သည်။

"ကျန့်ချဲ့ခိုဟာ ခင်ဗျားနဲ့ အပေးအယူလုပ်ပြီးမှ သူ့ကိုယ်သူ မှားမှန်းသိလာတယ်၊ ဒါကြောင့် ... ထန်အဘိုးအိုနဲ့ ဝေ့ခုံးခုံးတို့ကို စူးတချူထံသွားဖို့ သတင်းပေးခဲ့တယ်၊ အဲဒီနောက် သူဟာ နှုတ်ပိတ်ခြင်း ခံခဲ့ရတယ်"

ငွေရောင်ဝံပုလွေမင်းသားသည် ရုတ်တရက် တဟားဟားဖြင့် ရယ်မောလိုက်ပြီး ...

"ပုံပြင်လေးကတော့ နားထောင်လို့ ကောင်းပါတယ်၊ ဒါပေမဲ့"

သူသည် စကားကို ရုတ်တရက် ရပ်တန့်လိုက်ပြီး ခန်းပိုင်အား စိုက်၍ကြည့်လိုက်သည်။



ခန်းပိုင်သည် ငွေရောင်ဝံပုလွေမင်းသား၏မျက်လုံးထဲ၌ အန္တရာယ်အရိပ်အငွေ့များကို တွေ့လိုက်ရလေသည်။

ငွေရောင်ဝံပုလွေမင်းသားသည် ခန်းပိုင်အား စိုက်၍ ကြည့်လိုက်ပြီးမှ သူ၏စကားကို ဆက်၍ပြောလိုက်သည်။

"ဒါပေမဲ့ မင်းဟာ ဘယ်တော့မှ ပုံပြောနိုင်မှာ မဟုတ်တော့ဘူး"

ငွေရောင်ဝံပုလွေမင်းသားသည် ယင်းသို့ ပြောလိုက်ပြီး ခန်းပိုင်အား စတင်တိုက်ခိုက်လိုက်လေတော့သည်။

တစ်ချိန်တည်းမှာပင် လှိုဝူကွေ့သည် သူ၏ လေးလံသောဓားဖြင့် လုံဆင်ပိအား တိုက်ခိုက်လိုက်လေတော့သည်။

*

အခန်းထဲ၌ ဓားသံများ ဆူညံ၍ သွားလေသည်။

'ဝှစ် ဝှစ် ဝှစ်'

ဟူသော အသံနှင့်အတူ လှိုဝူကွေ့၏ဓားသည် လုံဆင်ပိထံသို့ တရကြမ်းဝင်ရောက်လာလေသည်။

လုံဆင်ပိသည် ထန်ကြို့ချင်းအား မိမိကိုယ်နှင့် တစ်ထပ်

တည်းကျအောင် ကာ၍ထားလိုက်ပြီး သူ၏နှင်းခဲကို တစ်ချက် ငုံ့ယမ်းလိုက်လေသည်။

နဂါးရှစ်ကောင်သိုင်းကွက်မှ ခွဲဖြာ၍ထွက်လာသော "နဂါးအနောက်လေပွေ" ဓားသိုင်းကွက် ဖြစ်သည်။

ဓားဓားချင်းထိသံ ဆူညံသွားသော်လည်း လို့ဂူကွေ့၏ ဓားချက်သည် လုံဆင်ပိ၏အကျီစကိုပင် ထိအောင် မခုတ်နိုင်ခဲ့ချေ။

ထိုစဉ် ရုတ်တရက် လို့ဂူကွေ့သည် မိမိ၏လည်ပင်း၌ ပူခနဲ တစ်ချက် ခံစားလိုက်ရလေသည်။

ထို့နောက် သူ၏ခွန်အားများသည် ရုတ်တရက် ကုန်ခမ်းသွားသကဲ့သို့ ခံစားလိုက်ရပြီး ကြမ်းပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။

✵

"ချွမ်း"

ဟူသော အသံနှင့်အတူ ခန်းပိုင်၏ ဓားသည် ကြမ်းပေါ်သို့ လွတ်ကျသွားလေသည်။

ထို့နောက် ... ခန်းပိုင်သည် မိမိ၏ဓား၌ လေတစ်ချက်



ဟပ်သွားသည်ဟု ခံစားလိုက်ရပြီး ကပျာကယာ နောက်သို့ ဆုတ်လိုက်လေသည်။

သို့သော် သူ၏အကျီစသည် စုတ်ပြတ်၍သွားလေသည်။

ထိုစဉ် ငွေရောင်ဝံပုလွေမင်းသား၏ဓားသည် မိမိ၏လည်ပင်းသို့ ကျရောက်လာသည်ကို လျှပ်တစ်ပြက် တွေ့လိုက်ရလေသည်။

သို့သော် သူသည် ငွေရောင်ဝံပုလွေမင်းသား၏ ဓားချက်ဖြင့် သေရတော့မည်ဟု ခံစားလိုက်ရလေသည်။

ထိုစဉ် ရုတ်တရက် အရက်အိုးတစ်လုံးသည် ခန်းပိုင်၏လည်ပင်းနှင့် ငွေရောင်ဝံပုလွေမင်းသား၏ ဓားသွားအကြားသို့ ရောက်ရှိလာလေသည်။

ထို့ကြောင့် ငွေရောင်ဝံပုလွေမင်းသား၏ဓားသည် ခန်းပိုင်၏လည်ပင်းအစား အရက်အိုးကိုသာ ခုတ်မိလေတော့သည်။

ငွေရောင်ဝံပုလွေမင်းသားသည် ရုတ်တရက် တုန်လှုပ်သွားပြီး အရက်အိုး ပစ်လွှင့်လာရာဘက်သို့ လှမ်း၍ ကြည့်လိုက်လေသည်။

လူဝကြီးတစ်ယောက်ကို တွေ့လိုက်ရသည်။

ငွေရောင်ဝံပုလွေမင်းသားသည် မျက်မှောင်ကြုတ်လိုက်ရင်း ...

"ထန်ကြို့ချမ်"

ဟု တီးတိုးရေရွတ်လိုက်လေသည်။

ထန်ကြို့ချမ်သည် အခန်းထဲသို့ တစ်လှမ်းချင်း လှမ်း၍ ဝင်ရောက်လာလေသည်။

သူ၏လက်တစ်ဖက်၌ အရက်အိုးတစ်လုံးကို ဆွဲကိုင်ထားလေသည်။

သူသည် ငွေရောင်ဝံပုလွေမင်းသားထံ တစ်လှမ်းချင်း လှမ်း၍ လာနေသည်။

ထိုစဉ် ရုတ်တရက် သူနှင့်ငွေရောင်ဝံပုလွေမင်းသားအကြား၌ လူတစ်ယောက် ကာဆီးထားလိုက်လေသည်။

ထိုလူမှာ ဟိုယက်ကျင်းထမင်းဆိုင်ပိုင်ရှင် ဦးကြီးကြို့ပင် ဖြစ်ပေတော့သည်။

✵

ဦးကြီးကြို့သည် သက်ကြီးရွယ်အိုတစ်ယောက် ဖြစ်သည်။ ဦးကြီးကြို့ကို ကြည့်ရသည်မှာ ကျန်းမာသန်စွမ်းပုံ မရပါ။

သို့သော် ...



ထန်ကြို့ချမ်သည် ဦးကြီးကြို့၏ တိုက်ကွက်များကို အထူးသတိထား၍ ရှောင်တိမ်းနေရလေသည်။

ဦးကြီးကြို့သည် တဒင်္ဂအတွင်း ဓားချက် (၉) ချက် ခုတ်ပြီးဖြစ်နေသည်။ ထိုဓားချက် (၉) ချက်လုံး ထန်ကြို့ချမ်၏လည်ပင်းမှ ပွတ် ကာသီကာ ဖြတ်၍သွားသည်။

ထို့ကြောင့် ထန်ကြို့ချမ်သည် သူ၏လည်ပင်း၌ အေးစိမ့်၍သွားသည်ဟု ခံစားလိုက်ရလေသည်။

ထန်ကြို့ချမ်သည် အရက်အိုးဖြင့် ဦးကြီးကြို့အား လှမ်း၍ ပစ်လိုက်လေသည်။

ဦးကြီးကြို့သည် သူ၏ဓားဖြင့် ဆီး၍ အရက်အိုးအား အစိတ်စိတ်အမြွာမြွာ ခွဲပစ်လိုက်လေသည်။

ထိုအချိန်ကလေးအတွင်း ထန်ကြို့ချမ်သည် ဦးကြီးကြို့ထံ ခုန်ဝင်သွားပြီး သူ၏ခြေနှင့်လက်တို့ကို လှုပ်ရှားလိုက်လေသည်။

ဦးကြီးကြို့၏ပတ်ဝန်းကျင်၌ ထန်ကြို့ချမ်၏ခြေနှင့်လက်များ ရှုပ်ထွေး၍နေသည်။

ထို့ကြောင့် ဦးကြီးကြို့သည် မည်သည့်ခြေ နှင့်လက်သည် ဟန်ဆောင်တိုက်ခိုက်ခြင်းဖြစ်သည်။

မည်သည့်ခြေနှင့်လက်တို့သည် တကယ်တိုက်ခိုက်ခြင်းဖြစ်သည်ကို ခွဲခြား၍မရအောင် ဖြစ်သွားလေသည်။

ထိုစဉ် ဦးကြီးကြို့သည် မည်သည့်ခြေနှင့်လက်များ၏ တိုက်ကွက်သည် တကယ့်တိုက်ကွက်မှန်း ရိပ်မိလိုက်လေသည်။

ထိုသို့ရိပ်မိလိုက်သည့် တဒင်္ဂအချိန်ကလေးအတွင်းမှာပင် ဦးကြီးကြို့သည် မိမိ၏ဦးခေါင်းပေါ်သို့ လေးလံသော အုတ်တံတိုင်းကြီး ပြိုကျလာသည်ဟု ခံစားလိုက်ရလေတော့သည်။

ထို့နောက် သူ၏မျက်လုံးများသည် သူ၏နားထင် (၂) ဘက်ကို ညှပ်၍ ရိုက်ထားသော ထန်ကြို့ချမ်၏လက်များကို နောက်ဆုံး မြင်တွေ့သွားရလေတော့သည်။

✵

ခန်းပိုင်သည် ခြေလှမ်းတစ်လှမ်း နောက်သို့ဆုတ်လိုက်သည်။ ယင်းသို့ဆုတ်လိုက်သည်နှင့်သူ၏ခြေထောက်သည် လုံဆင်ဝိ ယူဆောင်လာခဲ့သော မှန်မီးအိမ်ကို ခလုတ်တိုက်မိလေသည်။

'ခွမ်း'

ဟူသောအသံနှင့်အတူ မှန်မီးအိမ်သည် ကွဲ၍သွားပြီး မှန်မီးအိမ်မှမီးသည် ကြမ်းပြင်သို့ ကူးစက်လောင်ကျွမ်းလာလေတော့သည်။



မီးသည် တဖျစ်ဖျစ်မြည်ကာ မီးတောက်တဖြည်းဖြည်း ကြီးလာလေသည်။

မီးတောက်မှ အလင်းရောင်ကြောင့် အခန်းသည် လင်းထိန်၍လာသည်။

မီးတောက်မှအပူကြောင့် အခန်းတွင်း၌ ပူလောင်၍လာသည်။

မီးသည် တစ်ခဏအချိန်ကလေးအတွင်း၌ပင် အခန်းတစ်ခုလုံး သို့ ပျံ့နှံ့လာလေသည်။

ငွေရောင်ဝံပုလွေမင်းသားသည် ခန်းပိုင်အား အလွတ်မပေးဘဲ တိုက်ခိုက်နေဆဲဖြစ်သည်။ မီးသည် ပို၍ကြီးမားလာလေသည်။

မီးခိုးများသည်လည်း အခန်းတစ်ခုလုံးအား ဖုံးလွှမ်းနေလေသည်။

ထန်ကြို့ချမ်သည် မီးခိုးများကြားမှ လုံဆင်ဝိထံသို့ ရောက်ရှိလာလေသည်။

လုံဆင်ဝိသည် ထန်ကြို့ချင်းအား ပွေ့ထူလိုက်ရင်း ...

"ဒါ ထန်ကြို့ချင်းပဲ"

ဟု ထန်ကြို့ချမ်အားပြောကာ မီးလောင်နေသော အခန်းမှ ပြေးထွက်သွားလေတော့သည်။

ထန်ကြို့ချမ်သည် မီးခိုးမွှန်သဖြင့် ချောင်းတဟွတ်ဟွတ်

ဆိုးကာ လုံဆင်ပိနောက်သို့ ပြေး၍လိုက်လေသည်။ မီးသည် အရှိန်အဟုန်ပြင်းစွာဖြင့် လောင်ကျွမ်းနေပြီဖြစ်သည်။

လုံဆင်ပိသည် ထန်ကြို့ချင်းနှင့် ထန်ကြို့ချွမ်တို့အိမ်၏ အပြင်ဘက်သို့ရောက်သောအခါ မီးသည် အိမ်အိုကြီး၏ အပေါ်ထပ်သို့ ကူးစက်နေပြီဖြစ်လေသည်။

ထိုအချိန်၌ နေပြည်တော်မှ စစ်သည်များသည် မီးလောင်နေသော အိမ်ကြီးဆီသို့ ဦးတည်လာနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

✱

ရှေ့ဆုံးမှ ရောက်လာသူသည် ထန်အဘိုးအိုပင် ဖြစ်ပါသည်။ ထန်အဘိုးအို၏နောက်မှ ကျွမ်းထိရိ၊ ဝေ့ခုံးခုံးနှင့် စုမာရှဲ့တို့ဖြစ်ပါသည်။

သူတို့သည် နေပြည်တော်မှ စစ်သည်များနှင့်အတူ ရောက်ရှိလာကြခြင်းပင် ဖြစ်လေသည်။

သူတို့ရောက်ရှိလာသောအခါ မီးသည် အိမ်အိုကြီးတစ်ခုလုံးအား ဒေါသတကြီး ဝါးမျိုလျက် ရှိနေပြီဖြစ်ပါသည်။



ထန်အဘိုးအို သည် လုံဆင်ပိအားကြည့်ရင်း–

"ငွေရောင်ဝံပုလွေမင်းသားကော"

ဟု မေးလိုက်သည်။ လုံဆင်ပိသည် မီးလောင်နေသော အိမ်ကြီးအား ညွှန်ပြရင်း ...

"ဒီအိမ်ထဲမှာ"

ဟု ပြောလိုက်လေသည်။ ပြီးမှ မြေပြင်ပေါ်၌ လဲလျောင်းနေသော ထန်ကြို့ချင်းအား ညွှန်ပြရင်း ...

"ဒါ ထန်ကြို့ချင်းပဲ"

ဟု ပြောလိုက်လေသည်။ ထန်ကြို့ ချင်း၏မျက်နှာပေါ်မှ ဖယောင်းများသည် မီးအပူဟပ်သဖြင့် တစ်ပိုင်းတစ်စ အရည်ပျော်နေပြီဖြစ်လေသည်။ လုံဆင်ပိသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"ထန်ကြို့ချင်းဟာ ဝိန်းမေလိုပဲ သူ့ရဲ့မှတ်ဉာဏ်တွေ ပျောက်နေတယ်"

ဟု လေးတွဲ့စွာ ပြောလိုက်လေသည်။ ထိုအချိန်၌ ထန်အဘိုးအိုနှင့်စစ်သည်များသည် မီးလောင်နေသော အိမ်ကြီးဆီသို့ ကတိုက်ကရိုက် ပြေးလွှားသွားကြလေတော့သည်။

✱

မီးသည် တဟုန်းဟုန်း တောက်လောင်နေဆဲဖြစ်သည်။

ခန်းပိုင်သည် ငွေရောင်ဝံပုလွေမင်းသား၏ အသည်းအသန် တိုက်ခိုက်မှုကို ပင်ပန်းကြီးစွာ ရှောင်တိမ်းနေရသည်။

မီးအပူရှိန်ကလည်း တစ်စထက်တစ်စ ပြင်းထန်လာသည်။

အခြေအနေမကောင်းတော့ကြောင်း သူ နားလည်လိုက်သည်။

သို့သော် ထိုအခြေအနေဆိုးမှ ရုန်းထွက်ရန် အခွင့်အလမ်း မမြင်ချေ။

ထိုစဉ် မီးလောင်ကျွမ်းမှုကြောင့် တုတ်တန်းတစ်ခု ဝုန်းခနဲ ပြုတ်ကျလာသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ယင်းတုတ်တန်းသည် ငွေရောင် ဝံပုလွေမင်းသား၏ကိုယ်ပေါ်သို့ တည့်မတ်စွာ ကျရောက်သွားသည်။

"အား"

ဟူသော အသံကြီးသည် မီးလောင်နေသာအိမ်ထဲမှ ထိတ်လန့်ကြောက်မက်ဖွယ် ထွက်ပေါ်လာလေတော့သည်။

ခန်းပိုင်သည်လည်း ရရှိထားသောဒဏ်ရာကြောင့် သတိလစ်မေ့မြောသွားသည်။

✵



မီးသည် ဆက်လက် လောင်ကျွမ်းလျက် ရှိနေ၏။

မီးလောင်နေသောအိမ်ကြီးဆီမှ လူတစ်ယောက် အပြေးအလွှား ထွက်လာသည်။

ထိုသူသည် ထန်အဘိုးအိုဖြစ်လေသည်။

သူသည် သတိလစ်နေသော ခန်းပိုင်အား မီးလောင်နေသာ အိမ်ထဲမှ အပြေးအလွှား ပွေ့ယူထွက်ခွာလာခဲ့ခြင်း ဖြစ်သည်။

အိမ်ပြင်ရောက်သည်နှင့် နေပြည်တော်မှ စစ်သည်များသည် ထန်အဘိုးအိုလက်ထဲမှ ခန်းပိုင်အား ပွေ့ယူလိုက်ကြသည်။

အိမ်ကြီးမှာမူ မီးတောက်မီးလျှံများ၏ဝါးမျိုမှုကြောင့် တအိအိ ပြိုပျက်လျက် ရှိနေတော့၏။

✵ ✵ ✵

## နိဂုံး

(၆) လ (၆) ရက် ...

ရာသီဥတုသည် သာယာလျက်ရှိသည်။

ဤနေ့ ဤရက်သည် ငွေရောင်ဝံပုလွေမင်းသား၏ (၆) ရက် (၆) လအသင်း စတင်တည်ထောင်မည့်နေ့ ဖြစ်သည်။

သို့သော် အသင်းခေါင်းဆောင်မရှိတော့ပြီဖြစ်သည်။

ထို့ပြင် ဌာနချုပ်သဖွယ် အခြေစိုက်ထားသော ကျန့်ဟွားချိုးနယ်၌လည်း ငွေရောင်ဝံပုလွေမင်းသား၏အဖွဲ့ အစည်းများ မရှိတော့ပြီ ဖြစ်သည်။

ကျန့်ဆန်းဝေ့အင်းတောင်မှ အိမ်အိုကြီးသို့ လုံဆင်ဖိသွားသောနေ့၌ပင် ထန်အဘိုးအိုနှင့် ကျွမ်းထိရိသည် နေပြည်တော်မှ အာဏာပိုင်များနှင့်အတူ ကျန့်ဟွားချိုးနယ်သို့ သွားခဲ့ကြသည်။

ထို့နောက် သူတို့သည် ကျန့်ဟွားချိုးနယ်မှ (၆) ရက် (၆)လ အသင်းသားများကို နှိမ်နင်းဖမ်းဆီးခဲ့လေသည်။

ယခုအခါ ...



ကျွမ်းထိရိသည် ကျန့်ဟွားချိုးနယ်ကို ဆက်လက် အုပ်ချုပ်ပြီး ကျန့်ဟွားချိုးနယ်သည်လည်း လှုိ့ဝှက်သောအရပ် မဟုတ်တော့ချေ။

တရားဥပဒေဘောင်အတွင်းမှ အေးချမ်းသာယာသော ရပ်ရွာ ဖြစ်လာခဲ့လေတော့သည်။

✵

ထန်ကြို့ချွမ်သည် အရက်ကို အားရပါးရ သောက်နေသည်။ ဖြစ်နိုင်မည်ဆိုလျှင် သူသည် အရက်အိုးထဲ၌ ဝင်၍ အိပ်ချင်သောဆန္ဒ ရှိနေလေသည်။

ထန်အဘိုးအိုသည် ခရီးထွက်ရန် သူ၏မြင်းကို ပြင်နေလေသည်။

သူသည် သူ့သမီး ထန်ကြို့ချင်းထံ သွားရန်အတွက် ဖြစ်သည်။ ထန်ကြို့ချင်းသည် ဆေးဆရာစီးကျိုထုံးထံ၌ ဆေးကုသမှုခံယူနေသည် မဟုတ်ပါလော။

သို့သော် ယခုအခါတွင် မှတ်ဉာဏ်အနည်းငယ် ပြန်လည်ကောင်းမွန်လာပြီဖြစ်သည်။

သို့သော် သူမသည် လုံဆင်ပိအား မှတ်မိခြင်း မရှိသေးချေ။

ဤသို့ဆိုလျှင် ...

သူမနှင့် လုံဆင်ပိ၏ဆက်ဆံရေးသည် နဂိုကဲ့သို့ ဖြစ်လာနိုင်စရာအကြောင်း ရှိပါဦးမည်လော။

စုမာရှဲ့သည် လုံဆင်ပိနှင့်ယှဉ်၍ ထိုင်နေရာမှ လုံဆင်ပိအား

"ငွေရောင်ဝံပုလွေမင်းသားဟာ လွတ်မသွားဘူးလို့ မင်းပြောနိုင်မလား"

ဟု ကောက်ကာငင်ကာ မေးလိုက်လေသည်။

လုံဆင်ပိသည် အဝေးသို့ ငေး၍ကြည့်နေရာမှ စုမာရှဲ့အား ပခုံးတွန့်ပြလိုက်ပြီး ထိုင်ရာမှထလိုက်သည်။

ထို့နောက် သူ၏မြင်းရှိရာသို့ သွား၍ မြင်းပေါ်တက်လိုက်လေသည်။

စုမာရှဲ့သည် လုံဆင်ပိ၏နောက်သို့ ပြေး၍လိုက်ရင်း ...

"ဟေ့ ... ကျုပ်မေးတာ ဖြေဦးလေ"

လုံဆင်ပိသည် ပြုံးလိုက်ပြီး ...

"မင်း မိုးမဆုံးမြေမဆုံး ခရီးသွားရတဲ့အရသာကို သိသလား"

ဟု မေးလိုက်လေသည်။

စုမာရှဲ့သည် ပခုံးကို တွန့်ပြရင်း ...



"လူပင်ပန်းတဲ့အရသာပဲ ရှိမှာပေါ့"

လုံဆင်ပိသည် ပြုံးလျက် ...

"စိတ်ပင်ပန်းတာထက်တော့ ပိုပြီး ပျော်စရာ ကောင်းမှာပဲ"

ဟု ရေရွတ်ကာ သူ၏မြင်းကို ထန်ဂေဟာမှ ထွက်ခွာစေလိုက်သည်။

မိုးမဆုံး မြေမဆုံးသွားရသော အရသာသည် မည်သို့ ရှိသနည်း။

ပျော်စရာကောင်းသလော ...

စိတ်ညစ်စရာကောင်းသလော ...လုံဆင်ပိမသိပါ။

သို့သော် သူသည် ဤထန်ဂေဟာမှ ဝေးရာသို့ သွားချင်သောဆန္ဒသာရှိနေသည် မဟုတ်ပါလော။

အထူးသဖြင့် ထန်ကြို့ချင်းအတွက် ပူပင်သောကများဖြင့် ပူလောင်နေခဲ့သော သူ၏ရင်ကိုအေးစေရန် မည်သူမျှ မတတ်နိုင်တော့ပြီ မဟုတ်ပါလော။

ထို့ကြောင့် သူသည် ထန်ကြို့ချင်းနှင့်ဝေးရာသို့ ပြေးချင်နေသည် မဟုတ်ပါလော။

✱

မြင်းခွာသံသည် တဖြည်းဖြည်း ဝေး၍ သွားပြီဖြစ်သည်။ စုမာရှဲ့သည် ထန်ဂေဟာ၏ တံခါးဝမှ အဝေးသို့ လှမ်းမျှော်ကြည့်နေသည်။

သူသည် အတန်ကြာ ကြည့်နေပြီးမှ သက်ပြင်းတစ်ချက်ကို ဖြည်းညင်းစွာ ချလိုက်လေတော့သည်။

**တက္ကသိုလ်နေလင်းအောင်**